The
# Commerce
Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 16 , 2015



## စီးပွားရေးလုပ်ငန်းတိုင်း ပြည်ပဈေးကွက်
# ဦးတည်ထုတ်လုပ်လာရေး
## (Internationalization of Firm)
၂၀

|ဒေါက်တာမောင်အောင်|

### AEC SHOWCASE GATEWAY TO AEC MARKET သို့
ခြေလှမ်းပြင်နေတဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ
(၅၅) ကြိမ်မြောက် ကျောက်မျက်နှင့် လက်ဝတ်ရတနာပြပွဲသို့
လေ့လာရေးတစ်ခေါက်



၁၄

### EXPO MILANO 2015 ပြပွဲ၏ Rice Cluster ပြပွဲတွင်
ပါဝင်ပြသလိုပါက ဆက်သွယ်ဆောင်ရွက်နိုင် ၁၅

အသုံးပြုပြီးစက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ
### စမ်းသပ် တင်သွင်းခွင့်ပြုပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အန္တရာယ်ရှိ
### ခွင့်မပြုစားသောက်ကုန်များ စစ်ဆေးတွေ့ရှိ
၂၄

# NIPPON AUTO SERVICES CO.,LTD.

နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုထားသော မော်တော်ကားများနှင့် အစားထိုးယာဉ်များအတွက်
မော်တော်ကားများ တင်သွင်းခြင်း ၊ ကားပါမစ်လျှောက်ပေးခြင်း ၊ ဘဏ်ငွေလွှဲပေးခြင်းများကို
နှစ် ( ၂၀ )ကျော် အတွေ့အကြုံရှိပြီး နိုင်ငံခြားရှိ ကားလေလံမှ ကားများကို ဈေးနှုန်းချိုသာစွာဖြင့်
ရောင်းချပေးခြင်း၊ သင်္ဘောတင် အ⍰ကိစ္စများ မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း ၊
ဆိပ်ကမ်းမှ အမြန်ဆုံး ထုတ်ယူပေးနိုင်ခြင်းများကို မှန်ကန်လျင်မြန်စွာ
Customer များ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

**ယာဉ်ပိုင်ရှင်ဖြစ်ရန် စိတ်တိုင်းကျသော ကား၏ ယာဉ်တန်ဖိုး ( 30% )လက်ငင်း ပေးချေပြီး ချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ပါတယ်ခင်ဗျာ**




**ကားတန်ဖိုး ကျပ် ( ၇၅ )သိန်းဖြင့် Brand New MPV မော်တော်ယာဉ်ပိုင်ရှင်များဖြစ်နိုင်ပါသည်။**




**HEAD OFFICE** ➢ No.(18/A1), Tharyarwaddy Street, Saya San Ward, Bahan Township, Yangon, Myanmar.
Ph: 01-542111 , 01-400805 , 01-700916 , 09-73005821 , 09-5503067 Fax : 01-400805
nipponauto2012@gmail.com , linoffice09@gmail.com

**SHOW ROOM** ➢ No.(47/48B), Corner Baho Street & Hantharwaddy Street, Sanchaung Township, Yangon, Myanmar.
Ph: 01-501444 , 01-504333 , 01-504666 , 01-503550

**FACTORY** ➢ No.(143), Sayarsan Street, Industry Zone (2), Hlaing Thar Yar Township, Yangon, Myanmar.
01-684692

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းစဉ် (၁/၂၀၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မတ်လ၉ ရက် နံနက်၁၀ နာရီတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကိုယ်စား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ဒီသင်တန်းကို ဖွင့်လှစ်ပေးရတာကတော့ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ လမ်းညွှန်ခဲ့သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဒီသင်တန်းမှာ သင်ကြားပေးမယ့် ဘာသာရပ်များကတော့ နိုင်ငံတော်အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများအပြင် ဖွဲ့စည်းပုံအသစ်အရ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ ဖွဲ့စည်းပုံနှင့်အညီ မိမိဝန်ကြီးဌာနရဲ့ဌာနခွဲအသီးသီးအနေနဲ့ ဘယ်လိုလုပ်ငန်းကိစ္စရပ်တွေ ကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်နေတယ်ဆိုတာ သိရှိအောင် ဘာသာရပ် ပေါင်းစုံကို သင်ကြားလေ့ကျင့်ပို့ချသွားမှာပဲ ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ဌာနတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ ဌာနတွင်းသင်တန်းများအား စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချ သင်ကြားပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းအပြင် အပတ်စဉ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲ၊ Workshop၊ သင်တန်းများသို့ ဝန်ထမ်းများအား စေလွှတ်တက်ရောက်စေခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ (WTO/UNESCAP/JICA) နှင့်ဆက်သွယ်၍ ဆွေးနွေးပွဲများ၊ ရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများဆိုင်ရာ အသိဉာဏ်ပညာမြင့်မားစေရေး၊ ကုန်သွယ်မှုနှင့် ဆိုင်သောလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး ပုဂ္ဂလိက ပို့ကုန်/သွင်းကုန် စီးပွားရေးလုပ်ငန်းရှင်များအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအဆင့်မြင့်သင်တန်းတို့ကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရသစ်လက်ထက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရဲ့စီးပွားရေးဆိုင်ရာ မူဝါဒ(၄)ရပ်ဖြစ်တဲ့ (၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ (၃) ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး၊ (၄) စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေးတို့နဲ့ပတ်သက်ပြီး ဝန်ထမ်းများအနေနဲ့ သိရှိထားဖို့ လိုအပ်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေနဲ့ မျှော်မှန်းချက် (Vision)ကို "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်" ဟု ချမှတ်ထားရှိတယ်ဆိုတာ ဝန်ထမ်းများသိရှိစေရန်အတွက် ပြောကြားလိုပါကြောင်း၊ မိမိဝန်ကြီးဌာနအနေ နဲ့ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ များအပေါ် အခြေခံပြီး လုပ်ငန်းစဉ်(၁၁) ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေနဲ့ မိမိဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအသစ်နဲ့အညီ ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ဌာနများအနေနဲ့ ဘယ်လိုလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတယ်ဆိုတာကို သိရှိရန်အတွက် ဒီသင်တန်းမှာ သင်ကြားပေးသွားမှာ ဖြစ်ပါကြောင်း၊ ဒါကြောင့် သင်တန်းသားများအနေနဲ့ သင်တန်းမှာ သင်ကြားပေးလိုက်တဲ့ဘာသာရပ်များကို စိတ်ပါဝင်စားစွာနဲ့ သင်ကြားလေ့လာကြမယ်ဆိုရင် မိမိဝန်ကြီးဌာနအနေနဲ့ ဘာတွေကိုအောင်မြင်အောင် ဆောင်ရွက်နေသလဲဆိုတာ သိရှိသွား ပြီး အဲဒီလုပ်ငန်းတွေမှာ စိတ်ပါဝင်စား စွာနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြပါ၊ တခြားနေရာဒေသတွေကို သွားရတဲ့အခါတွေမှာလည်း ငါတို့ဝန်ကြီး ဌာနရဲ့အကြောင်းကို သေချာဆွေးနွေးနိုင်တဲ့ ဝန်ထမ်းတွေဖြစ်ရမယ်ဆိုတဲ့စိတ် နဲ့ ကြိုးစားသင်ယူသွားကြပါ၊ နိုင်ငံတော်အစိုးရရဲ့ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များမှာ စွမ်းဆောင်ရည် မြင့်မားစွာနဲ့ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့ ဝန်ထမ်းတွေဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ပြောကြားခဲ့ကြောင်းနဲ့ သင်တန်းကာလကို မတ် ၉ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တလေးပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**HR Mg**


## မြန်မာလယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ - ၂၀၁၅ (MYANMAR AGRO-TECH EXPO 2015)ပြပွဲ ပြသမည်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှကြီးမှူး၍ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏အသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် မြန်မာလယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာ-၂၀၁၅ (MYANMAR AGRO-TECH EXPO 2015) ပြပွဲကို မတ်လ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမတွင် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ယင်းပြပွဲနှင့်အတူ လယ်တောသူအလှမယ်ပြိုင်ပွဲ-၂၀၁၅ ကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာလယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာ-၂၀၁၅(MYANMAR AGRO-TECH EXPO 2015) ပြပွဲသည် တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့်ကျင်းပသော နိုင်ငံတကာအဆင့်မြင့်ပြပွဲကြီးဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကမ္ဘာ့အဆင့်မီနည်းပညာများကို ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။ ပြပွဲနှင့်အတူ လက်ဆောင်နမူနာများ၊ ဆုမဲများ၊ တေးဂီတဖျော်ဖြေဧည့်ခံပွဲ၊ ဟာသပြောပွဲ၊ မျက်လှည့်ပြပွဲ၊ Dancer၊ အငြိမ့်ဖျော်ဖြေပွဲနှင့်ပြိုင်ပွဲများလည်း ထည့်သွင်းပါဝင်မည်ဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကုန်စည်ပြပွဲဌာနစိတ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။ ဥမ္မာကြူ (IT)



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြ-၃၇၁၉)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.11 Monday March 16 2015

# တရုတ်- မူဆယ်လိုင်းက ပြန်ဆွဲနေခြင်းနှင့် သကြံန်နီးလာခြင်းများကြောင့် ဆန်ဈေးမကျနိုင်သော်လည်း ဈေးငြိမ်နိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၃၂၅၀၀ ကျပ်၊ ထိပ်စ ၃၃၀၀၀ ကျပ်၊ မြောင်းမြ ပုသိမ်ပေါ်ဆန်း လတ်စ ၃၄၀၀၀ ကျပ်၊ ထိပ်စ ၃၅၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ ၃၁၀၀၀ ကျပ်၊ ထိပ်စ ၃၃၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာ တွေ့ရပါတယ်။ ထို့အတူ ရွှေဘိုပေါ်ဆန်းဈေးမှာလည်း တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးတက်လာကာ တစ်အိတ်ကို ၃၆၅၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်ထိ ဈေးနှုန်းဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ ယခင်နှစ်က စစ်ကိုင်းတိုင်းရွှေဘိုဘက်မှာ ရွှေဘိုပေါ်ဆန်းစပါးတွေ ဆစ်ပိုးကျရောက်ပြီး အထွက်လျော့ကျသည်ဆိုကာ ရွှေဘိုပေါ်ဆန်းဆန်တွေ ဈေးတက်ခဲ့ရာမှ ဧရာဝတီပေါ်ဆန်း များလည်း လိုက်ပါဈေးတက်ခဲ့သဖြင့် အချောဆန်စိုက်သူ၊ ကြိတ်သူ၊ လှောင်သူများတွက်ခြေကိုက်ခဲ့ကြသဖြင့် ယခုနှစ်မှာလည်း အချောစပါးကို စက်ပိုင်အပြင် လှောင်လက်သမားတွေကပါ လှောင်ထားပြီး ရန်ကုန်သို့ ထိန်းပို့နေကြသဖြင့် ဆန်ချောအဝင်ပါးကာ အဝယ်သွက်နေလို့ ဈေးဆက်တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ်ကို ၁၇၅၀၀ ကျပ်၊ ထိပ်စ ၁၇၈၀၀ ကျပ်၊ မိုးသုခ ၁၈၀၀၀ ကျပ်၊ နှံ့ကားမြီးကောက် ၁၉၀၀၀ ကျပ်မှ ၁၉၂၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးတက်လာတာတွေ့ရပြီး ဆန်ကြမ်းထိပ်စ၊ ရှယ်စတွေကို တရုတ်လိုင်းက ပြန်ဆွဲနေလို့ ဈေးအနည်းငယ်ဆက်တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဝါးတန်းဒိုင် ဆန်အဝင်နဲ့ အရောင်းအဝယ်အခြေအနေမှာ ပုံမှန်လေးပဲ အရောင်းအဝယ်ဖြစ်နေပြီး ဝင်သမျှ ဆန်အရောင်းအဝယ်အကုန်ပြတ်တယ်လို့ ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၃၀၀ ကျပ်-၁၄၅၀၀ ကျပ်ခန့် ရှိသော်လည်း အရောင်းအဝယ်ပါးနေကြောင်း၊ EMATA MYANMAR 25% FOB (Yangon) ဈေး 310-320 USD/MT ခန့်ရှိသော်လည်း 308-310 USD /MT ခန့်ဖြင့် အရောင်းအဝယ်အချို့ ရှိခဲ့ပြီး ယခုအဝယ်ပြန်ရပ်နေကြောင်း၊ ရန်ကုန် FOB ပြန်ငြိမ်နေပြီး တရုတ်-မူဆယ်လိုင်းသို့ နွေသီးထပ်ရှယ်စတွေ ဝယ်ပြီးပို့နေကြတယ်လို့ သိရပါတယ်။

မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှာ နှစ်ဖက်ကုန်သည်များဖြင့် ပြန်စည်ကားနေပြီး အရောင်းအဝယ်လည်း ပြန်ကောင်းလာကြောင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီတစ်အိတ်ကို ၁၄၇-၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် ၁၃၅-၁၃၇ ယွမ်၊ ဧည့်မထ ၁၅ မှတ် ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၃-၁၂၄ ယွမ်၊ ငစိန် ၁၀ မှတ် ၁၂၇-၁၃၀ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၄-၁၂၇ ယွမ်၊ ကောက်ညှင်း ၁၀ မှတ် ၁၅၇-၁၆၀ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး၊ မတ်လ ၁၃ ရက်နေ့ မူဆယ်ရှိငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၉ ဒသမ ၇၈ ကျပ်ဖြစ်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၅ ဒသမ ၃၁ ကျပ်ဈေးပြန်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန် ၁၇၆၉၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် ဆန်တန် ၅၂၀၀ ကျော်ပိုမိုဝင်ရောက်ခဲ့တယ်လို့ သိရှိရပါတယ်။

ဆန်စပါးဈေးကွက် ရှေ့အလားအလာအနေဖြင့် မူဆယ်- တရုတ်လိုင်းက ပြန်ဆွဲနေခြင်းနှင့် သကြံန်နီးလာခြင်းများကြောင့် ဆန်ဈေးမကျနိုင်ဘဲ တစ်ခါတစ်ရံဈေးငြိမ်တာမျိုး တော့ရှိနိုင်တယ်လို့ ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

**သန်းအေး-ဆန်စပါး**



## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၃-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၈ | ၄၂၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၉ | ၄၃၅ | ▽ | ၃၇၀ | ၃၆၅ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၄၅ | ၃၅၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၉ | ၃၉၅ | ▽ | ၃၄၅ | ၃၄၀ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၀၅ | ၃၁၅ | △ |
| ပေါင်းဆန် | ၄၀၀ | ၄၀၀ | □ | - | - | - | ၃၈၅ | ၃၈၀ | ▽ | ၃၉၀ | ၃၉၅ | △ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၃-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၉၅ | ၅၉၄ | ▽ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၃-၃-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | ▽ | ၃၁၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | □ | ၃၀၀၀၀ | □ |
| ပဲခူး | ၃၇၅၀ | △ | ၁၆၀၀၀ | △ | ၅၇၀၀ | □ | ၂၆၀၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၁၆၅၀၀ | □ | ၉၀၅၀ | △ | ၃၀၅၀၀ | △ |
| စစ်တွေ | ၃၈၀၀ | □ | ၁၅၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | △ | ၁၇၅၀၀ | △ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၆၅၀ | △ | ၁၇၅၀၀ | △ | - | - | ၃၁၀၀၀ | △ |
| မန္တလေး | ၅၀၀၀ | △ | ၁၉၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၅၀၀ | △ | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မော်လမြိုင် | ၃၇၀၀ | □ | ၁၆၀၀၀ | △ | ၆၅၀၀ | □ | ၂၃၀၀၀ | △ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၆၀၀၀ | △ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပင်လယ်ရေကြောင်းမှ ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် နှစ်သောင်းရှစ်ထောင်ကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုနည်းလမ်းဖြင့် ပြည်ပနိုင်ငံများသို့ ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ ၁၁ ဒသမ ၀၁၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၈၀၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ဆန်အမျိုးအစားတွေကတော့ ငစိန်ဆန် ၅ မှတ်၊ ၁၀ မှတ်၊ ၂၅ မှတ်၊ ဧည့်မထဆန် ၅ မှတ်၊ ၁၀ မှတ်၊ ၁၅ မှတ်၊ ၂၅ မှတ်၊ ဇီယာဆန် ၂၅ မှတ်၊ပေါ်ဆန်းဆန် ၁၅မှတ်၊ ရတနာတိုးနဲ့ ပေါင်းဆန်တို့ဖြစ်ကြပါတယ်။

ငစိန်ဆန်တင်ပို့မှုမှာ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၉၃၆ သန်းဖိုး တန်ချိန် ၅၇၆၁ တန်ကျော်ဖြစ်ပြီး နိုင်ငံအလိုက်တင်ပို့မှုများမှာ စပိန်နိုင်ငံသို့ တန် ၂၈၀၀၊ ရုရှားနိုင်ငံသို့ တန် ၁၀၀၀၊ စင်ကာပူနိုင်ငံသို့ တန် ၁၀၀၊ ဘူဂေးရီးယားနိုင်ငံသို့ တန် ၁၀၀၀၊ ရိုမေးနီးယားသို့ ၂၅ တန်၊ စလိုဗက်ကီးယားသို့ ၉၈ တန်ကျော်နဲ့ တရုတ်(တိုင်ပေ)သို့ ၇၃၈ တန်တင် ပို့ခဲ့ပါတယ်။

ဧည့်မထဆန် တင်ပို့မှုမှာ တန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၂၄၃ သန်းဖိုး၊ တန်ချိန် ၁၄၂၇၁ တန်ဖြစ်ပြီး နိုင်ငံအလိုက်တင်ပို့မှုများမှာ စင်ကာပူနိုင်ငံသို့ တန် ၃၀၀၊ ပိုလန်နိုင်ငံသို့ ၃၅၉၆ တန်၊ ဂျာမနီသို့ ၈၂၅ တန်၊ ပေါ်တူဂီသို့ တန် ၅၀၀၊ အာဖရိကသို့ တန် ၁၀၀၊ ဘယ်လ်ဂျီယံသို့ တန် ၃၀၀၀၊ အင်ဒိုနီးရှားသို့ တန် ၃၀၀၀၊ ဟောင်ကောင်သို့ တန် ၂၅၀၊ ဘူဂေးရီးယားသို့ တန် ၂၅၀၀ နဲ့ ချက်ပြည်သူ့သမ္မတနိုင်ငံသို့ တန် ၂၀၀ ဖြစ်ပါတယ်။

ငစိန်ဆန်နဲ့ ဧည့်မထဆန်အပြင် ပေါ်ဆန်မွှေး ၁၅ မှတ်ဆန်ကို စင်ကာပူနိုင်ငံသို့ ၂၄ တန်၊ ဇီယာ ၂၅ မှတ်ကို စင်ကာပူနိုင်ငံသို့ တန် ၅၆၀၊ ရတနာတိုး ၅ မှတ်ဆန်ကို ပိုလန်သို့ တန် ၂၄၀ အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။

ဆန်ဖြူသာမက ပေါင်းဆန် တင်ပို့မှုမှာလည်း ကန်ဒေါ်လာ ၃ ဒသမ ၁၄၈ သန်းဖိုးရှိပြီး တန်ချိန်အားဖြင့် ၇၂၄၀ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ပေါင်းဆန်ကို ဥရောပသမဂ္ဂနိုင်ငံများသို့သာ တင်ပို့ခြင်းဖြစ်ပါတယ်။

ဖေဖော်ဝါရီလဆန် တင်ပို့မှုမှာ အနီးစပ်ဆုံး ဇန်နဝါရီလနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၇၁၀၀၀ ကျော်လျော့နည်းခဲ့တယ်လို့ မှတ်တမ်းများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT( DCCA)**

# မတ်လပထမပတ်မှာ နယ်စပ်စခန်းများမှ ဆန်တန်ချိန် ၄၆၀ ကျော်ပိုမိုတင်ပို့

မတ်လ ပထမပတ်အတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၄၃၁သန်းဖိုးရှိတဲ့ ဆန်တန်ချိန် ၁၄၈၄၂ တန်ကျော်ကို တစ်ဖက် တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်ထက် ၄၆၂တန် ပိုမိုတင်ပို့ထားနိုင်ပြီးမူဆယ်မှငစိန်ဆန် ၇၉၅၈တန်ခန့်၊ ဧည့်မထဆန် ၃၈၈၄ တန်ကျော်နဲ့လွယ်ဂျယ်မှ တန် ၃၀၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။

ဆန်တင်ပို့မှုပိုမိုသလို ဆန်ကွဲတင်ပို့မှုလည်းပိုမိုပါတယ်။ ယခုရက်သတ္တပတ်မှာ မူဆယ်မှ ကန်ဒေါ်လာ ၁ ဒသမ ၉၀၁ သန်းဖိုးရှိ ဆန်ကွဲ ၅၈၅၀ တန်တင်ပို့နိုင်ခဲ့ပြီး ယခင်ရက်တ္တပတ်ထက် တန်၆၇၀ ပိုမိုတင်ပို့ နိုင်ခဲ့တယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေးMIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၃-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၁၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၆၁ | ၁၅၅၈ | ▲ | ၁၃၅၈ | ၁၄၆၇ | ▲ | ၁၄၀၀ | ၁၄၆၅ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၄၉၃ | ၁၅၂၉ | ▲ | ၁၄၃၃ | ၁၄၆၇ | ▲ | ၁၄၄၀ | ၁၄၆၅ | ▲ | ၁၄၄၀ | ၁၄၃၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၀၀ | ၁၇၃၀ | ▲ | - | ၁၆၀၀ | - | - | - | - | ၁၆၈၄ | ၁၆၆၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၁၀၀ | ၁၁၀၀ | ■ | - | - | - | - | - | - | ၈၆၀ | ၉၁၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၂၁၅ | ▲ | ၉၆၇ | ၉၆၇ | ■ | - | - | - | ၇၆၃ | ၇၄၀ | ▼ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၁၁၅၆ | ၁၂၀၉ | ▲ | ၈၄၂ | ၈၆၈ | ▲ | ၈၄၂ | ၈၆၈ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နှင့် အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၃-၃-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၅/၃ | ၁၂/၃ | ပြောင်းလဲမှု | ၅/၃ | ၁၂/၃ | ပြောင်းလဲမှု | ၅/၃ | ၁၂/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၅၀ | ၉၀၀ | ▲ | ၉၅၇ | ၉၇၁ | ▲ | ၉၇၀ | ၉၉၁ | ▲ |
| ၂ | ပဲစင်းငုံ | ၈၈၀ | ၈၉၀ | ▲ | ၈၈၈ | ၉၀၃ | ▲ | ၉၃၆ | ၉၂၇ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၅၀ | ၁၁၇၅ | ▲ | ၁၂၇၇ | ၁၂၈၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၀၇ | ၅၉၁ | ▼ | ၅၆၆ | ၅၅၁ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၈.၂.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၇.၃.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၇.၃.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၈၉၈၁ | ၁၀၆၈၄ | ၄၇၂၁၈၂ |
| ပဲတီစိမ်း | ၁၁၆၃၀ | ၉၂၁၉ | ၁၅၃၂၇၉ |
| ပဲစင်းငုံ | ၁၂၉၁၅ | ၁၄၄၈၄ | ၂၁၀၂၄၉ |
| ကုလားပဲ | ၉၇ | ၂၅ | ၁၁၂၅၂ |
| ပဲလွန်းဖြူ | ၁၁၄၅ | ၉၄၁ | ၃၄၂၂၃ |
| မြေထောက်ပဲ | ၃၆၁ | ၁၄၄ | ၈၇၃၈ |

## ပြည်ထောပတ်ပဲသီးနှံ ဈေးအေးအေးနဲ့သာ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်မှာ ပြည်ဈေးကွက်သို့ ထောပတ်ပဲသစ်များ ရွှေတောင်မြို့နယ်အတွင်းမှ ပြန်လည်ဝင်ရောက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်လဆန်းပိုင်းမှာ ပဲဝင်ရောက်မှုပါးသွားခဲ့လို့ လက်ကျန်လောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာတော့ လက်လီသမားရော၊ လှော်လက်ပါ ဝယ်ယူနေတာကြောင့် ပဲဈေးတစ်တင်း ၁၆၅၀၀ ကျပ်ဖြင့် တစ်ရက်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ထောပတ်ပဲဈေးမှာ ယခုချိန်ထိ ယခင်နှစ်ဈေးကိုမမီခဲ့ဘဲ ဈေးအေးအေးနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ကာလတူအချိန် ထောပတ်ပဲဈေးမှာ တစ်တင်း ၂၁၀၀၀ ကျပ်ထိ ရရှိခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# နယ်စပ်စခန်းများမှ ပဲမျိုးစုံတင်ပို့

၂၀၁၅ ခုနှစ်မတ်လ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ ၁၂ ဒသမ ၄၈၈ သန်းတန်ဖိုးရှိ ပဲတီစိမ်း(လုံးပြည့်)၊ ပဲတီစိမ်း(လုံးခြမ်း)၊ ပဲလွန်းဖြူ ပဲယင်း၊ ပဲပုပ်စေ့၊ မြေပဲဆန်၊ ပဲကြီး၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲနီကြားစွန်တာပြာနဲ့ နိုင်လွန်ပဲ ၁၃၀၈၇ တန်ကျော်တို့ကို တင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ သုည ဒသမ ၂၆၆ သန်း တန်ဖိုးရှိတဲ့မြေပဲဆန် ၂၅၂ တန်ခွဲနဲ့ မတ်ပဲ ၄ တန်ခွဲကို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်းဈေးမှာ သိသိသာသာမြင့်တက်ခဲ့ပြီး ကျန်ပဲတွေကတော့ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ယခုနှစ် ရာသီဥတုဖောက်ပြန်ပြီး မိုးမမှန်လို့ ပဲမျိုးစုံအထွက်နှုန်းကျဆင်းခဲ့ပေမယ့် ပဲတီစိမ်းနဲ့ မတ်ပဲဈေးက မနှစ်ကထက်စာလျှင် ဒီနှစ်ဈေးကောင်းရပြီးတောင်သူတွေ အရှုံးမရှိဘူးလို့ ဖြူးမြို့နယ်မှ ပဲစိုက်သူတစ်ဦးထံမှ သိရပါတယ်။ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ် ပဲဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဖက်နိုင်ငံဈေး နှိုင်းယှဉ် ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး ယခုတစ်ပတ် (တန်/ကျပ်) | မိမိဘက်ပေါက်ဈေး ယခင်တစ်ပတ် (တန်/ကျပ်) | တစ်ဖက်နိုင်ငံဈေး ယခုတစ်ပတ် (တန်/ဒေါ်လာ) | တစ်ဖက်နိုင်ငံဈေး ယခင်တစ်ပတ် (တန်/ဒေါ်လာ) |
|---|---|---|---|---|
| ပဲတီစိမ်း | ၁၃၀၁၈၁၂ | ၁၂၇၇၂၈၀ | ၁၂၄၈ | ၁၂၄၁ |
| ပဲယင်း | ၆၁၄၇၄၅ | ၆၆၈၅၇၄ | ၅၈၉ | ၆၄၆ |
| ပဲပုပ်စေ့ | ၆၀၆၅၀၇ | ၆၁၀၅၃၁ | ၅၈၂ | ၅၉၀ |
| ပဲလွန်းဖြူ | ၆၆၄၁၆၈ | ၆၆၈၅၇၄ | ၆၃၇ | ၆၄၆ |
| မြေထောက်ပဲ | ၇၄၆၅၄၀ | ၇၅၁၄၉၃ | ၇၁၆ | ၇၂၆ |
| ပဲကြီး | ၆၆၄၁၆၈ | ၇၅၁၄၉၃ | ၆၃၇ | ၇၂၆ |
| ထောပတ်ပဲ | ၇၅၄၇၇၈ | ၇၅၉၇၈၄ | ၇၂၄ | ၇၃၄ |
| ပဲနီကြား | ၅၅၈၇၃၁ | ၅၅၇၃၅၄ | ၅၃၆ | ၅၃၄ |
| မြေပဲ | ၁၂၉၀၁၉၈ | ၁၂၈၇၀၁၇ | ၁၂၃၇ | ၁၂၃၄ |

မော်မော်အောင် MIRT (DCCA)

# မတ်လ ဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေးမြင့်တက်

မတ်လ ဒုတိယပတ်မှာ ပြည်ပဲဈေးကွက် ပဲဈေးနှုန်းများကို လေ့လာရာ၌ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံအားလုံး ယခင်နှစ်ဈေးထက် ဈေးပိုရလာသလို ထောပတ်ပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲနီပြား၊ ပဲကြီးသီးနှံများကတော့ ယခင်နှစ်ဈေးထက် ဈေးလျော့နည်းသွားခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ ပြည်ဈေးကွက်သို့ ဝင်ရောက်ပြီး ပေါင်းတည်၊ နတ်တလင်းမြို့နယ်ဘက်မှ ပဲများကတော့ ရန်ကုန်သို့ တင်ပို့ရောင်းချနေကြတယ်လို့ သိရပါတယ်။ မတ်လ ဒုတိယပတ်မှာ ပဲအဝင်များလာလို့ တစ်ရက်အိတ် ၆၀၀ ကျော် ၇၀၀ ကျော်ဝင်ရောက်ပြီး ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူခဲ့လို့ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်သလို တစ်ခါတစ်ရံမှာ လှော်သမားလည်း ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၂၉၇၀၀ ကျပ်ဖြင့် ဈေးမြင့်တက်လာပြီး ယခင်နှစ်ပဲဈေးထက် တစ်တင်း ကျပ်တစ်သောင်းကျော်ခန့် ဈေးပိုရနေတဲ့အတွက် ယခုနှစ်မှာ ပဲစိုက်တောင်သူများ အကျိုးအမြတ်ထိုက်သင့်သလောက်တော့ ရရှိမှာဖြစ်တယ်လို့ ခန့်မှန်းနေကြပါတယ်။

ပဲတီစိမ်းမှာ ယခုတစ်ပတ် ပဲအဝင်ပါးလို့ အရောင်းအဝယ်လည်း အေးခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၂၅၀၀ ကျပ်ဖြင့် ယခင်နှစ်က ဈေးထက်လည်း ဈေးပိုရနေခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာ မတ်ပဲသီးနှံကဲ့သို့ တစ်နှစ်ပတ်လုံးဈေးကွက်မှာ အရောင်းအဝယ်မဖြစ်ဘဲ ပဲပေါ်ရာသီတွင်သာ မန္တလေးဝယ်လက်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ ဖေဖော်ဝါရီလတွင် အရောင်းအဝယ်သွက်ခဲ့သော်လည်း မတ်လမှာတော့ ပဲအဝင် တဖြည်းဖြည်းနည်းလာလို့ တစ်ရက်အိတ် ၁၅၀ ခန့်သာ ပေါက်ခေါင်းနှင့် မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်ခဲ့ကြပါတယ်။ ရန်ကုန်ဝယ်လက်နေ့စဉ် ဝယ်ယူနေတဲ့အတွက် အဝင်ရှိတဲ့ ပဲအားလုံးအရောင်းအဝယ်ဖြစ်သလို လက်လီသမားအနည်းငယ်လည်း ဝယ်ယူမှုရှိခဲ့ကြပါတယ်။

ကုလားပဲမှာ ဒီတစ်ပတ် တစ်ရက်အိတ် ၈၀၀ ကျော် ၉၀၀ အထိ ပန်းတောင်းမြို့နယ်အပြင် သာယာဝတီ ခရိုင်တွင်းရှိမြို့နယ်များဖြစ်သော မင်းလှ၊ အုတ်ဖို၊ လက်ပံတန်းမြို့နယ်များမှလည်း ပြည်ဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်မှလည်း ဝင်ရောက်ခဲ့သလို ဝယ်ယူမှုအနေဖြင့် လှော်သမားအပြင် ခွဲစက်သမားများလည်း အဝယ်လိုက်လျက်ရှိတာကြောင့် ပဲတစ်တင်း ၁၈၇၀၀ ကျပ်ထိ ဈေးမြင့်ရခဲ့ပါတယ်။ ယခင်နှစ်ပဲဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်သာရရှိလို့ ယခုနှစ် ပဲဈေးအလားအလာကောင်းခဲ့တယ်လို့ သိရပါတယ်။

ဘိုကိတ်နှင့် ပဲလွန်းဖြူ သီးနှံမှာ ပဲအဝင်ပါးလာလို့ တစ်ရက်အိတ် ၅၀ နှင့် ၁၀၀ ကြားသာ ဝင်ရောက်ခဲ့ပါတယ်။ ဘိုကိတ်ပဲဈေးမှာ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် လှော်လက်သမားနှင့် လက်လီသမားများဝယ်ယူလျက်ရှိသလို ပဲလွန်းဖြူသီးနှံမှာ ဘိုကိတ်သီးနှံလောက်အရောင်းအဝယ်မဖြစ်ပေမယ့် ဈေးကတော့ တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ရရှိခဲ့ပြီး လက်လီသမားသာ အဝယ်ရှိခဲ့ပါတယ်။ ပဲနီပြားသီးနှံကတော့ အိတ် ၂၅၀ ကျော်ထိ တရုတ်မှော်၊ ညောင်စာရေး၊ ရွှေတောင်၊ ကျီးသဲမှ အများဆုံးဝင်ရောက်ခဲ့ကာ တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့် လက်လီသမားရော လှော်လက်များပါ အဝယ်လိုက်နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**



# ယခင်လစျေးအောက် အနည်းငယ်ရောက်နေပေမယ့် မန်းကုန်စည်ရဲ့ ပဲ၊ ပြောင်း၊ နှမ်းများ ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ ပွဲစားများ၊ စက်ပိုင်များ၊ ကုန်သည်များနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ နေ့စဉ်(ဥပုသ်နေ့မှအပ) သီးနှံအမယ် ၁၀၀ ကျော်အား အသင်းဝင်အသင်းသားကိုယ်စားလှယ် ၂၀၀၀ ကျော် လာရောက်အရောင်းအဝယ်ပြုလုပ်ကြောင်းသိရပါတယ်။ စျေးနှုန်းအတက်အကျ၊ အမြင့်အနိမ့်ပေါ်မူတည်ပြီး အရောင်းအဝယ်သွက်လက်မှုရှိသလို အရောင်းအဝယ် အေးမှုများ ရှိပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ပထမတစ်ပတ်စျေးနှုန်းနဲ့ ဒုတိယအပတ်စျေးနှုန်းများအား နှိုင်းယှဉ်ပါက -

| စဉ် | သီးနှံအမည် | (၁. ၃. ၁၅ မှ ၇. ၃. ၁၅) နိမ့် | (၁. ၃. ၁၅ မှ ၇. ၃. ၁၅) မြင့် | (၈. ၃. ၁၅ မှ ၁၄. ၃. ၁၅) နိမ့် | (၈. ၃. ၁၅ မှ ၁၄. ၃. ၁၅) မြင့် |
|---|---|---|---|---|---|
| ၁။ | ပဲတီစိမ်းကြီး | ၁၅၄၆ | ၁၈၆၇ | ၁၅၆၄ | ၁၆၅၃ |
| ၂။ | ပဲတီစိမ်းရွှေဝါ | - | ၂၀၀၉ | ၂၀၈၀ | ၂၀၉၈ |
| ၃။ | ပဲလွန်းဖြူ | ၉၆၇ | ၁၀၆၇ | ၉၆၇ | ၁၀၆၇ |
| ၄။ | ပဲယင်း | ၇၅၀ | ၇၈၃ | ၈၅၀ | ၈၈၃ |
| ၅။ | မြေထောက်ပဲ | ၁၀၁၉ | ၁၀၅၆ | ၁၀၁၉ | ၁၀၉၃ |
| ၆။ | နိုင်လွန်ပဲ | ၈၇၈ | ၉၁၁ | ၈၄၄ | ၈၆၁ |
| ၇။ | ပဲနီပြား | ၉၇၇ | ၁၁၄၀ | ၉၅၉ | ၁၀၈၆ |
| ၈။ | ထောပတ်ပဲ | ၁၁၅၆ | ၁၂၄၄ | ၁၁၉၁ | ၁၂၀၉ |
| ၉။ | ပြောင်းဖူးစေ့(ရှမ်း) - | | ၃၅၂ | ၃၆၇ | ၃၇၀ |
| ၁၀။ | ပြောင်းဖူးစေ့(ဗမာ) - | | ၃၃၃ | ၃၃၃ | ၃၅၂ |
| ၁၁။ | ပြောင်းဖူးစေ့ (CP) - | ၃၅၂ | ၃၆၇ | ၃၇၀ | |
| ၁၂။ | ဆန်ပြောင်း | ၄၀၅ | ၄၁၄ | - | ၄၂၂ |
| ၁၃။ | နှမ်းဖြူ | ၂၁၃၃ | ၂၄၂၂ | ၂၁၁၁ | ၂၂၆၇ |
| ၁၄။ | နှမ်းညို | ၁၉၅၆ | ၂၀၀၀ | - | ၂၀၀၀ |
| ၁၅။ | နှမ်းနက် | ၂၀၀၀ | ၂၀၂၂ | ၁၉၅၆ | ၃၃၃၃ |
| ၁၆။ | နှမ်းနက် (စမုံ) | ၄၄၄၄ | ၄၄၆၇ | ၄၃၃၃ | ၄၄၄၄ |
| ၁၇။ | မြေပဲဆန် | ၂၁၀၀ | ၂၃၅၀ | ၂၂၀၀ | ၂၃၅၀ |

**မှတ်ချက်။ အထက်ပါသီးနှံများသည် မန္တလေးမှ ပြည်ပ (တရုတ်) သို့ အဓိကတင်ပို့သည့် သီးနှံများဖြစ်ပါသည်။**

ပြည်ပ (တရုတ်) ကိုပုံမှန်တင်ပို့ရောင်းချမှုရှိနေတဲ့ ပဲတီစိမ်းကြီး မတ်လပထမအပတ်နဲ့နှိုင်းယှဉ်လျှင် ယခုအပတ်မှာ စျေးအေးလျက်ရှိပါတယ်။ ယခုမတ်လ ဒုတိယတစ်ပတ်မှာ ပဲတီစိမ်းကြီးတစ်ပိဿာ ၁၆၅၃ ကျပ် (တစ်တန် ၁၀၁၂၂၈၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ ပဲတီစိမ်းရွှေဝါမှာ ယခင်အပတ်ထက်စျေးမာလျက်ရှိပြီး၊ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၈၉ ကျပ် (တစ်တန် ၁၂၇၉၂၈၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ပဲတီစိမ်းနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲလွန်းဖြူမှာ တရုတ်ဝယ်လက်အကြိုက်တွေ့တဲ့ ပဲတစ်မျိုးဖြစ်ပြီး၊ စျေးနှုန်းလည်း တည်ငြိမ်မှုရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၆၇ ကျပ် (တစ်တန် ၆၅၃၄၂၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲယင်းနဲ့ မြေထောက်ပဲမှာ ယခင်အပတ်စျေးထက် အနည်းငယ်မာလို့ ယခုတစ်ပတ်မှာ ပဲယင်း တစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်)၊ မြေထောက်ပဲ တစ်ပိဿာ ၁၀၉၃ ကျပ် (တစ်တန် ၆၃၆၂၇၃ ကျပ်)နဲ့ သုံးတင်းအိတ် ပဲယင်း ၁၅၀ အိတ်နဲ့ မြေထောက်ပဲ ၂၀၀ အိတ် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နိုင်လွန်ပဲ၊ ပဲနီပြားနဲ့ထောပတ်ပဲကို ပြည်တွင်းမှာရော၊ တရုတ်စျေးကွက်မှာပါ ဝယ်ယူမှုရှိပေမယ့်လည်း၊ ယခင်တစ်ပတ်စျေးနှုန်းအောက်မှာ အရောင်းအဝယ်ဖြစ်လို့ စျေးအနည်းငယ်အေးပါတယ်။ ယခုမတ်လ ဒုတိယပတ်မှာ နိုင်လွန်ပဲတစ်ပိဿာ ၈၆၁ ကျပ် (တစ်တန် ၅၂၇၂၆၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ ပဲနီပြားတစ်ပိဿာ ၁၀၈၆ ကျပ် (တစ်တန် ၆၆၅၀၅၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၅၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၁၂၀၉ ကျပ် (တစ်တန် ၇၄၀၃၈၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အရောင်းအဝယ်တဖြည်းဖြည်းအေးလာတဲ့ ပြောင်းဖူးစေ့မှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိစျေးအေးပြီး အရောင်းအဝယ်အေးပါတယ်။ ယခု မတ်လဒုတိယပတ်မှာ စျေးအနည်းငယ်ပြန်လည်ဦးမော့လာသလို အရောင်းအဝယ်လည်း အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ် မတ်လဒုတိယအပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိဿာ ၃၅၂ ကျပ် (တစ်တန် ၂၁၅၅၆၁ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၄၂၂ ကျပ် (တစ်တန် ၂၅၈၄၂၉ ကျပ်) နဲ့ ပြောင်းဖူးစေ့ ၄ မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့မြေပဲများကို တရုတ်မှဝယ်ယူမှုရှိပေမယ့် ယခင်လများရဲ့စျေးနှုန်း အောက်ကိုရောက်သလို အရောင်းအဝယ်လည်း အေးလျက်ရှိပါတယ်။ ယခုအပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၂၆၇ ကျပ် (တစ်တန် ၁၃၈၈၂၈၈ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၃၃၃ ကျပ် (တစ်တန် ၂၀၄၁၀၉၆ ကျပ်)၊ နှမ်းနက် (စမုံ) ၄၄၄၄ ကျပ် (တစ်တန် ၂၇၂၁၄၆၁ ကျပ်) နဲ့ အဆိုပါ နှမ်း ၄ မျိုး နေ့စဉ် ၃ တင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

၂၀၁၅ ခုနှစ် နှစ်ဦးကာလမှာ လယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများကို ဝယ်ယူမှုရှိတဲ့ ပြည်ပ (တရုတ်) ဝယ်လက်ရဲ့ ဝယ်လိုအားကျဆင်းကြောင်းသိရပါတယ်။ ယခုနှစ်ဦးမှာ မန္တလေးမှမူဆယ်သို့ သယ်ယူပို့ဆောင်တဲ့ယာဉ်များ လမ်းကြောင်းလုံခြုံစိတ်ချမှုစိုးရိမ်ရတဲ့အတွက် တစ်ဦးချင်းစီမသွားဘဲ ၁၀ စီး၊ ၁၅ စီး စုပေါင်းပြီးမှသွားကြောင်း၊ ရောင်းလိုအားရှိပေမယ့် ဝယ်လိုအားနည်းပါးကြောင်း၊ ဝယ်ယူတဲ့စျေးနှုန်းအနည်းငယ်အေးလို့ တွက်ခြေမကိုက်တဲ့အတွက် ပြည်တွင်း လှောင်လက်များမှလည်း မိမိတို့ရဲ့သီးနှံများကို ဆက်လက်သိုလှောင်ထားမှုရှိကြောင်း၊ ယခုအခါ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုများ လုံခြုံစိတ်ချရတဲ့အတွက် ကုန်စည်ဒိုင်မှာလည်း အရောင်းအဝယ် လှုပ်လှုပ်ရှားရှားဖြစ်လို့ ယခုမတ်လမှာ ယခင်လများထက် အရောင်းအဝယ်သွက်လက်လာမှာ ဖြစ်ကြောင်း ကုန်သည်ကြီးတစ်ဦးမှပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**

# မုံရွာကုန်စည်ဒိုင် မတ်လ ဒုတိယပတ် ပဲစျေးကွက်မှာ ပဲမျိုးစုံ စျေးဆက်လက်မာ

မုံရွာကုန်စည်ဒိုင် မတ်လ ဒုတိယပတ်ပဲစျေးကွက်မှာ ဒိုင်ကိုနယ်က ပဲဝင်ရောက်မှုအားပျော့ခဲ့ပြီး ပဲအများစု ဝယ်လိုအားအနည်းငယ်တက်လာတဲ့အတွက် ပဲမျိုးစုံနီးပါး ယခင်တစ်ပတ်ကထက် တက်စျေးနဲ့ မာလာတာတွေ့ရပါတယ်။

ယခုတစ်ပတ် ငုံနီစျေးကွက်မှာ တောင်သူအရောင်းထက်ဒေသခံကုန်သည်ရောင်းဖို့ကိုသာ အားပြု ဝယ်နေရတဲ့အတွက် စျေးဆက်လက်မာနေခဲ့ကာ တစ်တင်း အနိမ့်ဆုံး ၂၈၈၀၀ ကျပ်ကနေ ၂၉၀၀၀ ကျပ်ကြား နေ့စဉ်အတက်အကျ ဖြစ်ပေါ်နေပါတယ်။ အရောင်းအဝယ်အားဖြင့် ကုန်သည်ရောင်းလက်ထက် နယ်အဝင်ပဲကို ပိုမိုအားပြုနေရလို့ တစ်ရက်အိတ် ၈၀၀ မှ ၁၂၀၀ ကြားသာ ဖြစ်နေတယ်လို့ ဆိုပါတယ်။ ပဲတီစိမ်းစျေးကွက်မှာတော့ ယခုတစ်ပတ်မှာ နယ်ကပဲအဝင်နည်းပြီး ကုန်သည်အရောင်းသာရှိကာ ဝယ်လိုအား အနည်းငယ်လိုက်လာတဲ့အတွက် စိမ်းသေးတစ်တင်း ၂၉၅၀၀ ကျပ်ကနေ ၃၁၀၀၀ ကျပ်ထိ စျေးပြန်တက်ခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် နယ်ဝယ်လက်ရှိတဲ့နေ့မှာ တစ်ရက်အိတ် ၅၀၀ ခန့် ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

မတ်ပဲစျေးကွက်မှာလည်း ယခုတစ်ပတ်အတွင်း နယ်ဝယ်လက်နဲ့ ဒေသခံလုပ်ငန်းသုံးဝယ်လက်ကြောင့် စျေးဆက်လက်မာခဲ့ရာ ယခင်တစ်ပတ်က တစ်တင်း ၂၆၇၀၀ ကျပ်ထိ ကျဆင်းခဲ့ရာက ယခုတစ်တင်း ၂၈၅၀၀ ကျပ်ထိ တက်စျေးဖြစ်ခဲ့ရာ တစ်ရက်အိတ် ၃၀၀ မှ ၆၀၀ ကြားအရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

မန္တလေး၊ ရန်ကုန်ဝယ်လက်နဲ့ ဒေသခံလုပ်ငန်းသုံးသမားတွေ ဝယ်လိုအားအသင့်အတင့်သွက်လာလို့ စွန်တာနီ၊ ပဲနီလုံးကြားနဲ့ ပဲယင်းတို့လည်း ယခုတစ်ပတ်အတွင်း စျေးမာလာခဲ့ရာ စွန်တာနီမှာတစ်တင်း ၁၅၅၀၀ ကျပ်၊ ပဲနီလုံးကြားမှာ တစ်တင်း ၁၆၂၀၀ ကျပ်၊ ပဲယင်း တစ်တင်း ၁၇၀၀၀ ကျပ်နဲ့ အသီးသီးပေါက်စျေးဖြစ်ပေါ်တာ တွေ့ရပါတယ်။

ပဲကြော်နဲ့ လက်လီသုံးအတွက် ပဲကြီးနဲ့ ထောပတ်တို့ နယ်လက်ဝယ်လိုအားအနည်းငယ်မြင့်လာလို့ ယခုတစ်ပတ်မှာ ပဲကြီးစျေးဟာ (ရေ) ပဲကြီး တစ်တင်း ၁၆၅၀၀ ကျပ်၊ (ကုန်း) ပဲကြီး ၂၂၅၀၀ ကျပ်ထိလည်းကောင်း၊ ထောပတ်ပဲတစ်တင်း ၁၆၅၀၀ ကျပ်ထိလည်းကောင်း အသီးသီးစျေးတက်လာတာ တွေ့ရပါတယ်။

ထို့နည်းတူ ဒေသတွင်းလုပ်ငန်းသုံးနဲ့ မန်းလက် အဝယ်အနည်းငယ်တက်လာတဲ့ ကုလားပဲမျိုးစုံလည်း ထိုင်ဝမ်တစ်တင်း ၁၇၇၀၀ ကျပ်၊ V 2 တစ်တင်း ၁၈၀၀၀ ကျပ်နဲ့ 929 တစ်တင်း ၁၈၀၀၀ ကျပ်အသီးသီး စျေးမာလာခဲ့ပြီး အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြားထိ တက်လာတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ၉-၃-၂၀၁၅ မှ ၁၃-၃-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 159 | 7,974,309.463 |
| 2 | Form D | 69 | 6,015,252.462 |
| 3 | Form E | 77 | 2,882,253.752 |
| 4 | Korea GSP | 6 | 251,182.140 |
| 5 | Form AK | 54 | 3,897,386.066 |
| 6 | Form AJ | 4 | 194,531.000 |
| 7 | Form AI | 40 | 1,852,622.240 |
| 8 | AANZ | 1 | 1,543.000 |
| 9 | Form DFTP | 1 | 33,545.920 |
| **Grand Total** | | **411** | **23,102,626.043** |

## နနွင်း

### နနွင်းအဆက်မပြတ်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ် ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း နနွင်း ၂၆၅ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၂၄၉၀ တန်ဖိုးရှိ နနွင်း ၅၇ တန်ကို အိန္ဒိယနိုင်ငံ၊ ကန်ဒေါ်လာ ၁၇၂၅၀ တန်ဖိုးရှိနနွင်း တန် ၃၀ ကို အင်ဒိုနီးရှားနိုင်ငံ၊ ကန်ဒေါ်လာ ၈၂၁၆၀ တန်ဖိုးရှိ နနွင်း ၁၁၄ တန်ကို မလေးရှား၊ ကန်ဒေါ်လာ ၁၈၉၇၅ တန်ဖိုးရှိ နနွင်း ၃၃ တန်ကို စင်ကာပူနဲ့ ကန်ဒေါ်လာ ၁၈၂၃၄ ဒသမ ၃၀ တန်ဖိုးရှိနနွင်း ၃၁ ဒသမ ၉၉ တန်ကို ယီမင်နိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီနောက်ဆုံးပတ်နဲ့ ယခုသီတင်းပတ်တွေမှာ နနွင်းတန်ချိန် နှစ်ရာ့ခြောက်ဆယ်ကျော်ထိ အဆက်မပြတ်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခုသီတင်းပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၆၉၁၀၉ ဒသမ ၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

---

### ယခုနှစ် ဟိုပုံးချင်းအထွက်လျော့

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ချင်းကောင်းထွက်တယ်လို့ နာမည်ရှိတဲ့ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်က ဟိုပုံးချင်းက ဒီနှစ်မှာ အထွက်နည်းသလို၊ အကောင်းစ (ထိပ်စ) တွေလည်း အထွက်နည်းပါတယ်။ မြေနီအခက်လှလို့ ခေါ်တဲ့ ထိပ်စချင်းတွေကို မူဆယ်ဝယ်လက်တွေက ဝယ်လိုတယ်လို့ ကမ်းလှမ်းနေတယ်လို့သိရပါတယ်။ တရုတ် ဝယ်လက်တွေအနေနဲ့ သူတို့လိုချင်တဲ့ ချင်းအမျိုးအစားက မြေနီချင်းဖြစ်ရမယ်။ အခက်ကြီးပြီးလှရမယ် (တစ်ခက်ကို နှစ်ဆယ်ကျပ်သား၊ သုံးဆယ်ကျပ်သား) ခန့်ရှိတဲ့ချင်းမျိုးကို လိုချင်တာဖြစ်တယ်လို့ဆိုပါတယ်။ ဒီနှစ်က အဲဒီအနေအထားလောက်ရှိတဲ့ချင်းလည်း မထွက်ဘူးလို့လည်း ဒေသခံတွေထံက သိရပါတယ်။ တရုတ်ဝယ်လက်တွေက ဝယ်ချင်တဲ့ချင်းတွေကို ရွေးနေပေမယ့်၊ ဘင်္ဂလားဒေ့ရှ်ကိုပို့ဖို့အတွက် တောင်ကုတ်ဝယ်လက်တွေကတော့ (စက) ဆိုဒ်လို့ခေါ်တဲ့ (လတ်စ) ချင်းတွေကိုပဲ တစ်ပိဿာ ၆၃၀ ကျပ်နဲ့ ပိဿာချိန် တစ်သောင်းခန့်ဝယ်ယူသွားပါတယ်။

ချင်းညှံ့စတွေကိုတော့ ပြည်တွင်းသုံးနဲ့ဒေသသုံးဖို့အတွက် ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ချင်းခြောက် ကတော့ ပြုလုပ်မှုမရှိတော့တဲ့အတွက် လက်ကျန်လည်းမရှိ၊ ဈေးကွက်လည်း မရှိပါဘူး။ ဟိုပုံးချင်းဈေးကွက်မှာတော့ ချင်း (စို) တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၆၅၀ ကျပ်ဈေးရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်းက ပုံမှန်အဝင်ရှိနေသလို ပုံမှန်လည်းရောင်းနေရပါတယ်။

ပြည်တွင်းသုံးအတွက် ပုံမှန်ဝယ်ယူနေတဲ့ ဝယ်လက်တွေအပြင် လှောင်ဖို့အတွက် မုံရွာ၊ ပြည်၊ စစ်တွေစတဲ့ ဝယ်လက်တွေပါ ဝယ်ယူနေတာ ကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၂ ဒသမ ၁ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာ ပေါက်ဈေးတွေကတော့ ၃၀၀ ကျပ်မှ ၈၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

---

### မူဆယ်ဝယ်လက်က ရှမ်းနနွင်းကို ဈေးအနိမ့်သာဝယ်

ရှမ်းနနွင်းလည်း ရောင်းအားကောင်းလာပါတယ်။ ပြည်တွင်းပြည်ပဝယ်လက်တွေ ကြိုက်လာတာကြောင့် အရင်နှစ်ကထက် အများကြီးကို အရောင်းသွက်လာတယ်လို့သိရပါတယ်။

မူဆယ်ဝယ်လက်တွေကတော့ ချင်းကိုထိပ်စလိုချင်ပေမယ့် နနွင်းကိုတော့ သိပ်ကောင်းတာကိုမဝယ်ပါဘူး။ ဝယ်ချင်တယ်လို့ ကမ်းလှမ်းပေမယ့် တကယ်တမ်းတော့ ဈေးကလည်းမဖွင့်သေးပါဘူး။ နနွင်းဈေးကို စောင့်ကြည့်နေတာလို့လည်း ဒေသခံတွေထံက သိရပါတယ်။ မူဆယ်ဝယ်လက်တွေက နနွင်းကိုအောက်ဈေးနဲ့သာရချင်နေသလို တောင်သူတွေ၊ ကုန်သည်တွေ ကလည်း ဒီထက်ဈေးပိုရရင်သာရောင်းမယ်၊ နိမ့်ရင်တော့ မရောင်းနိုင်ဘူးလို့သိရပါတယ်။

အခုလောလောဆယ်မှာ ဟိုပုံးနနွင်းကို ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ဈေးကွက်မှာတော့ အခုလအထိ ပုံမှန်သာ အဝင်ရှိနေပေမယ့်၊ သင်္ကြန်နားနီးလာရင်တော့ တောင်သူတွေက အလှူအတန်းလုပ်ဖို့၊ ဘုန်းကြီးကျောင်းသွားဖို့ အတွက် ထုတ်ရောင်းကြတော့မှာဖြစ်လို့ ဒီ့ထက်အဝင်များလာနိုင်တယ်လို့လည်း ဈေးကွက်ကသိရှိရပါတယ်။

ဟိုပုံးနနွင်းကိုတော့ တောင်ကုတ်ဝယ်လက်တွေ ဝယ်ယူတဲ့ဈေးအတိုင်း တစ်ပိဿာ ၁၅၅၀ ကျပ်ဈေးနဲ့ရောင်းနေရပါတယ်။ အောင်ပန်းနနွင်းကိုတော့ ရန်ကုန်၊ ပြည်ဝယ်လက်တွေက တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း သုံးသောင်းဝယ်ယူသွားသလို ပြည်တွင်းသုံးဈေးပတ်သမားတွေကလည်း ပိဿာချိန် တစ်သောင်းခန့် ဝယ်ယူမှုရှိနေပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ချင်း

### အဝင်နည်းပေမယ့် ဈေးပုံမှန်ရှိနေတဲ့ ပြည်ချင်းဈေးကွက်

ပြည်ချင်းဈေးကွက်တွင် အောင်ပန်း၊ တောင်ကြီး ချင်းများ ယခုမတ်လဆန်း ဒုတိယပတ်မှာ ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့်သာ ဝင်ရောက်နေပါတယ်။ ဒီကာလမှာ တောင်သူတွေ၊ ကုန်သည်တွေပါ အလှူအတန်းတွေ လုပ်နေတာကြောင့် သီးနှံတွေလည်း ပြည်ဈေးကွက်သို့ အဝင်နည်း လာတာလို့ သိရပါတယ်။ ပြည်ဈေးကွက်တွင် ပစ္စည်းလည်းရှား၊ အရောင်းအဝယ်ကလည်း ခပ်ပါးပါးဖြစ်ပေမယ့် ဈေးနှုန်းပုံမှန်အတိုင်း ရှိနေပြီး တစ်နေ့ကို ပိဿာချိန် ၂၀၀ ခန့် အရောင်းအဝယ်ပုံမှန်ရှိနေပါတယ်။ ပြည်ဈေးကွက်ရှိ ချင်းဈေးမှာ တစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်-၈၀၀ ကျပ်ရှိပြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ ယခုတစ်ပတ်တွင် စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ပိဿာချိန် ၃၅၀ ခန့်ကို တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

---

### နယ်စပ်စခန်းများမှ ချင်းစို၊ ချင်းခြောက်များတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ်လ ပထမပတ်တွင် ကန်ဒေါ်လာ ၃၂၀၅၈ တန်ဖိုးရှိ ချင်းခြောက် ၁၆တန်ခွဲနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၃၆၇၈ တန်ဖိုးရှိ ချင်းစို ၁၈ တန်တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က နယ်စပ်စခန်းတွေမှ ချင်းတင်ပို့မှု မရှိခဲ့ပါဘူး။ ယခင်က ချင်းခြောက်တစ်တန်ကို ၁၇၈၄၀၀၀ ကျပ်ရှိရာမှ ယခုကာလမှာတော့ ၂၀၂၈၀၀၀ ကျပ်ထိ ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ စစ်တွေမှ ဝယ်လက်တွေက အောင်ပန်း၊ တောင်ကြီးမြို့များရှိ တောင်သူတွေထံ တိုက်ရိုက်သွားရောက်ဝယ်ယူကြတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**



## သီဟိုဠ်

### ကော့သောင်းနယ်စပ်မှ ဖေဖော်ဝါရီလအတွင်း သီဟိုဠ်စေ့ ၁၁ တန်ကျော်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ဧပြီလမှ ၂၀၁၅ ဖေဖော်ဝါရီလအထိ သီဟိုဠ်စေ့တင်ပို့နိုင်မှုမှာ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၇၀၉ သန်း၊ တန်ချိန် ၂၂၈ တန် ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ လအလိုက် တင်ပို့မှုကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်-

| လအမည် | တန်ချိန် | တန်ဖိုး(ဒေါ်လာသန်း) |
|---|---|---|
| ဧပြီ | ၃၂. ၈၀ | ၀. ၂၄၉ |
| မေ | ၁၂. ၈၀ | ၀. ၀၉၇ |
| ဇွန် | ၁၆. ၅၀ | ၀. ၁၂၅ |
| ဇူလိုင် | ၁၃. ၃၂ | ၀. ၁၀၁ |
| ဩဂုတ် | ၃၅. ၁၈ | ၀. ၂၆၇ |
| စက်တင်ဘာ | ၃၃. ၄၂ | ၀. ၂၅၄ |
| အောက်တိုဘာ | ၉. ၁၀ | ၀. ၀၆၉ |
| နိုဝင်ဘာ | ၁၉. ၂၀ | ၀. ၁၂၀ |
| ဒီဇင်ဘာ | ၂၆. ၆၀ | ၀. ၂၀၂ |
| ဇန်နဝါရီ | ၁၇. ၇၀၀ | ၀. ၁၃၅ |
| ဖေဖော်ဝါရီ | ၁၁. ၈၈၀ | ၀. ၀၉၀ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဩဂုတ်လတွင် သီဟိုဠ်စေ့အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT(DCCA)**

## ကြက်သွန်နီ



### မူဆယ်နယ်စပ်မှ ကြက်သွန်နီပိုမိုတင်ပို့

မတ်လ ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၇၃၃၇ တန်ဖိုးရှိကြက်သွန်နီ တန်ချိန် ၃၂၀ ကို တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ၅၇ တန်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ ကြက်သွန်နီပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၁၀၅၁၃၅ တန်ဖိုးရှိ ကြက်သွန်နီ ၄၁၇ တန်နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၆၂၅၅ တန်ဖိုးရှိ ကြက်သွန်နီ ၂၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တမူးစခန်းမှ ကြက်သွန်နီတင်ပို့မှုမရှိဘဲ မြဝတီစခန်းမှ ၄၆၆ တန်ခွဲ တင်ပို့ခဲ့ပါတယ်။မြန်မာနိုင်ငံမှ ကြက်သွန်နီတွေရဲ့ အရည်အသွေးကကောင်းလို့ ယခုလို နယ်စပ်တွေက ဝယ်လိုအားတွေ များရတာလို့ သိရပါတယ်။

**မော်မော်အောင်MIRT (DCCA)**

## မန်ကျည်း

### မန်ကျည်းတင်ပို့မှုလျော့

ပြည်ပနိုင်ငံများကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၂၆၀၉ ဒသမ ၉၉ တန်ဖိုးရှိ နနွင်း ၁၂၆၂ ဒသမ ၅၆ တန်ကို တင်ပို့ခဲ့ပါတယ်။

ဒီသီတင်းပတ်မှာ မလေးရှားနိုင်ငံကို ၃၉၄ တန်၊ ပါကစ္စတန်နိုင်ငံကို ၆၉၈ ဒသမ ၀၆ တန်နဲ့ စင်ကာပူနိုင်ငံကို ၁၇၀ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကို အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၅၃၃ ဒသမ ၄၄ တန်တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

# စီးပွားရေး အလားအလာကောင်းသော အာဆီယံ

သိန်းမြင့်ဝေ

## အဓိကစီးပွားရေးအုပ်စုနှင့် တိုးတက် မှုအခြေအနေ

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၁၀ နိုင်ငံပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations-ASEAN) သည် တစ်ခုတည်းသော ဈေးကွက် (A single market) ဖြစ် လာပါတော့မည်။ တစ်နည်းအားဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) ကို အပြည့်အဝ အကောင်အထည်ဖော်ပါတော့မည်။ အာဆီယံသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင်လည်း အဓိကစီးပွားရေးအုပ်စု တစ်စု (Major economic bloc) အဖြစ် ရပ်တည်လျက်ရှိပါသည်။

စားသုံးသူ သန်း ၆၂၀ ရှိသော အာဆီယံဈေးကွက်၏ အမည်ခံတိုင်းပြည်ဝင်ငွေ သို့မဟုတ် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Nominal Gross Domestic Product) သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂ ထရီလီယံရှိသည်။ အာဆီယံ၏ GDP သည် ကမ္ဘာ့စုစုပေါင်း GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိပါသည်။ အာဆီယံ၏ စုစုပေါင်းပို့ကုန်သည်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံရှိပြီး ကမ္ဘာ့စုစုပေါင်းပို့ကုန်၏ ၇ ရာခိုင်နှုန်းနီးပါးရှိသည်။ ထို့ပြင် ဝယ်နိုင်စွမ်းအားညီမျှချက် (Purchasing power parity -PPP) အရ တွက်ချက်သော အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံ ရှိပါသည်။

အာဆီယံ စီးပွားရေးပေါင်းစည်းမှု၏ အကျိုးဆက်အဖြစ် လူဦးရေ ၁၄ သန်းခန့်အတွက် အလုပ်အကိုင်သစ်များ တိုးပွားလာနိုင်သည်။ အလုပ်အကိုင်အများစုမှာ ကျွမ်းကျင်လုပ်သားများနှင့် ကိုက်ညီဆီလျော်မည့် လုပ်ငန်းများ ဖြစ်နိုင်သည်။ ပြည်တွင်းဈေးကွက် အရွယ်အစား သို့မဟုတ် လူဦးရေအရ လေ့လာပါက အင်ဒိုနီးရှားနိုင်ငံသည် လူဦးရေ ၂၄၅ သန်းဖြင့် အကြီးဆုံး ဈေးကွက်ဖြစ်ပါသည်။ ထို့နောက် ဖိလစ်ပိုင်သည် လူဦးရေသန်း ၁၀၀ ဖြင့် ဒုတိယအကြီးဆုံးဈေးကွက်၊ ဗီယက်နမ်သည် ၈၉ သန်းဖြင့် တတိယ၊ ထိုင်း နိုင်ငံသည် ၆၈ သန်းဖြင့် စတုတ္ထ၊ မြန်မာ သည် ၅၂ သန်းဖြင့် ပဉ္စမ၊ မလေးရှား သည် သန်း ၃၀ ဖြင့် ဆဋ္ဌမ၊ ကမ္ဘောဒီးယားသည် သတ္တမစသည်ဖြင့် ဈေးကွက်အရွယ်အစားများကို တွေ့မြင်နိုင်သည်။ မြေဧရိယာအကျယ်အဝန်းအားဖြင့် အင်ဒိုနီးရှားသည် အကြီးမားဆုံးဖြစ်ပြီး မြန်မာနှင့် ထိုင်းတို့သည် ဒုတိယနှင့် တတိယအကျယ်ဆုံးနိုင်ငံများ ဖြစ်ကြသည်။ ထို့ပြင် အာဆီယံ၏ တစ်ဦးကျဝင်ငွေ (Per capita income) မှာ အမေရိကန်ဒေါ်လာ ၃၆၀၃ ဒေါ်လာဖြစ်ပါသည်။ တစ်ဦးကျဝင်ငွေ မြင့်မားသောချမ်းသာသည့် အာဆီယံ ဖြစ်ပါသည်။

ဝယ်နိုင်စွမ်းအားညီမျှချက် (PPP) အရ တွက်ချက်ထားသည့် GDP ဖြင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေကို လေ့လာရာတွင် အင်ဒိုနီးရှားနိုင်ငံ၏ GDP သည် အမေရိကန်ဒေါ်လာ ၁၂၀၃ ဘီလီယံဖြင့် အများဆုံး ဖြစ်သည်။ ထို့နောက်ထိုင်းနိုင်ငံ၏ GDP သည် အမေရိကန်ဒေါ်လာ ၆၄၅ ဘီလီယံရှိပြီး ဒုတိယအများဆုံးဖြစ်သည်။ ဆက်လက်၍ မလေးရှားသည် ၄၉၅ ဘီလီယံရှိပြီး တတိယ၊ ဖိလစ်ပိုင်သည် ၄၂၀ ဘီလီယံဖြင့် စတုတ္ထအသီးသီး ဖြစ်ကြပါသည်။ ကျန်နိုင်ငံများ၏ GDP ကိုလည်း ဇယားတွင် ဖော်ပြထားပါသည်။ စီးပွားရေးတိုးတက်မှု (Economic growth) ကို လေ့လာရာတွင် ၂၀၁၄ ခုနှစ်၌ စီးပွားရေး တိုးတက်မှုအမြန်ဆုံးမှာ မြန်မာနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် GDP တိုးတက်မှုနှုန်းမှာ ၇ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ ထို့နောက်လာအို၏ စီးပွားရေးတိုးတက်မှုမှာ ၇ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၆ ဒသမ ၄ ရာခိုင်နှုန်း ရှိကြပါသည်။ ၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့၏ စီးပွားရေးတိုးတက်မှုမှာ ၅ ဒသမ ၆ ရာခိုင်နှုန်းစီရှိကြပြီး မလေးရှားသည် ၅ ဒသမ ၁ ရာ ခိုင်နှုန်း၊ စင်္ကာပူသည် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဘရူနိုင်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးရှိကြပါသည်။

## ဂျီဒီပီသုံးဆနှင့် လုပ်ဆောင်ရန် အချက်များ

အာဆီယံ၏ တစ်ဦးကျဝင်ငွေ (Per capita GDP) သည် လာမည့် ၁၅ နှစ်အတွင်း သုံးဆမြင့်တက်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) က ခန့်မှန်းထားပါသည်။ ထိုအခါ အာဆီယံနိုင်ငံသားများ၏ တစ်ဦးကျဝင်ငွေသည် အမေရိကန်ဒေါ်လာ ၉၀၀၀ သို့ ရောက်ရှိပြီး ကမ္ဘာ့ဝင်ငွေမြင့်မား သော အဆင့်အတန်း (World's upper income or rich class) သို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်သော အာဆီယံလေးနိုင်ငံ (Least developed ASEAN economies) မှာ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် နှင့် မြန်မာဟူသော CLMV နိုင်ငံများဖြစ်ကြောင်း၊ အဆိုပါ လေးနိုင်ငံသည် စီးပွားရေးပိုမိုဖွံ့ဖြိုးသော ကျန်အာဆီယံနိုင်ငံခြောက်နိုင်ငံထက် ပျမ်းမျှဝင်ငွေ (Average incomes) ပိုမိုမြန်ဆန်စွာ တိုးတက်နိုင်ကြောင်း၊ ထို့ကြောင့် အာဆီယံနိုင်ငံများကြား ဝင်ငွေကွာဟမှု (Income gap) ပိုမိုကျဉ်းမြောင်းလာနိုင်ကြောင်း၊ အခြားဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ (Other development gaps) လည်း ပိုမိုကျဉ်းမြောင်းလာနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ခန့်မှန်းပြောကြားထားသည်။ ထို့ပြင် အာဆီယံသည် လာမည့် ၁၅ နှစ် သို့မဟုတ် ၂၀၃၀ ပြည့်နှစ်တွင် ချမ်းသာသော ဝင်ငွေအဆင့်မြင့်မားသည့်ဒေသ (Rich ASEAN) ဖြစ်လာပါမည်။ ဝင်ငွေအဆင့် မြင့်မားလာမှုနှင့်အတူ အာဆီယံလုပ်ဆောင်သင့်သော အချက်လေးချက်ရှိကြောင်း ADB က သုံးသပ်ထားပါသည်။ ၎င်းတို့မှာ "အခက်အခဲများကို ဖြေရှင်းနိုင်စွမ်းရှိရမည် (Resilience)၊ အားလုံးပါဝင်ရမည် (Inclusive)၊ ယှဉ်ပြိုင်နိုင်စွမ်း ရှိရမည် (Competitive)၊ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရမည် (Harmonious)" ဟူ၍ဖြစ်ပါသည်။

Resilience ဆိုသည်မှာ အတက်အကျပြင်းထန်မှုများနှင့် ရှော့ခ်များ (Volatilities and shocks) ကို ထိန်းကျောင်းနိုင်စွမ်းဖြစ်သည်။ ဒေသတွင်းတွင် ဖြစ်ပေါ်လျက်ရှိသော Volatilities နှင့် shocks အပြင် ဒေသပြင်ပမှ ရိုက်ခတ်သော Volatilities နှင့် shocks များကို ကိုင်တွယ် ဖြေရှင်းနိုင်ပြီး စီးပွားရေးအကျပ်အတည်းများ လျော့နည်းစေရန် ဆောင်ရွက်နိုင်စွမ်းဖြစ်သည်။ Resilience တွင် စည်းမျဉ်းစည်းကမ်း ကောင်းမွန်ရေးနှင့် မက္ကရိုစီးပွားရေး ပေါ်လစီများ အားကောင်းရေးတို့ ပါဝင်သည်။ ထို့ပြင် အဆိုပါစည်းမျဉ်းစည်းကမ်းနှင့် ပေါ်လစီများကို ထိထိရောက်ရောက် အသုံးချနိုင်ရပါမည်။ ဘေးအန္တရာယ် သို့မဟုတ် ဆုံးရှုံးနိုင်ခြေများ (Risks) ကို အကဲဖြတ်နိုင်ပြီး အရေးယူဆောင်ရွက်နိုင်ရပါမည်။

အာဆီယံသည် ဒေသပြင်ပမှ ရိုက်ခတ်သော Shock များကို အထိအခိုက်မခံနိုင်သေးသည့် အနေအထားတွင် ရှိနေပါသေးသည်။ အီဘိုလာရောဂါသည် လိုက်ဘေးရီးယားတွင် ဖြစ်ပွားခဲ့ပြီး လာမည့် ၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ၌ ဖြစ်ပွားနိုင်ခြေရှိပါသည်။ အာဆီယံသည် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်းနှင့် စီးပွားရေး အကျပ်အတည်း၏ ရိုက်ခတ်မှုဒဏ်ကိုခံစားနေရဆဲလည်း ဖြစ်ပါသည်။

အားလုံးပါဝင်ရေး (Inclusiveness) ဆိုသည်မှာ အာဆီယံအတွင်း မျှတသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Equitable economic development) ရရှိရန် လိုအပ်ခြင်းကို ဆိုလိုသည်။ မျှတသော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ဝင်ငွေကွာဟမှုများ (Income gaps) လျော့ကျရန် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာများ (Cooperation strategies) မှ တစ်ဆင့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ နိုင်ငံသားများ၏ သက်သာချောင်ချိရေးကို မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ရပါမည်။

ယှဉ်ပြိုင်နိုင်မှု (Competitiveness) ရှိရေးအတွက် ထိရောက်သော လုပ်ထုံးလုပ်နည်းများ (Effective national and regional regulations) နှင့် စွမ်းရည်ပြည့်ဝသောဈေးကွက်များ (Efficient Markets) အတွင်း စီးပွားရေးလုပ်ငန်းများ အောင်အောင် မြင်မြင်လည်ပတ်နိုင်သည့် စီးပွားရေး လုပ်ငန်းပတ်ဝန်းကျင် (Business environment) လိုအပ်ပါသည်။ သို့မှသာ အာဆီယံထုတ်ကုန်များသည် ထုတ်လုပ်မှုစွမ်းအား တိုးတက်ခြင်း၊ ပိုမို ဆန်းသစ်တီထွင်ခြင်းနှင့်အတူ ကမ္ဘာ့ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မည် ဖြစ်သည်။

တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး (Harmony) သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable development and growth) ရရှိခြင်းကို ရည်ညွှန်းသည်။ ထိုကဲ့သို့ ရရှိရန်အလို့ငှာ ရာသီဥတုပြောင်းလဲမှု (Climate change) ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အစီအမံများထည့်သွင်း စဉ်းစားရပါမည်။

## အလားအလာကောင်းများ ဆက်လက်ထိန်းသိမ်းရေး

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၅ ခုနှစ်အလွန်တွင် ဆက်လက်တည်ဆောက်မည့် အကောက်ခွန် အဟန့်အတားအားလုံး ကင်းရှင်းသည့် စီးပွားရေးအသိုက်အဝန်း (Borderless economic community) ကို အတူတကွ မလုပ်ဆောင်နိုင်လျှင် တိုးတက်မှု နှေးကွေးပြီး မျှော်မှန်းချက်ပန်းတိုင်များနှင့် အလှမ်းဝေးနေနိုင်သည်။ ထို့ပြင် အာဆီယံနိုင်ငံများသည် အရှေ့တောင်အာရှဒေသအား ရိုက်ခတ်လျက်ရှိသည့် အဓိကကျသော ပြင်ပရှော့ခ် (Major external shock) ကို မဖြေရှင်းနိုင်လျှင်ဖြစ်စေ၊ အလယ်အလတ်ဝင်ငွေ ထောင်ချောက် (Middle-income trap) တွင် ပိတ်မိနေလျှင်ဖြစ်စေ တိုးတက်မှုနှေးပြီး ပန်းတိုင်များနှင့် အလှမ်းဝေးနေနိုင်ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေအဆင့်မြင့်မားသော ချမ်းသာသည့် အာဆီယံ ('Rich' ASEAN) ဖြစ်ရေးအတွက် ဒေသတွင်း စီးပွားရေးအဟန့်အတားများ (Intraregional economic barriers) ကို ဆက်လက်လျှော့ချပြီး သွင်းအားစုများကို ပိုမိုထိရောက်စွာ ပူးပေါင်းရမည်ဖြစ်သည်။

ပြည့်စုံကောင်းမွန်သော ဒေသဆိုင်ရာ စီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ရန်အတွက် လုပ်သားဈေးကွက်နှင့် အရင်းအနှီးဈေးကွက် (Labor and capital markets) ကို ထိထိရောက်ရောက်စီမံခန့်ခွဲပြီး ဖြေလျှော့ပေးသင့်ကြောင်း ADB က အကြံပြုထားသည်။ "အာဆီယံ အုပ်စုအနေနဲ့ ဒေသတွင်းနဲ့ ဒေသဆိုင်ရာကိစ္စတွေ ကိုင်တွယ်ဖြေရှင်းဖို့ စည်းမျဉ်းစည်းကမ်းမူဘောင် (Institutional frameworks) နဲ့ ပေါ်လစီ ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်တွေ (Policy coordination mechanisms) ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဒ့ါအပြင် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် စံချိန်စံညွှန်းနဲ့ လုပ်ထုံးလုပ်နည်းတွေ တစ်ပြေးညီရှိသင့်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ စွမ်းဆောင်ရည်ရှိတဲ့ ဒေသဆိုင်ရာ ပြည်သူ့ဝန်ထမ်းတွေ (Efficient regional civil service) မွေးထုတ်ပေးဖို့ လိုအပ်ပါတယ်"ဟူ၍ ADB က အကြံ ပြုပြောကြားပါသည်။

သို့မှသာ မိသားစုတစ်စု (A family of nation) ဖြစ်သော အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများအားလုံး ငြိမ်းချမ်းသာယာစွာနေထိုင်ပြီး ဘုံပြဿနာများ(Common problems) ကို အတူတကွ လက်တွဲဖြေရှင်းနိုင် မည်ဖြစ်သည်။ လက်ရှိ အလားအလာကောင်းများကိုလည်း ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါသည်။

**Source: manilastandardtoday**

**နိုင်ငံအလိုက် ဈေးကွက်အရွယ်အစား၊ GDP နှင့် GDP Growth Rate**

| စဉ် | နိုင်ငံအမည် | လူဦးရေ/ဈေးကွက် (သန်း) | GDP (USD Billion) | GDP Growth Rate (%) |
|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၁၅. ၀ | ၃၆. ၅ | ၇. ၀ |
| ၂ | စင်ကာပူ | ၅. ၃ | ၃၂၃. ၀ | ၃. ၉ |
| ၃ | ထိုင်း | ၆၈. ၀ | ၆၄၅. ၀ | ၂. ၉ |
| ၄ | ဖိလစ်ပိုင် | ၁၀၀. ၀ | ၄၂၀. ၀ | ၆. ၄ |
| ၅ | ဗီယက်နမ် | ၈၉. ၀ | ၃၃၆. ၀ | ၅. ၆ |
| ၆ | ဘရူနိုင်း | ၄. ၀ | ၂၁. ၆ | ၁. ၁ |
| ၇ | မလေးရှား | ၃၀. ၀ | ၄၉၅. ၀ | ၅. ၁ |
| ၈ | မြန်မာ | ၅၂. ၀ | ၁၀၃. ၀ | ၇. ၈ |
| ၉ | လာအို | ၆. ၆ | ၁၈. ၉ | ၇. ၃ |
| ၁၀ | အင်ဒိုနီးရှား | ၂၄၅ | ၁၂၀၃ | ၅. ၆ |

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်ငါးရာကျော်ဝင်

မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၄၆၈၇၄၉ ဒသမ ၈၉ တန်ဖိုးရှိ ဓါတ်ဆီ ၉၂ ဒသမ ၈၄၉ တန်နဲ့ ကန်ဒေါ်လာ ၂၉၁၉၄၅၆၃ ဒသမ ၅၀ တန်ဖိုးရှိ ဒီဇယ် ၄၁၈ ဒသမ ၈၄၇ တန်ကို ပင်လယ်ရေကြောင်း ကုန် သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာဓါတ်ဆီ၁၂၆ ဒသမ ၅၂၆ တန်နဲ့ ဒီဇယ် ၄၃၁ ဒသမ ၀၁၄ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မတ် ၉ ရက်မှ ၁၃ ရက် အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်စျေးများက ဒီတစ်ပတ် တောင်ကြီးနဲ့ မော်လမြိုင်မှာ စျေးငြိမ်ပြီး ရန်ကုန်မှာအောက်တိန်းစျေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါစျေးများမှာလည်းယခင်တစ်ပတ်စျေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်စျေး အနည်းငယ်မြင့်လာပေမယ့် ဓာတ်ဆီစျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ် အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်စျေးကွက်** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်စျေးငြိမ်နေပြီး အောက်တိန်းမှာစျေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့စျေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာမတ်လ ၉ ရက် ဓာတ်ဆီ ဝယ်စျေး ၁၆၀၀၀၀ ကျပ်၊ ရောင်းစျေး ၁၆၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဒီဇယ်စျေးမှာ မတ် ၉ ရက် မှာ ဝယ်စျေး ၁၂၈၀၀၀ကျပ်၊ ရောင်းစျေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၁ ရက်တွင် ဝယ်စျေး ၁၃၀၀၀၀ ကျပ်၊ ရောင်းစျေး ၁၃၂၀၀၀ ကျပ်ဖြစ်ခဲ့ပြီးနောက် ၁၂ ရက်နေ့မှာ ၂၀၀၀ ကျပ်စျေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။တစ်ဂါလန်ဝယ် စျေး၊ ရောင်းစျေးများမှာ ဓာတ်ဆီစျေးက ဝယ်စျေး တစ်ဂါလန် ၂၉၀၀ ကျပ်ဖြစ်ပြီး ရောင်းစျေး ၃၂၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်ဝယ်ပြီး ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

မန္တလေးစျေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့စျေးမှာ ဒီဇယ်နဲ့ အောက်တိန်းစျေး အနည်းငယ်မြင့်ပြီး ဓာတ်ဆီနဲ့ အဆင့်မြင့်ဒီဇယ်မှာ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့စျေးမှာ ဓါတ်ဆီ တစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ ဒီဇယ် ၇၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာမတ်လ ၂ ရက်မှစပြီး ဒီဇယ်ဝယ်စျေး ၁၃၂၀၀၀ ကျပ်၊ရောင်းစျေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓါတ်ဆီစျေးမှာ မတ် ၉ ရက် ဝယ်စျေး ၁၄၀၀၀၀ ကျပ်၊ ရောင်းစျေး ၁၄၃၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီစျေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ် ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ စျေးအနည်းငယ်ပြန်ကျလာခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များနဲ့ တစ်ဂါလန်စျေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာ စျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့စျေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါ လန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၁၅ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ် နဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီနဲ့ ဒီဇယ်စျေးမှာ စျေးငြိမ်နေပြီး ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့စျေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### Energy NYMEX 13-3-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.12 | 0.04 | 0.15 |
| Brent Crude Futr (USD/bbl) | 57.22 | 0.14 | 0.25 |
| Gasoline Rbob Fut (Cent/gal) | 180.10 | -0.85 | -0.47 |
| Natural Gas Futr (USD/MMBtu) | 2.75 | 0.01 | 0.44 |
| Heating Oil Futr (Cent/gal) | 178.191 | 0.28 | 0.16 |

## ငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ ဘဏ်အချို့အရောင်းကောင်တာများ ပိတ်ထားလျက်ရှိ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ နိုင်ငံတကာတွင် အမေရိကန်ဒေါ်လာ အားကောင်းလာမှုကြောင့် ငွေလဲနှုန်းများမြင့်တက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

သို့သော်ကမ္ဘာ့ရွှေစျေးကျဆင်းမှုနှင့်အတူ မြန်မာ့ရွှေစျေးပါ လိုက်ပါကျဆင်းလာခဲ့ရာ ရွှေကုန်သည်အချို့က ဒေါ်လာဘက်တွင် ဝင်ရောက်၍ စျေးကစားမှုများ ရှိလာခြင်းကြောင့် ယခုကဲ့သို့ စျေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ကုန်သည်တချို့က သုံးသပ်လျက်ရှိသည်။

"ဒေါ်လာအားကောင်းလာလို့ ဒေါ်လာစျေးတက်တယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် ခုဟာက ရက်ပိုင်းအတွင်းမှာပဲ နှစ်ဆယ်ကျော် လောက်တက်သွားတဲ့အတွက် ဒါဟာ လက်ခံလို့မရတဲ့ အခြေအနေပါ။ သူတို့တွေဝင်ပြီး စျေးကစားတယ်ဆိုတာဖြစ်နိုင်ပါတယ်။ ရွှေစျေးကလည်း အတက်အကျတွေများနေတော့ သူတို့က အဲဒီဘက်မှာ ရင်းထားတာတွေက အရှုံးတွေချည်းပဲလေ။ ဒါကြောင့် ဒီဘက်မှာလာပြီးစျေးကစားတာပါ။ သူတို့စျေး ကစားလို့ ငွေစျေးတက်လာတာက ပို့ကုန်သမားတွေအတွက် မထိခိုက်ပေမယ့် သွင်းကုန်သမားတွေမှာတော့ ဒုက္ခရောက်တာပေါ့"ဟု ကုန်သည်တစ်ဦးကဆိုသည်။

ငွေလဲနှုန်းများမြင့်တက်လာမှုကြောင့် ဘဏ်တချို့၏ ငွေလဲကောင်တာများတွင် အရောင်းကောင်တာကို ပိတ်ထားပြီး အဝယ်ကောင်တာကိုမူ ဖွင့်ထားကြောင်း၊ သို့သော် လာရောက်ရောင်းချသူမှာ မရှိသလောက်နည်းပါးကြောင်းဖြင့် AGD ဘဏ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ကမ္ဘောဇဘဏ်တွင် မတ်လ ၁၃ ရက်က ဝယ်စျေး ၁၀၅၃ကျပ်၊ ရောင်းစျေး ၁၀၇၀ကျပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သိမ်ဖြူငွေလဲစင်တာတွင်မူ ဗဟိုဘဏ်မှ သတ်မှတ်ပေးသည့်နှုန်းထား အတိုင်း ရောင်းချပေးနေသည်ဟု ဆိုသော်လည်း အရောင်းကောင်တာကိုမူ ပိတ်ထားကြောင်း သိရသည်။

ပြင်ပငွေလဲစင်တာများတွင် မတ် ၉ရက်က ဝယ်စျေး ၁၀၄၇ကျပ်၊ ရောင်းစျေး ၁၀၅၁ ကျပ်ရှိခဲ့ပြီး မတ် ၁၀ ရက်တွင် ဝယ်စျေး ၁၀၅၂ကျပ်၊ ရောင်းစျေး ၁၀၅၆ ကျပ်သို့ မြင့်တက်လာခဲ့သည်။ မတ် ၁၂ရက်တွင် ဝယ်စျေး ၁၀၆၈ကျပ်၊ ရောင်းစျေး ၁၀၇၃ ကျပ်ရှိခဲ့ပြီး မတ် ၁၃ ရက်တွင် ဝယ်စျေး ၁၀၆၂ ကျပ်၊ ရောင်းစျေး ၁၀၇၃ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာ့ရွှေစျေး ဆက်လက်ကျဆင်းလာ

မြန်မာ့ရွှေစျေးသည်ယခုတစ်ပတ်အတွင်း ဆက်လက်ကျဆင်းလာခဲ့ကြောင်း ရွှေစျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ကျဆင်းခဲ့သည့် မြန်မာ့ရွှေစျေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။ အမေရိကန်ဒေါ်လာများ အားကောင်းလာမှုကြောင့် ကမ္ဘာ့ရွှေစျေး ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ပြီးတရုတ်နှစ်သစ်ကူးကာလအလွန်တွင် ပြန်လည်မြင့်တက်မည်ဟု ခန့်မှန်းခဲ့သော်လည်း ကျဆင်းနေဆဲ ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရွှေစျေးက ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ကျဆင်းနေတာပါ။ ဒီတစ်ပတ်ထဲမှာ မြင့်တက်မယ်လို့ ဆိုပေမယ့် ခုတော့ စျေးက ကျလာတယ်။ ဒီတစ်ပတ်ထဲမှာကို နည်းနည်း အတက်ပြခဲ့ပေမယ့် ရက်သတ္တတစ်ပတ်ရဲ့ နောက်ဆုံးရက်မှာတော့ စျေးက ကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့ရွှေစျေးကလည်း တောက်လျှောက်ကို ကျလာတယ်။ ပိုဆိုးတာက စျေးက တစ်နေ့နဲ့တစ်နေ့ အတက်အကျ မြန်လွန်းတဲ့ အပြင် အတက်အကျလည်း ကြမ်းတယ်။ ဒီတစ်ပတ်ကတော့ အဆိုးဆုံးပဲ"ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

မြန်မာ့ရွှေစျေးသည် မတ်လ ၉ ရက်က ကျပ် ၆၆၃၅၀၀ ရှိခဲ့ရာမှ မတ် ၁၁ရက်တွင် ကျပ် ၆၆၇၀၀၀သို့ မြင့်တက်လာခဲ့သည်။ မတ် ၁၃ရက်တွင်မူ ကျပ် ၆၆၄၀၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေစျေးသည် မတ် ၉ရက်က ၁၁၆၉ ဒေါ်လာရှိခဲ့ပြီး မတ် ၁၁ ရက်တွင် ၁၁၆၃ ဒေါ်လာရှိခဲ့သည်။ မတ် ၁၃ ရက်တွင် ၁၁၅၇ ဒေါ်လာသို့ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

March 13, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 77.95 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.26 |
| EUR | Euro | 0.94 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 62.67 |
| IDR | Indonesia Rupiahs | 13199.25 |
| JPY | Japan Yen | 121.49 |
| MYR | Malaysia | 3.69 |
| PKR | Pakistan Rupees | 101.72 |
| PHP | Philippines Pesos | 44.27 |
| RUB | Russia Rubles | 61.10 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1128.72 |
| LKR | Sri Lanka Rupe | 133.39 |
| THB | Thailand Baht | 32.85 |
| GBP | United Kingdom Pounds | 0.67 |
| VND | Vietnam Dong | 21293.87 |

*Source : xe.com*

### World Gold Price

March, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1170 | 1171 | 1172 |
| 10 | 1161 | 1159 | 1159 |
| 11 | 1161 | 1162 | 1162 |
| 12 | 1160 | 1161 | 1161 |
| 13 | 1158 | 1159 | 1159 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-3- 2015 | 663.00 | 662.50 |
| 10-3- 2015 | 662.00 | 661.50 |
| 11-3- 2015 | 667.00 | 666.50 |
| 12-3- 2015 | 664.00 | 663.10 |
| 13-3- 2015 | 664.00 | 663.20 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6 .27 | 32.57 | 77.68 | 62.68 |
| 10 | 6. 27 | 32.69 | 77.61 | 62.69 |
| 11 | 6 .26 | 32.70 | 77.80 | 62.82 |
| 12 | 6 .26 | 32.81 | 77.69 | 62.53 |
| 13 | 6.26 | 32.85 | 77.75 | 62.67 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9-March | 15.80 | 2035.71 | 1764.67 | 5881.12 | 1151.00 |
| 10-March | 15.65 | 2047.14 | 1758.85 | 5955.26 | 1136.00 |
| 11-March | 15.69 | 2035.49 | 1742.27 | 5911.36 | 1127.00 |
| 12-March | 15.64 | 2032.58 | 1737.57 | 5957.50 | 1126.00 |
| 13-March | 15.62 | 2033.02 | 1735.10 | 5975.65 | 1118.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ထိုင်းနိုင်ငံမှ ဘိလပ်မြေများသာဝင်

မတ်လပထမ သီတင်းတစ်ပတ်ဖြစ်တဲ့ မတ်လ ၁ ရက်မှ ၇ ရက်အတွင်း ကန်ဒေါ်လာ ၄၅၂၆၁၃၀ တန်ဖိုးရှိ ဘိလပ်မြေ ၅၄၃၅၅ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်တွင်းကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ထိုင်းနိုင်ငံမှ ဘိလပ်မြေများသာ အဝင်ရှိခဲ့ပြီး ဆင်ဘိလပ်မြေ ၃၄၆၁၅ တန်နဲ့ စိန်ဘိလပ်မြေ ၁၉၇၄၀ တန်ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်နဲ့ ယှဉ်ရင် တန်ချိန် ၅၂၄၇ အဝင်လျော့ခဲ့တယ် လို့ သိရပါတယ်။

### အရောင်းအဝယ်သွက်လာသော်လည်း ဈေးကွက်လှုပ်ရှားမှုမရှိတဲ့ ဘိလပ်မြေ

**ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-**

မတ် ၁ ရက်မှ ၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ငါးသောင်းလေးထောင်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းကိုးထောင် ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ငါးထောင်နှစ်ရာ လေးဆယ်ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်းငါးထောင့်သုံးရာကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် နှစ်သောင်းရှစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်ခုနစ်ထောင် ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင် လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်း သွက်တယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့် နယ်ဘက်မှလည်း အဝယ်ဆင်း တာကြောင့် အရောင်းအဝယ်သွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲအရောင်းအဝယ်ဖြစ် တဲ့ဈေးက ဆင်(ထိုင်း) ၅၈၀၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြို့ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ပဲခူးဈေးကွက်မှာ** ဘိလပ်မြေကဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ် လို့ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်က လိုက် တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၆၀၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ ကြံ့(မြို့ကလေး) ၅၂၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ် တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ကောင်း လာသလို ဘိလပ်မြေဈေးကလည်း အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ စိန်နဲ့ ကမ္ဘောဇက နှစ်ရာကျပ်ဝန်းကျင်ဈေးမြင့်လာပေမယ့် အဝယ်လိုက်လာတဲ့ အပါချီက ၈၀၀ ဝန်းကျင်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၄၄၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၄၀၀ ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ် ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မှာ ဓာတ်မြေဩဇာအဝင်နည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်တွင်းကို ကန်ဒေါ်လာ ၁၉၅၆၇ တန်ဖိုးရှိ မြေဩဇာ ၁၀၇ ဒသမ ၃၄၄ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အမိုးနီးယမ်းဆာလဖိတ် ၁၀၄ ဒသမ ၃၄၃ တန်နဲ့ ဩစတြေးလျမှ ASTRON ဓာတ် မြေဩဇာ ၃ ဒသမ ၀၀၁ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ မြေဩဇာ အဝင် တန်ချိန် တစ်သောင်းနှစ်ထောင်ကျော်ထိရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဓာတ်မြေဩဇာ အဝင်တော်တော်လေးနည်းခဲ့တယ်လို့ သိရပါတယ်။

### ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးနေဆဲ ဓာတ်မြေဩဇာ

မတ်လ ၁ ရက်မှ ၇ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ ဓာတ်မြေဩဇာ တန်ချိန် တစ်ရာ့ခုနစ်တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ် သောင်းနှစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်တစ်သောင်းတစ် ထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းငါးထောင့်ခြောက်ရာကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် နှစ်ထောင့်ခြောက်ရာ့နှစ်ဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ် လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ ပဲခူး၊ မကွေးမှာ မြေဩဇာဈေး ငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျ အနည်းငယ်ဖြင့် အရောင်း အဝယ်ဖြစ်တယ် လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရ ပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ- တရုတ်)၁၁၅၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပါး တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားဈေးနည်းနည်းတက်ပြီး တီစူပါနဲ့ ပိုတက် ကဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၀၆၀၀ ကျပ်၊တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၅၀၀၀ ကျပ်၊ ဓါတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၃၀၀၀ ကျပ်၊ (ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၃၈၀၀ ကျပ်ဈေးရှိ တယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ပဲခူးဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာမြေဩဇာကအရောင်းအဝယ်အေးပြီး ယခင် တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊ အစိမ်း) ၁၃၀၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၀၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၄၃၀၀ ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၄၂၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၃၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေ တောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင် ကမ္ဘာ (၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၆၀၀ ကျပ်၊ တောင်သူမ ၁၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိ ရပါတယ်။

## နို့မှုန့်

### ဒီတစ်ပတ် နို့မှုန့် တစ်မျိုးတည်းသာဝင်

ပြည်တွင်းကို မတ်လ ၁ ရက်မှ ၇ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေ ကြောင်းလမ်းမှ နို့ဆီအဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန် ဒေါ်လာ ၆၈၀၀၀၅ တန်ဖိုးရှိ နို့မှုန့် ၁၉၄ ဒသမ ၇၁၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နယူးဇီလန်မှ ၁၇၂ ဒသမ ၄၀ တန်နဲ့ စင်ကာပူမှ ၂၂ ဒသမ ၃၁၄ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်း ပတ်နို့မှုန့်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၃၂ ဒသမ ၆၆၄ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။



### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၂ မှ ၆/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၂ မှ ၂၇/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၄၇၀၈.၇၅ | ၁၇၃၁.၆၅ | (+) ၂၉၇၇.၁၀ |
| ၂။ | လွယ်ဂျယ် | ၇၄၁.၀၀ | ၈၅၈.၀၀ | (-) ၁၁၇.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၅၀၈၉.၀၀ | ၄၃၁၈.၀၀ | (+) ၇၇၁.၀၀ |
| ၅။ | တာချီလိတ် | ၆၅၀၀.၀၀ | ၃၆၁၀.၀၀ | (+) ၂၈၉၀.၀၀ |
| ၆။ | မြဝတီ | ၄၁၈၀.၆၀ | ၄၈၁၉.၇၄ | (-) ၆၃၉.၁၄ |
| ၇။ | ကော့သောင်း | ၁၃၉၈၃.၉၅ | ၁၂၆၅၀.၀၀ | (+) ၁၃၃၃.၉၅ |
| ၈။ | မြိတ် | ၁၂၅.၀၀ | ၃၁၅.၀၀ | (-) ၁၉၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၃၅၃၂၈.၃၀ | ၂၈၃၀၂.၃၉ | (+) ၇၀၂၅.၉၁ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၂ မှ ၆/၃ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၂ မှ ၂၇/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၀၁၇.၆၀၀ | ၁၁၆၂၈.၇၅၀ | (+) ၂၃၈၈.၈၅၀ |
| ၂။ | လွယ်ဂျယ် | ၉၅.၀၀၀ | - | (+) ၉၅.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၅၄၉.၂၅၀ | (-) ၅၄၉.၂၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၈၂၀.၈၃၀ | ၄၇၈.၂၀၀ | (+) ၃၄၂.၆၃၀ |
| ၆။ | ကော့သောင်း | ၁၀၀.၀၀၀ | ၃၄၉.၂၁၁ | (-) ၂၄၉.၂၁၁ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၆၀၀.၀၀၀ | - | - |
| | စုစုပေါင်း | ၁၅၆၃၃.၄၃၀ | ၁၃၀၀၅.၄၁၁ | (+) ၂၆၂၈.၀၁၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း

### မူဆယ်တွင် နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်တွင်နှမ်းတင်ပို့မှုလျော့ကျ

မတ်လ ပထမပတ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း မှ ကန်ဒေါ်လာ ၁ ဒသမ ၅၁၇ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၈၈၀ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က မူဆယ်မှ ၁၉၇ တန်၊ ချင်းရွှေဟော်မှ ၁၁၇၆ တန် တင်ပို့ခဲ့တာဖြစ်လို့ ယခုတစ်ပတ်ရဲ့ နှမ်းရောင်စုံတင်ပို့မှုကတော့ မူဆယ်မှပိုမိုခဲ့ပြီး ချင်းရွှေဟော်မှ နှမ်းတင်ပို့မှုလျော့ကျသွားတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၂၀၇၈၁၉၂ကျပ်၊ နှမ်းနက် တစ်တန် ၂၁၆၁၁၁၁ကျပ် ရှိရာမှ ယခုတစ်ပတ်မှာ နှမ်းဖြူဈေး ၁၇၃၅၀၀၈ ကျပ်နဲ့ နှမ်းနက်ဈေး ၁၈၉၉၇၅၃ ကျပ်သို့ ကျဆင်းသွားခဲ့ပါတယ်။ယခုတစ်ပတ်ရဲ့နှမ်းရောင်စုံတင်ပို့မှုကို စခန်းအလိုက်ဖော်ပြပေးလိုက်ပါတယ်-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၁၉၈. ၆ | ၁၄၇ |
| နှမ်းနက် | ၄၅၅. ၈ | ၂၉ |
| နှမ်းညို | ၅၀. ၀ | - |

မော်မော်အောင် MIRT (DCCA)

### ပြည်ဈေးကွက်တွင် နှမ်းနီဈေးပြန်မြင့်ပြီး နှမ်းနက်ဈေးပြန်ကျ

ယခုမတ်လဆန်း ဒုတိယပတ် ပြည်ဈေးကွက်မှာ နှမ်းနီဈေးပြန်တက်ပြီး နှမ်းနက်ဈေးပြန်ကျလာပါတယ်။ ဈေးကွက်ကို နှမ်းအဝင်မရှိဘဲ လှောင်နှမ်းများကြောင့် အရောင်းအဝယ်အနည်းငယ်ဖြစ်နေပါတယ်။ နှမ်းနီကို ဆီစက်သမားများက ဆီကြိတ်ရန်အဝယ်ပြန်လိုက်လာလို့ ဈေးအနည်းငယ်မြင့်လာတာဖြစ်ပါတယ်။ နှမ်းနက်ကို ဝယ်လက်သမားများက အဝယ်ရပ်နေတာကြောင့် ယခုတစ်ပတ်မှာ နှမ်းနက်ဈေးပြန်ကျလာပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၃၁၆၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုပြီး နှမ်းနက်တစ်တင်း ၂၈၃၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာ ၅၂၀၀ ကျပ်အထိ ရှိနေပါတယ်။

ဝေဝေမင်း-ပြည်

## စားအုန်းဆီ



### မလေးရှားရင်းဂစ်တန်ဖိုးမြင့်တက်ခြင်းနဲ့အတူ မလေးရှားစားအုန်းဆီဈေးကျ

ယခုရက်သတ္တပတ်မှာ ရင်းဂစ်တန်ဖိုး မြင့်တက်လာပြီး ရင်းနှီးမြှုပ်နှံသူတွေက စားအုန်းဆီဝယ်လိုအားကျဆင်းမယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါကြောင့် မလေးရှားစားအုန်းဆီဈေးက မတ်လ ၁၂ ရက်မှာ ကျဆင်းခဲ့ရာ သုံးနှစ်အတွင်း ခြောက်ရက်မြောက်ကျဆင်းခဲ့တာဖြစ်ပါတယ်။

ပဲပုပ်ဆီဈေးနှုန်းကျဆင်းမှုကြောင့် ဈေးနှုန်းကို အဓိကဦးစားပေးစဉ်းစားကြတဲ့ ဝယ်သူတွေက ပဲပုပ်ဆီဘက်ကို ဦးလှည့်လာတာတွေ့ရကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။

"ယခုအချိန်မှာ ဝယ်လိုအားက ကျဆင်းနေပြီး ထုတ်လုပ်မှုက မြင့်တက်နေပါတယ်"လို့ စင်ကာပူရှိ ကုန်စည်ပွဲစားလုပ်ငန်းက ကုန်သည်တစ်ဦးက ပြောပါတယ်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကစပြီး ပို့ကုန်ပမာဏဆိုးဆိုးဝါးဝါးကျဆင်းခဲ့ခြင်းနဲ့အတူ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက ယခုလမှာ ဆက်လက်ကျဆင်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ လနဲ့နှိုင်းယှဉ်ရင် မတ်လ ၁ မှ ၁၀ ရက်အတွင်း ၁၂ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းအတွင်း ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စားအုန်းဆီဈေးက မတ်လ ၁၁ ရက်နေ့က တစ်တန်ကို ၂၂၈၀ ရင်းဂစ်နှုန်းထိ ခေတ္တမျှမြင့်တက်ခဲ့ပြီးနောက် တစ်တန်ကို ၂၂၄၃ ရင်းဂစ် (၆၀၈ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

စုစုပေါင်းကုန်သွယ်မှုပမာဏက ၂၅ တန်ရှိအတွဲပေါင်း ၃၈၁၆၆ တွဲရှိခဲ့ရာပျမ်းမျှရောင်းချရသောတွဲ ၃၅၀၀၀ အထက်မှာရှိနေတာကို တွေ့ရပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုးက မတ်လ ၁၁ ရက်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၁၇၀ ရင်းဂစ်နှုန်းနဲ့ ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းကိုကျဆင်းခဲ့ပြီးနောက် မတ် ၁၂ ရက်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၈၉၀ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

စာရင်းဇယားများကို အခြေခံတွက်ချက်မှုအရ စားအုန်းဆီ အနိမ့်ဆုံး တစ်တန်ကို ၂၂၁၈ ရင်းဂစ်နှုန်း ဖြစ်မယ်လို့ ရိုက်တာသတင်းဌာနရဲ့ ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။ စားအုန်းဆီကုန်သည်များအနေနဲ့ မတ် ၁၁ ရက်က စတင်ခဲ့တဲ့ အာဂျင်တီးနားရဲ့ သုံးရက်ကြာဆန္ဒပြမှုကို စောင့်ကြည့်လျက်ရှိပါတယ်။ ထိပ်တန်းပဲပုပ်တင်ပို့သူ လေးဦးအနက် သုံးဦးအပါအဝင် အာဂျင်တီးနားလယ်သမားတွေက ပဲပုပ်ဆီရောင်းချမှုကို ရပ်တန့်ဖို့ ဆန္ဒပြလျက်ရှိပါတယ်။

မေလစာချုပ်အရ ဒါလီယံဈေးကွက်မှာ ပဲပုပ်ဆီဈေးက သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ပဲပုပ်ဆီရဲ့ မေလအတွက် ချုပ်ဆိုတဲ့ စာချုပ်ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်

### ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၃-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၅၀ | △ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၅၀၀၀ | △ | ၁၃၅၅ | ၁၃၉၅ | △ |
| မန္တလေး | ၃၄၀၀ | ၃၅၀၀ | △ | ၃၅၀၀ | ၃၅၀၀ | □ | ၁၄၉၀ | ၁၄၅၀ | ▽ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၀၀၀ | ၄၉၀၀ | ▽ | ၁၄၂၀ | ၁၄၂၀ | □ |
| မကွေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၇၀၀ | ၃၉၀၀ | △ | ၃၇၀၀ | ၃၈၀၀ | △ | ၁၅၀၀ | ၁၅၀၀ | □ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၉-၃-၂၀၁၅ မှ ၁၃-၃-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၉-၃-၂၀၁၅ | ၇၀၅ |
| (၂) | ၁၀-၃-၂၀၁၅ | ၆၉၅ |
| (၃) | ၁၁-၃-၂၀၁၅ | ၆၉၅ |
| (၄) | ၁၂-၃-၂၀၁၅ | ၆၉၅ |
| (၅) | ၁၃-၃-၂၀၁၅ | ၆၉၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၃-၂၀၁၅ US$/Ton

| အမျိုးအစား | မတ်လပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၄.၀၀ | ၆၄၉.၅၀ | ▽ |
| RBD P.Olein | ၆၅၆.၅၀ | ၆၅၆.၅၀ | □ |
| RBD P.Strarin | ၆၆၆.၀၀ | ၆၅၆.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃ - ၃ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၀၂.၉၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၁ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၇.၄၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၂၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၃၆.၇၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၃-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာ၊ FOB ၆၆၅ ဒေါ်လာနှင့် Earning ဈေး ၁၀၆၇ကျပ်)ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၃-၃-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ ခရီးသွားအေဂျင်စီများအသင်းမှ ခရီးသွားလာမှုမြှင့်တင်ရေး ပြပွဲကျင်းပ

စင်ကာပူနိုင်ငံ၌ ၁၉၈၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး လက်ရှိကာလတွင် အသင်းဝင်ပေါင်း ၃၄၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် စင်ကာပူအမျိုးသား ခရီးသွားလာရေးအေဂျင်စီများအသင်း (NATAS) သည်ခရီးသွားမြှင့်တင်ရေး ပြပွဲများကိုတစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပလျက်ရှိပါသည်။ ယခုနှစ်အတွက် ကျင်းပသော ခရီးသွားပြပွဲ NATAS Travel Fair ၂၀၁၅မှာနာမည်ကြီးခရီး သွားလာရေးအေဂျင်စီများ ပါဝင်ခြင်းမရှိဘဲ စင်ကာပူအိတ်စပိုခန်းမတွင် မတ်လ ၆ ရက်မှ ၈ ရက်နေ့အထိ ခင်းကျင်းပြသခဲ့ပြီးဖြစ်ပါသည်။

NATAS ၏ ၂၀၁၅ ခရီးသွားပြပွဲကို Big Four ဟု အမည်ရသည့် CTC Travel, Dynasty Travel, Chan Brothers Travel နှင့် SA Tours ခရီးသွားကုမ္ပဏီကြီးလေးခုအပါအဝင် အေဂျင်စီ ၂၄ခုက သပိတ်မှောက်ခဲ့ကြသဖြင့် ယခင်နှစ်ပြပွဲ၌ ခင်းကျင်းပြသသည့် လုပ်ငန်းအရေအတွက် ၁၆၁ ခု အောက်လျော့နည်းပြီး ခရီးသွား လုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းပေါင်း ၉၀ကျော်သာဝင်ရောက်ပြသခဲ့ပါသည်။ သို့ရာတွင် ပြပွဲဝင်ကြေး ကောက်ခံခြင်းမရှိသကဲ့သို့ ဘက်ဒေ့ါနှင့်တမ်ပိုင်း အမြန်ရထားဘူတာရုံများနှင့် အိတ်စပိုခန်းမတို့ အကြားလွန်းပြန် မော်တော်ယာဉ်များကိုအခမဲ့ ပြေးဆွဲခြင်းတို့ကြောင့် လာရောက်ကြည့်ရှုသူ ပရိသတ်မှာ ၅၅၂၀၀ ကျော်ရှိပြီး ယခင်နှစ် ဖေဖော်ဝါရီလ၌ ကျင်းပသည့်ပြပွဲသို့ လာရောက်သူဦးရေ ၅၄၂၇၅ ထက် အနည်းငယ်ပိုမိုခဲ့ပါသည်။

NATAS အနေဖြင့် လွန်ခဲ့သော လေးနှစ်တာကာလအတွင်း အချို့သော ကိစ္စရပ်များအပေါ် ပြေလည်အောင်ဖြေရှင်းမှုမပြုနိုင်သဖြင့် Big Four နှင့် ခရီးသွားအေဂျင်စီများမှ ယခုအကြိမ်ကျင်းပသည့် ခရီးသွားပြပွဲ၌ ပူးပေါင်းပါဝင်ခြင်းမပြုဘဲ သီးခြားပြပွဲတစ်ရပ်ကို ၎င်းတို့ဘာသာ တစ်ပြိုင်တည်းပြုလုပ်ရန် ၂၀၁၄ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းတွင်ဆုံးဖြတ်ခဲ့ကြပါသည်။ ပြခန်းတည်ဆောက်မှုနှင့် ငှားရမ်းခအတွက်ခင်းကျင်းပြသသူများထံမှပြပွဲ၌ ပါဝင်လုပ်ဆောင်မှုစရိတ်များကို NATAS က ကောက်ခံခြင်း၊ လာရောက်ကြည့်ရှုသူများထံမှ ပြပွဲဝင်ကြေးများကို NATAS ကကောက်ခံခြင်း၊ ပြပွဲအပြီးသတင်းထုတ်ပြန်ကြေညာရန် NATAS မှ အားထုတ်လုပ်ကိုင်မှုနည်းပါးခြင်း ပြပွဲများသို့လာရောက်ကြည့်ရှုသူအရေအတွက်နှင့် ရောင်းအား ကျဆင်းလာမှုတို့အပေါ် NATAS မှ ကိုင်တွယ်လုပ်ဆောင်မှုနည်းပါးခြင်း၊ ပြခန်းရွေးချယ်မှုနည်းစနစ်မှာ ပါဝင်ပြသသူကုမ္ပဏီများအကြား မလိုလားအပ်သောယှဉ်ပြိုင်မှုများတိုးပွားစေခြင်း၊ ပြပွဲမှရရှိသည့် ငွေများအား မည်သို့ မည်ပုံ သုံးစွဲမှုပြုကြောင်းနှင့် NATAS ၏ဝင်ငွေလည်ပတ်စီးဆင်းမှုတွင် အဓိကကျသော ဘဏ္ဍာရေးအစီ ရင်ခံစာထုတ်ပြန်ခြင်းတို့၌ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ခရီးသွားပြပွဲများ ကျင်းပရန်အတွက် ဆုံးဖြတ်ချက်များချမှတ်ရာ တွင်ပါဝင်ပြသသည့် လုပ်ငန်းအမျိုးအစားအလိုက် ဖွဲ့စည်းထားသော ပြပွဲလုပ်ငန်းကော်မတီများ၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်ရန် NATAS က ငြင်းပယ်ခြင်း စသည့်အချက်များကြောင့် Big Four နှင့်ခရီးသွားအေဂျင်စီများက သပိတ်မှောက်ခဲ့ခြင်း ဖြစ်သည်။

NATAS သည် ၂၀၁၀ခုနှစ်၌ ပြပွဲဝင်ကြေးအဖြစ် လူတစ်ဦးလျှင်သုံး စင်ကာပူဒေါ်လာနှုန်းကောက်ခံခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင်တစ်ဦးလျှင်လေး စင်ကာပူဒေါ်လာသို့တိုးမြှင့်ပြီးအသက် ၁၂ နှစ်အောက်ကလေးများအားအခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ရာ Trip Zilla မဂ္ဂဇင်း၏ဖော်ပြချက်အရ NATAS သည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်ကျင်းပသော ခရီးသွားမြှင့်တင်ရေးပြပွဲ၌ ဝင်ခွင့်လက်မှတ်ရောင်းချမှုတစ်မျိုးတည်းမှပင်ဝင်ငွေ ဒေါ်လာ ၂သိန်းကျော် ရရှိခဲ့ကြောင်းသိရှိရပါသည်။ ဝင်ကြေးနှုန်းထားတိုးမြှင့်ကောက်ခံမှုကပရိသတ် အရေအတွက်ကို လျော့ကျစေခဲ့ရာ ၎င်းပြပွဲတွင် ၅၆၁၈၉ ဦးသာလာရောက်ကြည့်ရှုခဲ့ကြပြီးနှစ်အလိုက် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပါသည်။ အကျိုး ဆက်အားဖြင့်ပြပွဲ၌ပါဝင်ပြသသည့် အေဂျင်စီများ၏ခရီးသွားအစီအစဉ်များကို ကြိုတင်ဝယ်ယူမှုပမာဏသည်လည်း ကျဆင်းခဲ့ပါသည်။ ထို့အပြင် NATAS မှသတ်မှတ်သည့်ပြခန်းတစ်ခုချင်းတည်နေရာနှင့်အကျယ်အဝန်းပေါ်မူတည်၍ ခင်းကျင်းပြသသည့်အေဂျင်စီတစ်ခုစီ၏ ပြပွဲကုန်ကျစရိတ်မှာ စင်ကာပူဒေါ်လာ တစ်သိန်းမှနှစ်သိန်းအထိကျခံရလေ့ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ထိရောက်အောင်မြင်မှုမရှိဘဲ ခရီးသွားအေဂျင်စီများ၏ ဝေဖန်ပြောဆိုမှုများကို ကြုံတွေ့လာခဲ့ရပါသည်။

ထို့နောက် ခရီးသွားကုမ္ပဏီကြီးလေးခုနှင့် အခြားအေဂျင်စီ ၂၀ တို့မှ ၂၀၁၅ ခုနှစ်မတ်လ ၂၇ရက်မှ ၂၉ရက်နေ့အထိ Travel Revolution ၂၀၁၅ ဟု အမည်ရသော ခရီးသွားပြပွဲကိုNATAS ၏Travel Fair ၂၀၁၅ နှင့် အပြိုင် Marina Bay Sands ကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ ပြပွဲခင်းကျင်းမှုကုန်ကျစရိတ်ကို NATASမှ ကောက်ခံသည့်နှုန်းထက် ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိလျော့နည်းအောင်လုပ်ဆောင်မည်ဖြစ်ပြီးအများပြည်သူကို အခမဲ့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းဖြင့် ပြီးခဲ့သည့်နှစ်နိုဝင်ဘာ ၂၅ ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ အဆိုပါ အုပ်စု၌ပါဝင်သည့် Nam Ho Travel ကုမ္ပဏီမှဒါရိုက်တာ Mr.Marshall Ooi က ၎င်းတို့အနေဖြင့် အမျိုးသားခရီးသွားလာရေး ကိုယ်စားလှယ်များ အသင်းကိုစိန်ခေါ်ခြင်းမဟုတ်ဘဲ ခရီးသွားအေဂျင်စီများနှင့်စားသုံးသူများအတွက် စရိတ်စကများလျော့ပါးသက်သာရေးကိုရှေးရှု လုပ်ဆောင်ခြင်းသာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။NATAS သည်ယခင်ခရီးသွားပြပွဲများ၌ ဈေးကွက်စုစုပေါင်းရောင်းအား၏ ၈၀ ရာခိုင်နှုန်းခန့်ကိုရယူထားသော အဆိုပါခရီးသွားအေဂျင်စီ ၂၄ ခုမှ စုစည်းကျင်းပမည့် ပြပွဲတွင် အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ခရီးသွားလာရေး အဖွဲ့အစည်းများ၊ ဘဏ်လုပ်ငန်းများ၊ လေကြောင်းလိုင်းများနှင့်ခရီးသွား လာရေးကုမ္ပဏီများ စုစုပေါင်းလုပ်ငန်း ၅၆ ခုမှ ပါဝင်ပြသမည်ဖြစ်ပါ သည်။

သို့ဖြစ်ရာ NATAS အနေဖြင့်ပြပွဲနှစ်ခုအပြိုင်ကျင်းပမည့် အခြေအနေကိုရှောင်ကြဉ်လျက်မူလပြုလုပ်မည့်ကာလထက် ရက်သတ္တပတ် သုံးပတ်မျှစော၍ ၂၀၁၅ ခုနှစ်ခရီးသွားပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ယခုပြပွဲ၌ ဂျပန်၊ တောင်ကိုရီးယား၊တရုတ်၊တရုတ်(တိုင်ပေ)၊ ထိုင်း၊ အင်ဒိုနီးရှား၊နယူးဇီလန်၊အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့မှ ခရီးသွားလာရေး လုပ်ငန်းအသင်းအဖွဲ့ ၁၉ခု၊ ဒေသတွင်း ခရီးသွားလာရေးကုမ္ပဏီ ၂၀ ခုနှင့် ဟိုတယ်အပန်းဖြေလုပ်ငန်းကုမ္ပဏီ ရှစ်ခု တို့အပါအဝင်ခရီးသွားလာမှုဆိုင်ရာ လုပ်ငန်းဌာနပေါင်း ၉၂ခုတို့ခင်းကျင်းပြသခဲ့ကြသည်။ ပြပွဲတွင်စင်ကာပူနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ ဘာတမ်ကျွန်းသို့ နေ့ချင်းပြန် သွားရောက်သော စင်ကာပူ ဒေါ်လာ ၁၅ မှ ၈၀ခန့်အထိသာ ကုန်ကျမည့် ခရီးသွားအစီအစဉ်မှသည် စင်ကာပူဒေါ်လာ ၄၅၀၀ခန့်ကျခံသုံးစွဲလျက် နယူးဇီလန်နိုင်ငံသို့ ၁၀ ရက် ခရီးသွားရောက်သည့် အစီအစဉ်များ အထိပြသခဲ့သည့်အပြင် အကာပဒေသာများ၊ ဒေသထွက်စားသောက်ကုန်ဆိုင်ခန်းများနှင့်ကျောင်းသားလူငယ်များအတွက် ပန်းချီရေးဆွဲပြိုင်ပွဲများကိုပါထည့်သွင်းလျက်ပရိသတ်ကိုဆွဲဆောင်မှုပြုခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊**
**စီးပွားရေးသံမှူးမြန်မာသံရုံး၊**
**စင်ကာပူမြို့**

## ဘယ်လ်ဂျီယံနိုင်ငံတွင် ရှန်ပိန်ဝိုင် သောက်သုံးမှုတိုးတက်လာ

ကမ္ဘာပေါ်တွင် ပြင်သစ်နိုင်ငံပြီး နောက်ဘယ်လ်ဂျီယံနိုင်ငံသည် ရှန်ပိန် ဝိုင်တစ်ဦးချင်းသောက်သုံးမှုအများဆုံး နိုင်ငံဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံသည်ရှန်ပိန်ဝိုင်ပုလင်း စုစုပေါင်း ၁၀ သန်းခန့် သောက်သုံးခဲ့ ပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် ပိုမိုသောက်သုံးခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၇၁ ဒသမ ၄ သန်းခန့်တန်ဖိုးရှိသော ရှန်ပိန်၊ စပါကလင်ဝိုင်များကို ပြင်သစ်နိုင်ငံ၊ စပိန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တောင်အမေရိကနိုင်ငံ၊ ချီလီနိုင်ငံ၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊အာဂျင်တီးနားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ယူကရိန်းနိုင်ငံစသည့်နိုင်ငံများမှတင်သွင်း ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်းဘယ်လ်ဂျီယံနိုင်ငံ၏ရှန်ပိန်/ စပါကလင်ဝိုင်တင်သွင်းမှုသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ၅ရာခိုင်နှုန်း ခန့်တိုးတက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၃ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ရှန်ပိန်/စပါကလင်ဝိုင် တင်သွင်းမှုသည် ၁၂ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပါသည်။ ၂၀၁၃ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ရှန်ပိန်/စပါကလင်ဝိုင် တင်သွင်းမှုသည်ကမ္ဘာ့ရှန်ပိန်/စပါကလင် ဝိုင်တင်သွင်းမှု၏ ၆ ဒသမ ၄၉ရာခိုင်နှုန်း ခန့်ရှိခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာပေါ်တွင် ရှန်ပိန်/စပါကလင်ဝိုင် ပဉ္စမအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ခဲ့ပါသည်။

## ဘယ်လ်ဂျီယံအစားအစာကုမ္ပဏီ ယူရို သန်း ၈၀ ရင်းနှီးမြှုပ်နှံမည်

ဘယ်လ်ဂျီယံနိုင်ငံ၊ Ghent မြို့ အခြေစိုက် အစားအစာကုမ္ပဏီတစ်ခုဖြစ်သော Alpro သည် ၎င်း၏ စိုက်ပျိုးရေးထုတ်ကုန် အခြေခံအစားအသောက်များ ထုတ်လုပ်နေမှုကို တိုးချဲ့နိုင်ရေးအတွက် ယူရိုသန်း ၈၀ ထပ်မံရင်းနှီးမြှုပ်နှံသွား မည်ဖြစ်ကြောင်းသိရှိရပါသည်။ Alpro သည် ၎င်း၏ အစားအစာထုတ်လုပ်ရေး စက်ရုံများအားဘယ်လ်ဂျီယံနိုင်ငံအပြင် အခြားဥရောပနိုင်ငံများဖြစ်သည့် ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် နယ်သာလန် နိုင်ငံတို့တွင်လည်း တည်ထောင်ထားပါသည်။ ယခုထပ်မံရင်းနှီးမြှုပ်နှံမှုအနက် ယူရို၆၄သန်းအားဘယ်လ်ဂျီယံနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီးအလုပ်အကိုင်သစ် ၂၀၀ခန့် ဖန်တီးပေးနိုင်ရန် အဆိုပါ ကုမ္ပဏီကမျှော်မှန်းထားပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၊**
**စုစည်းတင်ပြသည်။**

## ဂျာမနီနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခ သတ်မှတ်လိုက်ခြင်းကြောင့် လူအစား အလိုအလျောက်လုပ်စက်ကိရိယာများ အသုံးပြုမှုတိုးတက်လာနိုင်

ဂျာမနီနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခ သတ်မှတ်ခြင်းဆိုင်ရာစည်းမျဉ်းသည် ဇန်နဝါရီလ တစ်ရက်မှစ၍ သက်ဝင်လာပြီဖြစ်သည်။ အဆိုပါစည်းမျဉ်းအရ ဂျာမနီနိုင်ငံရှိလုပ်သားများ၏အနည်းဆုံး တစ်နာရီလုပ်ခမှာ ၈ ဒသမ ၅ယူရို ဖြစ်ပါသည်။ ထိုသို့ ဂျာမနီနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခသတ်မှတ်လိုက်ခြင်းကြောင့် ဂျာမန်လုပ်သား ၃ ဒသမ ၇ သန်းခန့် အကျိုးအမြတ်ရရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ထို့အပြင် အကျိုးဆက်အနေဖြင့် လုပ်သားစရိတ်လျှော့ချရန် ဂျာမနီနိုင်ငံ၌စက်ပစ္စည်းများနှင့် လူအစား အလိုအလျောက်လုပ်နိုင်သော စက်ကိရိယာများ(စက်ရုပ်လူသား) အပေါ် ရင်းနှီးမြှုပ်နှံမှုများ ရေရှည်ကာလတွင် တိုးတက်များပြားလာနိုင်ကြောင်း ခန့်မှန်းရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းကုမ္ပဏီမှ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူလိုကြောင်း စုံစမ်း

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ လျှပ်စစ်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကို တင်သွင်းလိုကြောင်း ဆက်သွယ်လာပါသည်။ ထိုင်းနိုင်ငံဘက်မှ ဝယ်ယူလိုသည့် ကုန်ပစ္စည်းများကို HS Code များဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ အဆိုပါပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလိုပါက ထိုင်းနိုင်ငံ စီးပွားရေးသံရုံး၊ အမှတ်(၈၆- A)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၀၇၃၁၊ Email:ditpthailand9@gmail.com သို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည် -

| No. | HS Code | Raw Materials |
|---|---|---|
| 1. | 32 | Paints and varnishes (including enamels and lacquers) based on synthetic and other polymers in an aqueous medium , based on acrylic or vinyl polymers |
| 2. | 34 | Surface - active preparation , washing preparations and cleaning preparations nesoi, not put up for retail sale |
| 3. | 39 | Plastics and articles thereof |
| 4. | 40 | Rubber and articles thereof |
| 5. | 42 | Articles of leather, saddler and harness travel goods, handbags and similar containers, articles of gut (other than silkworm gut) |
| 6. | 48 | Paper and paperboard, articles of paper pule, paper or paperboard |
| 7. | 59 | Impregnated, coated, covered or laminated textile fabrics, textile articles suitable for industrial use |
| 8. | 63 | Made-up textile articles nesoi, needlecraft set, women clothing and worn textile articles rags |
| 9. | 73 | Articles of iron or steel |
| 10. | 74 | Articles of copper, nesoi |
| 11. | 75 | Articles of nickel, nesoi |
| 12. | 76 | Articles of aluminum, N.E.O.I |
| 13. | 83 | Miscellaneous articles of base metal |
| 14. | 84 | Nuclear reactors, boilers, machinery and mechanical appliances, part thereof |
| 15. | 85 | Electrical machinery and equipment and parts thereof, sound recorders and reproducers, television recorders, part and accessories |
| 16. | 87 | Vehicles, other than railway or tramway rolling stock, and parts and accessories |
| 17. | 90 | Optical photographic, cinematographic, measuring checking, precision, medical or surgical instruments and apparatus, parts and accessories thereof |
| 18. | 91 | Cocks and watch parts thereof |
| 19. | 94 | Furniture, bedding, cushions etc., lamps and lighting fitting nesoi, illuminated signs nameplates and the like, prefabricated building |
| 20. | 74 | Miscellaneous manufactured articles |

**(MTC-Yangon)**

# အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ယူရိုငွေဈေးနှုန်း ကျဆင်း

မတ်လ ၉ ရက်မှစတင်၍ ဥရောပ ဗဟိုဘဏ်သည် ၎င်း၏ ၁ ဒသမ ၁၄ ထရီလီယံတန်ဖိုးရှိသောငွေကြေးလွယ်ကူစေမည့် အစီအစဉ် (Quantitative Easing (QE) Program)အား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ မတ်လ ၁၀ရက်တွင် ယူရိုငွေကြေးသည် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၇ ခန့်သာ ရှိခဲ့သောကြောင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း အနိမ့်ဆုံးငွေလဲလှယ်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကိုရီးယား ငွေဖောင်းပွမှုနှုန်း ၁၆ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့

ကိုရီးယား စားသုံးသူဈေးနှုန်းများသည် ယခင်လက ၁၆ နှစ်အတွင်း အနိမ့်ဆုံး တိုးနှုန်းဖြစ်ခဲ့သည်။ ကိုရီးယား ဗဟိုစာရင်းအင်းဌာန၏ မတ်လ ၃ ရက် က ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီလတွင် စားသုံးသူ ဈေးနှုန်းများတက်သည့် နှုန်းသည် ယခင်နှစ် အလားတူကာလထက် သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း သိရှိရသည်။ ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးနေခြင်းသည် ကမ္ဘာ့ရေနံဈေးနှုန်းများ ထိုးကျနေသည့်အတွက်ဖြစ်ကြောင်း ကိုရီးယားအစိုးရက ကောက်ချက်ချသည်။ ပြည်တွင်း ရေနံဈေးနှုန်းများသည်လည်း ၅ ရာခိုင်နှုန်းကျော်ကျဆင်းသွားခဲ့သည်။

ယင်းအခြေအနေအရပ်ရပ်ကြောင့် ဈေးကွက်လေ့လာသူအချို့က ကိုရီးယား ငွေကျစ်မှုအန္တရာယ် (deflation) ကို စိုးရိမ်မကင်းဖြစ်လာခဲ့ကြသည်။ အချို့မှာမူ ငွေကျစ်မှုအန္တရာယ်ကို မစိုးရိမ်ရဘဲငွေဖောင်းပွမှုဖြစ်နိုင်ကြောင်း သာဆိုကြသည်။ အဘယ်ကြောင့် ဆိုသော် core inflation ငွေဖောင်းပွမှုတွင် ရေနံ ထွက်ကုန်ပစ္စည်းနှင့် စားသောက်ကုန် ဈေးနှုန်းများသည် ကာလရှည်ဈေးနှုန်း ပြောင်းလဲနိုင်မှုမရှိ၍ ဖယ်ထုတ်ထားနိုင်ပြီး၊ ယခုအခါ ၂ ဒသမ ၃ ရာခိုင်နှုန်းတွင်သာ ရှိနေကြောင်း ထောက်ပြပြောဆိုခဲ့ကြသည်။ **သန့်ဇင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကိုရီးယားတွင် Duty free စီးကရက်များ ဈေးပေါနေဆဲ

လတ်တလောတွင် တောင်ကိုရီးယားရှိ စီးကရက်လက်လီ ဈေးနှုန်းများ ဈေးတက်နေသော်လည်း အကောက်ခွန်လွတ်ဆိုင်များ (duty free shop) များတွင်ရောင်းချနေသော စီးကရက်များမှာ ဈေးသက်သာနေဆဲဖြစ်သည်။ ကိုရီးယားဘဏ္ဍာရေးနှင့် နည်းဗျူဟာဝန်ကြီးဌာန၏အဆိုအရ တရုတ်ခရီးသွားများ များပြားလာခြင်းကြောင့် အကောက်ခွန် ကင်းလွတ်ခွင့်ရသည့် ဆိုင်များရှိ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ တက်မသွားအောင် ဆွဲဆောင်ထားနိုင်ခဲ့သည်။ သို့မဟုတ်ပါက တရုတ်ခရီးသွားများ အခြားနိုင်ငံများသို့ ခြေဦးလှည့်သွားနိုင်သည်ဟု အဆိုပါဝန်ကြီးဌာနကဆိုသည်။

သို့သော်အစိုးရသည် ပြင်ပပေါက် ဈေးနှင့်အကောက်ခွန်ကင်းလွတ်ခွင့်ရသည့်ဆိုင်များရှိဈေးနှုန်းများကွာဟချက် ကြီးမားစွာဖြစ်ပေါ်မနေစေရန် သုံးသပ်သွားရမည်ဖြစ်သည်။ ယခုနှစ်အတွင်း စီးကရက်ဈေးနှုန်းများကို တစ်ဘူးလျှင် မူလဈေးနှုန်း ဝမ် ၂,၀၀၀ မှ ဝမ် ၄,၅၀၀ သို့တက်သွားခဲ့သည်။ သို့သော် အကောက်ခွန် ကင်းလွတ်ခွင့်ရသည့် ဆိုင်များတွင် စီးကရက်ဈေးနှုန်းသည် ပြင်ပပေါက်ဈေးထက် ၆၀ ရာခိုင်နှုန်းသက် သာနေခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အွန်လိုင်းစီးပွားရေးလုပ်ငန်းများ ကိုရီးယားတွင် ပိုမိုလုပ်ကိုင်လာ

ကိုရီးယားစစ်ပွဲပြီးစအချိန်တွင် မွေးဖွားခဲ့ကြသည့် ကိုရီးယားများ လုပ်ငန်းခွင်မှ အနားယူမှုများပြားလာသည့်အလျှောက် ကိုရီးယားသက်လတ်ပိုင်းများသည် အင်တာနက် အွန်လိုင်း မှ ဈေးရောင်းခြင်းလုပ်ငန်းများ စတင် လုပ်ဆောင်လာခဲ့ကြပြီး၊ လုပ်ငန်းငယ်လေးများသည်လည်း အင်တာနက်မှတစ်ဆင့် ဈေးကွက်သစ်များရှာဖွေလာခဲ့ကြသည်။ အွန်လိုင်းအရောင်း ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့်11st.co.kr ၏ မတ်လ ၂ ရက်နေ့ကထုတ်ပြန်သည့် စာရင်းအရ အသက် ၅၀ နှင့် ၆၀ ပတ်ဝန်းကျင် အရွယ်များ၏ အွန်လိုင်းမှ ဈေးရောင်းချသည့် လုပ်ငန်းဆောင်ရွက်လာမှု အရေအတွက်သည် ယခင်နှစ်က ထက်စာလျှင် ၄၀ ရာခိုင်နှုန်းတိုးလာသည်ဟု သိရသည်။

အွန်လိုင်းမှဈေးရောင်းသည့် အသက် ၅၀ ပတ်ဝန်းကျင်အရွယ်များ၏ အရေအတွက်သည် ၂၀၁၂ ခုနှစ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ e-commerce သင်တန်းတက်ရောက်သူများတွင်လည်း သက်လတ်ပိုင်းအရွယ်များ တိုးလာခဲ့သည်။ eBay Korea ၏ အရောင်းကျွမ်းကျင်သင်တန်းများတွင် အသက် ၅၀ နှင့် ၆၀ပိုင်းသင်တန်းသားများသည် သင်တန်းသားစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိသည်။ ကွန်ပျူတာနှင့် အကျွမ်းတဝင်မရှိသည့် အသက် ၅၀ နှင့် ၆၀ ပိုင်းများ၏ e-commerce သင်တန်းတက်ရန် လျှောက်လွှာများသည် နှစ်စဉ်နှစ်ဆတက်လာကြောင်း၊ eBay Korea မှ Ki-woong Park ကပြောကြားသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အီးယူတွင် ပြန်လည်ပြည့် ဖြိုးမြဲ စွမ်းအင် သုံးစွဲမှု အချိုးမြင့်တက်

အီးယူ၌ စုစုပေါင်းစွမ်းအင်သုံးစွဲမှု အနက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုအချိုးသည် ၂၀၁၄ ခုနှစ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၁၄ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၁၅ဒသမ သုည ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းစွမ်းအင်သုံးစွဲမှု အနက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး စွဲမှုအချိုး ၂၀ ရာခိုင်နှုန်း ဖြစ်လာစေရန် အီးယူကရည်မှန်းထားပါသည်။ ၂၀၁၃ ခုနှစ်တွင်စုစုပေါင်းစွမ်းအင်သုံးစွဲမှုအနက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုအချိုး အမြင့်ဆုံးအီးယူအဖွဲ့ဝင်နိုင်ငံများမှာ ဆွီဒင်နိုင်ငံ ၅၂ ဒသမ ၁ ရာခိုင်နှုန်း၊ လတ်ဗီးယားနိုင်ငံ ၃၇ ဒသမ၁ရာခိုင် နှုန်း၊ ဖင်လန်နိုင်ငံ ၃၆ ဒသမ ၈ ရာခိုင်နှုန်း၊ ဩစတြီးယားနိုင်ငံ ၃၂ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြစ်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုအချိုးအနိမ့်ဆုံး နိုင်ငံများမှာလူဇင်ဘတ်နိုင်ငံ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ မောလ်တာနိုင်ငံ ၃ ဒသမ ၈ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံ ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံ ၅ ဒသမ ၁ ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**







# AEC SHOWCASE GATEWAY TO AEC MARKET သို့ ခြေလှမ်းပြင်နေတဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ (၅၅) ကြိမ်မြောက် ကျောက်မျက်နှင့် လက်ဝတ်ရတနာ ပြပွဲသို့ လေ့လာရေးတစ်ခေါက်

|ခင်မြင့်မြင့်သန်း|

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင် ရာကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနတို့မှ ဦးဆောင်၍ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့ထိ ကျင်းပပြု လုပ်ခဲ့သည့် 55th Bangkok Gems & Jewelry Fair 2015 ပြပွဲသို့ သွား ရောက်လေ့လာခွင့်ရ ရှိခဲ့ပါတယ်။

စီးပွားရေးပညာရှင် ဒေါက်တာလှမြင့် ပြောသကဲ့သို့ Outward Looking ဆိုတဲ့ အပြင်ထွက်ကြည့်ခိုင်းတဲ့ စကားလုံးရဲ့ တန်ဖိုးကို ထိုင်းလေဆိပ် ရောက်စဉ်ကတည်းက သိရှိလိုက်ရပါ တယ်။ မြင်သမျှ၊ တွေ့သမျှ ကြီးကျယ်ခမ်းနားတဲ့ ခံစားမှုအသိအမြင်တွေ စတင် လေ့လာခွင့်ရရှိခဲ့ပါတယ်။ ကိုယ့်မြေ၊ ကိုယ်ရေ၊ ကိုယ့်နိုင်ငံနှင့် ခြံစည်း ရိုးကပ်နေတဲ့ အိမ်နီးချင်းနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မြင်ရတော့ ငါတို့ နိုင်ငံ ဒီလိုအခြေအနေမျိုး ဘယ်တော့ရောက်နိုင်မလဲ၊ အချိန်တွေ ဘယ်လောက်ယူရ အုံးမလဲ၊ ငါတို့နိုင်ငံမှာ လုပ်စရာတွေအများကြီး လိုနေသေးပါလားဆိုတဲ့ အသိတွေရခဲ့သလို ငါလည်း တော်တော်ညံ့ လို့ အခုမှ အပြင်ထွက်ကြည့်ခွင့်ရတာပါလားလို့ သုံးသပ်မိပါတယ်။

လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ် ၁၂ နှစ်တာ ကာလလောက်က စင်ကာပူနိုင်ငံကို FDI ခေါ် Foreign Direct Investment Workshop သွားခဲ့စဉ်ကလည်း အဲဒီနိုင်ငံရဲ့ သန့်ရှင်းမှုနှင့် ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့ခဲ့ရပြီး စင်္ကာပူနိုင်ငံထူထောင်ဖို့ လီကွမ်းယူဟာ မြို့တော် ရန်ကုန်ကို လာရောက်လေ့လာပြီး စင်္ကာပူနိုင်ငံကို ထူထောင်ခဲ့ ကြောင်း မှတ်သားခဲ့ဖူးပါတယ်။ ဒ့ါအပြင် လွန်ခဲ့တဲ့ နှစ် ၅၀ လောက် က ထိုင်းနိုင်ငံက မြန်မာနိုင်ငံကို ဈေးဝယ်ဖို့အတွက် Shopping လာ ခဲ့ရတယ်လို့ MJC က Marketing Management သင်တဲ့ ဂျပန် ဆရာက ပြောပြလို့ သိခဲ့ရပါတယ်။ ဒါဆို ငါတို့ နိုင်ငံ အခုဘာလို့ နောက်ကျကျန်ခဲ့ရတာလဲဆိုတော့ အပြင်ထွက်ကြည့်ခွင့် မရခဲ့ကြ လို့ပါဆိုတဲ့အဖြေကို ပြန်ရပါတယ်။

55th Bangkok Gems & Jewelry Fair 2015 ပြပွဲ ဖွင့်ပွဲအခမ်း အနားကို ဖေဖော်ဝါရီ ၂၄ ရက်နေ့က ဗန်ကောက်မြို့ရှိ Royal Jubilee Ballroom, Impact Muang Thong Thani မှာ ကျင်းပရာ ထိုင်း နိုင်ငံ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စား ထိုင်းနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ်က AEC SHOW CASE အား ရွှေသော့ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပါတယ်။

အဲဒီပြပွဲမှာ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ပြခန်းပေါင်း ၃၅၀၀ ကျော် လာရောက်ပြသခဲ့ကြပါတယ်။ Myanmar Pavilion အနေဖြင့် အခန်း ၆ခန်းတွင် ပြသသူပေါင်း ၁၃ ဖွဲ့ ပါဝင်ပြသခဲ့ပါတယ်။

ပြခန်းတွင်ဝင်ကြေးအဖြစ်လူတစ်ဦး လျှင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် ကောက်ခံခဲ့တာကို တွေ့ရပါတယ်။ ဒ့ါပြင် GIT လို့ ခေါ်တဲ့ The Gem & Jewelry Institute Of Thailand (Public Organization) ရဲ့ ကျောက်မျက် အခမဲ့စမ်းသပ်စစ်ဆေးခြင်းတို့ကိုလည်း ဝန်ဆောင်မှုတစ်ခုအနေဖြင့် တွေ့ ရှိရပါတယ်။

အာဆီယံနိုင်ငံများအပြင် နိုင်ငံ တကာမှလာရောက်ပြသကြတဲ့ ကျောက်မျက်နှင့်လက်ဝတ်ရတနာများရဲ့ ခေတ်မီ လှပဆန်းသစ်သော ဒီဇိုင်းများ၊ ထုပ်ပိုးမှုအသွင်များ၊ ခင်းကျင်းပြသထားမှုများနဲ့ နည်းပညာအဆင့်အတန်းများ မြင့်မားကောင်းမွန်မှုကို လေ့လာ တွေ့ရှိရပါတယ်။ ပြပွဲနဲ့အတူ ဖေဖော်ဝါရီ ၂၅၊ ၂၆၊ ၂၇ ရက်နေ့ တို့တွင်ဆွေးနွေးပွဲများကျင်းပပြီး ပြပွဲအတွက် Evaluation Form တွင် မေးခွန်း ၁၄ ခုခန့် ဖြည့်စွက်၍ အကဲဖြတ်ပေးရပါတယ်။ ဒီလို နှစ်စဉ် Evaluation Form များရဲ့ရလဒ်နဲ့ (၅၅) ကြိမ်မြောက် ပြီး ပြည့်စုံသောကျောက်မျက်နဲ့ လက်ဝတ်ရတနာပြပွဲကြီးတစ်ခု ကျင်းပ နိုင်ခဲ့တာဖြစ်မယ်လို့လည်း ထင်မြင်မိ ပါတယ်။ လာမည့် စက်တင်ဘာ လတွင် ကျင်းပပြုလုပ်မည့် ကျောက်မျက်ပြပွဲအတွက် ကြိုတင်ဖြည့် စွက်ရမည့် ပုံစံများထားရှိပေးခြင်းဖြင့် လာရောက်လေ့လာသူ၊ ပြပွဲ ပြသသူများ၊ ဝယ်ယူသူများ၊ ထုတ်လုပ်ရောင်းချသူများအနေဖြင့် ကြိုတင်ပြင်ဆင်ခွင့် ရရှိနိုင်တဲ့ အခွင့်အလမ်းကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီပြပွဲငါးရက်တာ လေ့လာတွေ့ ရှိချက်များအရ ခင်းကျင်းပြသ မှု၊ ဒီဇိုင်း၊ နည်းပညာ၊ ဝန်ဆောင်မှုများတွင် အခြားနိုင်ငံများက မိမိတို့ နိုင်ငံထက် သာသော်လည်း မိမိနိုင်ငံရဲ့ ကျောက်မျက်နှင့် လက်ဝတ် ရတနာများရဲ့ အရည်အသွေးကတော့ နိုင်ငံတကာထက် သာလွန် တာကို တွေ့ရပါတယ်။ ဒါကြောင့် မြန်မာ့ကျောက်မျက်ရတနာတွေ ကို အသိအမှတ်ပြု လက်ခံကြိုက်နှစ်သက်ကြတာကို တွေ့ရှိရတဲ့ အတွက် ဂုဏ်ယူဝမ်းသာစရာတစ်ခုဖြစ်ပါတယ်။

ကျောက်မျက် အရောင်းဆိုင်တိုင်း ရောင်းချရမှုပမာဏနဲ့ တန်ဖိုးများနည်းပါးပြီး ဈေးကွက်တွင် ဝယ်လိုအား နည်းလျက်ရှိ ကြောင်းသိရပြီး လွန်ခဲ့တဲ့ သုံးနှစ်ခန့်မှစ၍ ကျောက်မျက်ဈေးကွက် အခြေအနေယိမ်းယိုင်နေတယ်လို့ လည်း ကုန်သည်များထံမှ သိရပါ တယ်။

လုံခြုံရေးစနစ်နဲ့ ဆက်သွယ်ရေး စနစ်များ အားကောင်းပေ မယ့် နိုင်ငံတကာပွဲဖြစ်သည့်အတွက် အုပ်စုလိုက် လိမ်လည်မှု၊ ခိုးယူ မှုများလည်း ကြားသိရပြီး ပြပွဲတွင် ဖမ်းမိခြင်း၊ လေဆိပ်တွင် ဖမ်းမိ ခြင်းတို့ကလည်း လုံခြုံရေးနဲ့ ဆက်သွယ်ရေးစနစ် အားကောင်းမှုကို အတုယူသင့်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဒီ (၅၅) ကြိမ်မြောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပတဲ့ ကျောက်မျက်နဲ့ လက်ဝတ်ရတနာပြပွဲ အတွေ့ အကြုံများအရ ထိုင်း နိုင်ငံနဲ့ မိမိတို့နိုင်ငံ နှိုင်းယှဉ်ကြည့်ပါက မိမိတို့နိုင်ငံမှ ကုန်သည်များ ဟာ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီး၊ လုံခြုံရေးစနစ်နဲ့ စည်းကမ်း စနစ်များ၊ နည်းပညာ၊ ဒီဇိုင်းနဲ့ ထုပ်ပိုးမှုစနစ်အပြင် ပြည်ပအတွေ့ အကြုံအားနည်းမှုများရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံ၏အားသာချက်အနေဖြင့် အရည်အသွေးကောင်း ကျောက် မျက်တွင်းထွက်သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်းဖြစ် ပြီး ကျောက်မျက်ကုန်သည်များအနေဖြင့် နိုင်ငံတကာပွဲများမှ အတွေ့ အကြုံများရယူ ပြီး အားနည်းချက်များ ပြုပြင်နိုင်တဲ့ အခွင့်အလမ်းနှင့် နည်းပညာ၊ ဒီဇိုင်းနှင့် ဈေးကွက်အခြေအနေများကို လေ့လာနိုင်တဲ့ အခွင့်အလမ်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ (၅၅) ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲရဲ့ Mission တစ်ခုဖြစ်တဲ့ AEC SHOWCASE GATEWAY TO AEC MARKET သို့ ခြေလှမ်းပြင်နေကြတဲ့ အခြားနိုင်ငံ များနည်းတူ မိမိတို့ နိုင်ငံအနေဖြင့်လည်း အေအီးစီဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ မိမိနိုင်ငံတွင် ပြည်တွင်းဈေးကွက် ယခုထက် ပိုမိုကျယ်ပြန့်အောင်ကြိုးစားမှသာ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှ ကျောက်မျက်ကုန်သည် လုပ်ငန်းရှင်များကလည်း ဒီလို နိုင်ငံတကာပွဲများလက်ခံကျင်းပပြီး ဂုဏ်သိက္ခာရှိရှိ ရောင်းချချင်ကြတဲ့ တူညီသော ဆန္ဒရှိကြောင်း သိခွင့် ရခဲ့ပါတယ်။ ဒ့ါအပြင် ကုန်သည်တိုင်း ပြည်ပဈေးကွက် ပိုမိုစိတ်ဝင် စားလာစေရန် Gems & Jewelry Export ဈေးကွက် တိုးချဲ့ရေးအလုပ်ရုံ ဆွေးနွေးပွဲများလည်း ပြုလုပ်ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်တယ် လို့ သုံးသပ်မိပါတယ်။

ဒ့ါအပြင် ၂၀၁၅ ဒီဇင်ဘာနောက်ပိုင်း AEC ဝင်ရောက်လာ ပါက ဒေသတွင်း နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရေး၊ ဒီဇိုင်း၊ နည်းပညာနဲ့ ထုပ်ပိုးမှုများအတွက် ထိုင်းနိုင်ငံ ကျောက်မျက်သင်တန်းကျောင်းနဲ့ ချိတ်ဆက်၍ သင်တန်းသားများ စေလွှတ်သင်ကြားနိုင်ရေး ကျောက် မျက်အသင်းနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

ကျောက်မျက်ကုန်သည်များအနေနဲ့ လည်း မိမိတို့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ် မှုမြှင့်တင်ရေးဦးစီး ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ပုဂ္ဂလိကများ၊ အသင်း အဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်မှသာ ပြည်တွင်းဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ ထိုး ဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း နားလည်သဘောပေါက် ရန် လိုအပ်ပါတယ်။

ဒ့ါအပြင်ဌာနဆိုင်ရာများရဲ့ စီးပွားရေးမူဝါဒများ၊ လုပ်ထုံးလုပ် နည်းများ၊ လမ်းညွှန်ချက်များကိုလည်း သိရှိလိုက်နာရန်နဲ့ အသင်း အဖွဲ့တစ်ခုတည်း ရပ်တည်ဆောင်ရွက်၍ မရနိုင်ကြောင်း နားလည် သဘောပေါက်ဖို့ လိုအပ်ပါ တယ်။ ထို့ပြင် ကျောက်မျက်ကုန်သည် အချင်းချင်း ပြည်ပအတွေ့အကြုံရှိပြီး သူများအနေနဲ့လည်း အတွေ့ အကြုံမရှိသေးသူများအား လက်တွဲခေါ်ယူရမှာ ဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာပွဲမျိုးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ၅ နှစ် ၊ ၁၀နှစ် စသည့် စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မည် ဆိုပါကလည်း မိမိနိုင်ငံအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာနိုင်ပြီး ခရီး သွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စားသောက် ဆိုင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန် လုပ်ငန်း၊ ဒေသထွက်ကုန်နှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များပါ ကျွဲကူး ရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာမှာဖြစ် ကြောင်း ထပ်လောင်းအကြံပြု လိုပါတယ်။

ကျောက်မျက်ကုန်သည်များ အနေဖြင့်လည်း ရှေ့လာမည့် စက်တင်ဘာလပွဲအတွက် ယခုပွဲမှ တွေ့ကြုံရသော အခက်အခဲများ၊ ဖြေလျှော့သင့်သည့်အချက်များ ၊ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး လိုအပ်ချက်များအတွက် ပူးပေါင်းညှိနှိုင်းအဖြေ ရှာရင်း ဌာနဆိုင်ရာ များ၏ လမ်းညွှန် မှု၊ ကြီးကြပ်မှု၊ ပို့ကုန်သွင်းကုန် ဥပဒေ များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင် ထားကြဖို့ လိုအပ်မှာ ဖြစ်ကြောင်းလည်း အကြံပြုတင်ပြရင်း (၅၅) ကြိမ်မြောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပတဲ့ ကျောက်မျက် နဲ့ လက်ဝတ်ရတနာပြပွဲ အတွေ့အကြုံများကို ပြန်လည်မျှဝေတင်ပြ လိုက်ပါတယ်။

■

# Expo Milano 2015 ပြပွဲ၏ Rice Cluster ပြပွဲတွင် ပါဝင်ပြသလိုပါက ဆက်သွယ်ဆောင်ရွက်နိုင်

အီတလီနိုင်ငံ၊ မီလန်မြို့တွင် Expo Milano ၂၀၁၅ ပြပွဲကို မေလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ရက်နေ့ အထိ ခြောက်လကြာ ကျင်းပနိုင်ရန် အတွက် Expo ၂၀၁၅ Company မှ စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲသည် ငါးနှစ်တစ်ကြိမ် ကျင်းပသည့်ပြပွဲဖြစ်ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသခွင့် ရရှိခဲ့ပြီး Rice Cluster ကဏ္ဍတွင် ပါဝင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က တရုတ်နိုင်ငံရှန်ဟိုင်း မြို့တွင် ကျင်းပခဲ့ပြီးယခုနှစ်တွင်အလှည့် ကျကျင်းပခွင့်ရရှိခဲ့သည့်နိုင်ငံမှာ အီတလီ နိုင်ငံ မီလန်မြို့ဖြစ်ကြောင်း သိရသည်။

Expo Milano ၂၀၁၅ ပြပွဲသို့လာ ရောက်ပြသမည့်နိုင်ငံပေါင်း ၁၄၅ နိုင်ငံ အနက် ဥရောပမှ ၃၂ နိုင်ငံ၊ အာရှမှ ၄၁ နိုင်ငံ၊ အာဖရိကမှ ၄၃နိုင်ငံ၊ သမုဒ္ဒရာ ကျွန်းစုနိုင်ငံများမှ သုံးနိုင်ငံ၊အမေရိက မှ ၂၆နိုင်ငံတို့ ပါဝင်ကြကြောင်း သိရ သည်။

အဆိုပါကုန်စည်ပြပွဲတွင် နိုင်ငံ အလိုက်ထွက်ကုန်ပစ္စည်းများအား လာ ရောက်ပြသမည်ဖြစ်ရာ ဆန်စပါး၊ ကိုကာ၊ ကော်ဖီ၊ သစ်သီးဝလံနှင့်ပဲ၊ ဟင်းခတ် အမွှေးအကြိုင်၊ကောက်နှံနှင့်ဥ၊ မြေထဲ ပင်လယ်ဒေသ စားသောက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ အပူပိုင်းဇုန်သီးနှံ များစသည်ဖြင့် Agro Cluster ကိုးခုကို လည်းခွဲခြား၍ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြပွဲ တွင် Rice Cluster ကဏ္ဍတွင် ပူးပေါင်း ပါဝင်ပြသရန် ပြပွဲကျင်းပရေးကော်မတီ မှစီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ Cluster ကဏ္ဍတွင်မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရှ် နှင့်ဆီရာလီယွန်နိုင်ငံတို့ပါဝင်ကြမည် ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများအနက် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား နှင့်လာအိုနိုင်ငံတို့မှ ပါဝင်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ သွားရောက်ပြသ နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်သက်ဆိုင် ရာဝန်ကြီးဌာနများ၊မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်း ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ အီတလီ နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာပေးလျက် ရှိသည့် CESVI တို့ ပူးပေါင်းကာစီစဉ် ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြပွဲ၏ ဆောင်ပုဒ်ကို "ဘေးအန္တရာယ်ကင်းရှင်း ၍ အာဟာရကြွယ်ဝသည့် နောက်ကြောင်း ရှင်းသောစပါးနှင့် အစားအစာများဖြင့် အနာဂတ်ကို ဖြည့်ဆည်းရေး (Feeding the Future with safe, nutritious and traceable rice/food) ဟု အမည်ပေး ထားကြောင်း သိရသည်။

ယင်းပြပွဲတွင် လယ်ယာသုံးရိုးရာ ကိရိယာများဖြစ်သည့် နွားလှည်း၊ ထွန် တုံး၊ ထယ်၊ တံစဉ်၊ ကောက်ဆွ၊ ထွန်ခြစ်၊ တင်းတောင်း၊ ဆန်ကောဆန်ကာစ သည့် ရိုးရာကိရိယာတန်ဆာပလာများ၊ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်နယ်မြေ ဒေသများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အနုပညာလက်ရာများ၊ ရိုးရာပန်းဒီဇိုင်း များ၊ လက်မှုအနု ပညာပစ္စည်းများ ကိုလည်း ပြသသွားမည် ဖြစ်သည်။

ထို့ပြင်မြန်မာနိုင်ငံအနေဖြင့် အမျိုး သားနေ့(National Day) ကို ဇူလိုင်လ ၃၁ရက်(ဝါဆိုလပြည့်)နေ့တွင် ကျင်းပ သွားမည်ဖြစ်သည်။

ပြပွဲကာလအတွင်း Business Matching များကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံရှိ ဆန်စပါးနှင့် ပဲမျိုးစုံ အပါအဝင်စား သောက်ကုန်ထုတ်လုပ်တင်ပို့နေကြ သည့်လုပ်ငန်း ရှင်များ၊ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင် များနှင့် အခြားသော နယ်ပယ်အသီးသီး မှ စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပုဂ္ဂလိကစီးပွားရေး လုပ် ငန်းများ၊အသင်းအဖွဲ့များနှင့်လုပ် ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အတွက် Expo Milano ၂၀၁၅ တွင် ပါဝင်ပြသကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ပါဝင်ပြသလိုသော လုပ်ငန်းရှင် များသည် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီး ဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲ(ဖုန်း- ၀၆၇-၄၃၀၁၂၈၊ ၀၁-၂၅၄၀၂၃၊ ၀၁-၂၅၄၀၂၄၊ ဖက်စ် -၀၆၇- ၄၃၀၁၃၈၊ Email: moctradefair @gmail.com)နှင့် သုတေသနဖွံ့ဖြိုးရေး နှင့် နည်းပညာပေးရေးဌာနခွဲ(ဖုန်း- ၀၆၇ ၄၃၀၁၃၁၊ ၀၆၇-၄၃၀၁၃၃၊ ဖက်စ် -၀၆၇ ၄၃၀၁၃၉၊ Email: ptac2dept@gmail.com)သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိ သည်။

## မကွေး-ကန်ပြား-နေပြည်တော်လမ်း ဘေးကအင်ကြင်းကျောက်ဈေးကွက်

မကွေး-ကန်ပြား-နေပြည်တော် လမ်းဘေး၊ မုန်းချောင်းရေကျော်တွင် သံဖိုလေးကျေးရွာမှရွာသားအချို့တဲများစုဖွဲ့လျက် နေထိုင်ကြရင်းသူတို့ ရှာဖွေ တွေ့ရှိထားသောအင်ကြင်းကျောက်များ ကိုစုပုံပြထားကာဈေးကွက်ကို စောင့် မျှော်နေကြောင်းသိရသည်။

"ကျွန်တော်တို့ယာထွန်ရင်း၊ နွားကျောင်းရင်း၊ ထင်းခွေရေခပ်ရင်း တောထဲမှာအင်ကြင်းကျောက်အစအန တွေတွေ့လို့စုဆောင်းပြီးပြသထား တာပါ၊ ယခင်ကတော့အင်ကြင်းကျောက်ကို ရှေးမြန်မာတွေက သိမ်သမုတ် တဲ့အခါ အသုံးပြုကြတယ်။ နေအိမ်ခြံစည်းရိုး တွေမှာစိုက်ကြတယ်။ ယနေ့ အချိန်မှာ တရုတ်ဈေးကွက်ပေါ်လာတဲ့အတွက် အဖိုးတန်ကျောက်ဖြစ်နေ ပါပြီ။ ကျွန်တော်တို့ဆီမှာပြထားတဲ့ ကျောက်တွေထဲမှာ ကျပ်သုံးသိန်းတန်ဆိုတာ အမြင့်ဆုံးပဲ။ နောက် ကျပ်၁၀၀၀၀၀/- တန်၊ ကျပ်၄၀၀၀-၅၀၀၀ ကျပ် ကျောက် တွေလည်းရှိပါတယ်။ကျွန်တော်အများကြီးဈေးမဆိုဘူး၊ ဝယ်သူစိတ်ကြိုက် တွေ့မယ့်ဈေးတွေပါ"ဟု အဆိုပါတဲ၌နေသူ ဦးအောင်မြက ပြောသည်။

ထိုနေရာ၌အရွယ်အစားနှင့် ပုံသဏ္ဍာန်အမျိုးမျိုးသော အင်ကြင်း ကျောက်များကို သူ့အကန့်နှင့်သူ ပြသထားသည်။အခေါင်းပါသောကျောက်၊ ခွဆုံကျောက်၊ မြစ်ဆုံကျောက်၊ သစ်ပင် ပုံစံနွယ်လိပ်ကျောက်၊ဖောင်းရစ် ကျောက်များကို တွေ့ရသည်။

"ကျောက်နီတို့ဖောင်းရစ်တို့ အရုပ် တို့ပါရင်၊အင်ကြင်းကျောက်ရဲ့ပုံ သဏ္ဍာန်က ထူးခြားနေရင်တရုတ်က ပိုကြိုက်တယ်"ဟု သူကပြောသည်။ ထို့နောက် ကျောက်အချို့အား တံထွေးဆွတ်၍ ပွတ်ပြသည်၊ ရေလောင်းပြ သည်။ အဆိုပါသော ကျောက်များ ရဲတက်လာသည်။ အပေါ်အနီကြော၊ အတွင်းအနီကြော၊ အတွင်းအပြင် နှစ်ခုစလုံးပါလျှင် ဈေးကောင်းရ ကြောင်းသိရသည်။

"နေပြည်တော်နဲ့ ရန်ကုန်က သူဌေးတွေ ဆင်းကြည့်ပြီး အိမ်အလှဆင် ဖို့ ဝယ်တာရှိတယ်" ကျွန်တော်တို့ ဈေးအများကြီးမဆိုပါဘူး ရောင်းသူဝယ်သူ အလုပ်ဖြစ်အောင်ပဲဆိုတယ်" ဟု ဦးအောင်မြက ပြောသည်။

ထိုနေရာတစ်ဝိုက်မှ ဒေသခံ ကျေးရွာများမှတောင်သူများသည်ဓားမ ဦးချတောင်သူအလုပ်ကိုလုပ်ကြပြီး နွားကျောင်း၊ ရေခပ်၊ ထင်းခွေသွားရင်း အင်ကြင်းကျောက်အစအနများတွေ့ရှိပြီး စုဆောင်းပြသထားကာ ဝယ်လက် တွေ့လျှင်သူတို့အတွက် သင့်တင့်သော အပိုဝင်ငွေများဖြင့် ကျေနပ်နှစ်သိမ့် ကြည်နူးနေသော သူများဖြစ်ကြောင်းသိရသည်။ **နေလင်းသူရိန်(မကွေး)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံပရိဘောဂသင်တန်းဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ် ခရိုင်၊ မြိတ်မြို့နယ်အတွင်းတွင် ကျေးလက် ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံ ပရိဘောဂသင်တန်းအား မတ် လ ၉ ရက်နေ့က ဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်း အနားတွင် ခေတ္တမြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပရိဘောဂ သင်တန်းတွင် သင်တန်းသားများ စိတ် ပါဝင်စားစွာ သင်ကြားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး အသေးစား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် အဖွင့်အမှာစကားပြောကြား သွားပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက နိုင်ငံတော် အစိုးရ၏ဆင်းရဲမှုလျှော့ကျရေး အစီ အစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးမှုနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျေး လက်ဒေသအသေးစား ကုန်ထုတ်လုပ် ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကော်မတီတွင် တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း၊ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းရှင် များအနေဖြင့်လည်း အလုပ်အကိုင်အခွင့် အလမ်းများ တိုးပွားလာစေမှာဖြစ်ပြီး၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းရှင်များ သို့နည်းပညာနှင့် ချေးငွေပံ့ပိုးကူညီနိုင် ရေး၊ သင်တန်းများ ထပ်မံဖွင့်လှစ်နိုင် ရေး၊ စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း၊ သင်တန်းသား များအနေဖြင့် သင်ခန်းစာများကို စာ တွေ့လက်တွေ့ အခြေခံ၍ ဒေသတွင်း ပြည်တွင်းပြည်ပဈေးကွက်ဝင်သည့် ပစ္စည်းများပေါ်ထွန်းရေး ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း စသည် ဖြင့် ဆွေးနွေးအမှာစကား ပြောကြား သွားပါတယ်။ ဆက်လက်၍ သင်တန်း နည်းပြမှ သင်တန်းဆိုင်ရာ သိကောင်း စရာများအား ရှင်းလင်းဆွေးနွေးခဲ့ ပါတယ်။

အဆိုပါသင်တန်းကို တနင်္သာရီ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ကျေး လက်ဒေသဆင်းရဲမှု လျှော့နည်းကျ ဆင်းရေးအတွက် တနင်္သာရီတိုင်းဒေသ ကြီးအတွင်း မြိတ်မြို့၊ ကုန်သွယ်မှုမြှင့်တင် ရေးဦးစီးဌာန၊ မြိတ်ခရိုင်ဦးစီးမှူးရုံး၊ သင်တန်းခန်းမ၌ အခြေခံပရိဘောဂ သင်တန်းအား မတ်လ ၉ ရက်နေ့မှ ၂၀ ရက်နေ့ထိ ၁၁ ရက်ကြာဖွင့်လှစ်သင်ကြား ရာ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ ကြောင်း သိရပါတယ်။

**မျိုးအေး - မြိတ်**

### ကျေးလက်ဒေသအသေးစားထုတ်ကုန်နှင့် ပြည်ပတင်ပို့ရန် အလားအလာရှိသော ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်စီစဉ်

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်၍ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ မကွေးမြို့၊ မြို့တော် ခန်းမတွင် ကျေးလက်ဒေသအသေးစား ထုတ်ကုန်နှင့် ပြည်ပတင်ပို့ရန် အလား အလာရှိသောထုတ်ကုန်များ ကုန်စည် ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ၈ ပေပတ်လည် ပြခန်း ၂၀ ခန့်ဖြင့် နှစ်ရက်ကြာ ကျင်းပပြသမည်ဖြစ် ကြောင်း သတင်းရရှိပါသည်။ ကုန်စည် ပြပွဲနှင့်အတူ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်းဖြင့် တိုင်းဒေသကြီး/ပြည် နယ်အတွင်းရှိ ပြည်ပပို့ကုန်အလား အလာရှိသော လယ်ယာထွက် ကုန် ပစ္စည်းများ၊ ကျေးလက်ဒေသအသေး စားထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက် ၍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ် ချက် ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပဆောင် ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိပါ သည်။ ဥမ္မာကြူ (IT)

Commodity Exchange News
Vol: 15, No.11 Monday March 16 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆–၃– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယဈေးပေးအဝယ်ရှိလို့ ဝယ်လိုအားများလာ

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၉၀၂၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့် အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးပိုပေးပြီး အဝယ်ရှိလာသလို ဝယ်လိုအားပါများလာတာကြောင့် တဖြည်းဖြည်းဈေးမြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၉၄၆၀၀၀ ကျပ်ဈေးအထိ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၉၁၅၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့် အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဝယ်လိုအား ပိုသွက်လာတာကြောင့် ဈေးတရိပ်ရိပ်မြင့်တက်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၉၃၁၀၀၀ ကျပ်ဈေးအထိ ဈေးကောင်းရခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက်လို့ ဈေးမာလာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲအနေဖြင့် ဈေးကွက်သို့ပုံမှန်အဝင်ရှိသလို အိတ်စ်ပို့အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၀၅ ကျပ်(တစ်တန်ကို ၉၂၁၆၄၆ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီကို လည်း ရန်ကုန်အဆွဲပြန်လိုက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၇၅ ကျပ်(တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ထောပတ်ပဲနှင့် ကုလားပဲဈေးမာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို မြို့ခံပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်တချို့က ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၆၀ ကျပ် (တစ်တန် ကို ၈၉၄၀၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဒီတစ်ပတ်မှာ ဝယ်လိုအားများခဲ့သလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းများခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၆၅ ကျပ် (တစ်တန်ကို ၈၉၇၁၅၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်)နှင့် ကုလားပဲ(ထိုင်ဝမ်)(သစ်)အနေဖြင့် နယ်စုံမှ ပုံမှန်ဝင်ရောက်မှုရှိသလို မြို့ခံပဲခွဲစက်၊ ကြာဆံစက်နှင့် အမှုန့်ကြိတ်စက်များကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့တာကြောင့် ဈေးကောင်းရနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး (သစ်) တစ်ပိဿာ ၉၄၃ ကျပ် (တစ်တန်ကို ၅၇၇၄၈၃ ကျပ်) ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၉၁၂ ကျပ် (တစ်တန်ကို ၅၅၈၄၉၉ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲဖြူလုံးကြီးကို ဝယ်လိုအားများပေမယ့် ရောင်းသူနည်း

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ပို့ကုန် အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်နေပေမယ့် ရောင်းသူကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၆၅ ကျပ် (တစ်တန်ကို ၈၉၇၁၅၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်)တွေနယ်စုံမှ ပုံမှန်အဝင်ရှိနေသလို မြို့ခံပဲခွဲစက်များကလည်း တစ်ပိဿာကို ၉၄၇ ကျပ်(တစ်တန်ကို ၅၇၉၉၃၃ ကျပ်)ဈေးဖြင့် ဝယ်လိုအားပိုခဲ့ကြောင်း သိရပါတယ်။



## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနှင့် ပဲစင်းငုံနီ အရောင်းအဝယ်သွက်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်သိပ္ပံနှမ်းနက်ကို အိတ်စပို့ဝယ်လက်တွေက တစ်ပိဿာကို ၄၃၃၃ ကျပ်ဈေးဖြင့် အဝယ်ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာပစ္စည်းလက်ကျန်လျော့နည်းလာပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအ ဝယ်အနေဖြင့် တစ်ပိဿာ ၁၄၇၅ ကျပ်(တစ်တန်ကို ၉၀၃၂၇၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးတက် ကုလားပဲ (သစ်)ဈေးကောင်းရနေ

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က အမြင့်ဈေးဖြင့် အဝယ်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၆၅ ကျပ် (တစ်တန်ကို ၈၉၇၁၅၁ ကျပ်)ဈေးဖြင့် ကုလားပဲ (သစ်)တွေကတော့ ဈေးကွက်ထဲဆက်တိုက်ဝင်ရောက်နေ သလို မြို့ခံပဲခွဲစက်တွေကလည်း တစ်ပိဿာ ၉၂၀ ကျပ်(တစ်တန်ကို ၅၆၃၃၉၈ ကျပ်) ဈေးဖြင့် ဝယ်အားများခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်မှဈေးပေးအဝယ်ရှိလို့ ဈေးမြင့်လာ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို အိတ်စ်ပို့အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားများလာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီးတစ်ပိဿာကို ၁၅၀၅ ကျပ်(တစ်တန်ကို ၉၂၁၆၄၆ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀၀ မှ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒီနှစ်မှာရာသီဥတုကြောင့် မတ်ပဲ အထွက်နှုန်းလျော့ကျခဲ့ပေမယ့် ပြောင်းသီးနှံက ပုံမှန်အဝင် ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၅၅ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကိုရန်ကုန်-မန္တလေး အစာစပ်နှင့် လှောင်လက်များအဝယ်ဆုံလို့ ပစ္စည်း လက်ကျန်လျော့လာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်၊ ဒေသခံအစာစပ်လုပ်ငန်းရှင်များနှင့် လှောင်လက်တွေပါ အဝယ်ဆုံလို့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် လျော့ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကိုတရုတ်အဆွဲပြန်လိုက်လာ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းကို တရုတ်အဆွဲပြန်လိုက်လာတာကြောင့် တစ်ပိဿာ ၃၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၂ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံအနေဖြင့် တရုတ်နှစ်သစ်ကူးပြီးကတည်းက အရောင်းအဝယ်အေးစက်ရာက ဒီတစ်ပတ်မှာ တရုတ်ဘက်မှ အဝယ်ပြန်လိုက်လာလို့ နေ့စဉ်လိုလို ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပြန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်)ကို ပဲခွဲစက်ပုံမှန်အဝယ်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(သစ်)တွေ ပုံမှန်ဝင်ရောက်လာသလို ပဲခွဲစက်များကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၉၁၅ ကျပ် (တစ်တန်ကို ၅၆၀၃၃၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲဖြူလုံးကြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို ရန်ကုန်အဆွဲကောင်းနေတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၆၀ ကျပ်(တစ်တန်ကို ၈၉၄၀၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက တစ်ပိဿာ ၉၄၂ ကျပ် (တစ်တန်ကို ၅၇၆၈၇၁ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်အဝယ်ပြန်လိုက်လာ

မူဆယ်ဈေးကွက်မှာ တစ်ပတ်အတွင်း ပြောင်း တန်ချိန် ၁၁၀၀၀ ခန့် ပြန်လည်ဝင်ရောက်ခဲ့သလို တရုတ်ဝယ်လက်ကလည်း နှစ်သစ်ကူးအပြီးမှာ အဝယ်ပြန်လိုက်လာကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၉၂ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# အသုံးပြုပြီးစက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ စမ်းသပ်တင်သွင်းခွင့်ပြုပြီ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှ စက်ပစ္စည်းများတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ယခင်ကခွင့်ပြုထားခြင်းမရှိသော အသုံးပြုပြီး စက်ပစ္စည်း(Used Machine) များကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ ပထမစမ်းသပ်ကာလအဖြစ် သတ်မှတ်ခွင့်ပြုလိုက်ကြောင်း မတ်လ ၉ ရက် ရက်စွဲပါ ပို့ကုန်သွင်းကုန်နဲ့ပတ်သက်သော သတင်းလွှာ (၂/၂၀၁၅)နဲ့ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှထုတ်ပြန်ကြေငြာခဲ့ပါတယ်။

ဝန်ကြီးဌာန အနေနဲ့ ယခင်ကပြည်ပမှစက်ပစ္စည်းများတင်သွင်းခွင့်ပြုရာမှာ အသစ်(Brand New)နဲ့ ပြုပြင်ပြီး (Reconditioned) စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ယခုအခါ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများလုပ်ငန်း တည်ထောင်ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်သက်သာစေရန် အသုံးပြုနိုင်တဲ့ ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း(Used Machine)များကို တင်သွင်းခွင့်ပြုမယ်လို့ သိရပါတယ်။

အသုံးပြုပြီး စက်ပစ္စည်းများတင်သွင်းခွင့်ပြုရာမှာ ဖွံ့ဖြိုးပြီး နိုင်ငံများမှ အသုံးပြုရန်မလိုအပ်တဲ့ စက်စွမ်းအားကျဆင်းနေတဲ့ စက်ပစ္စည်းများစုပုံရောင်းချခြင်း(Dumping)မဖြစ်စေရန်၊ မိမိနိုင်ငံရဲ့စက်မှုလုပ်ငန်းများ၊ အသေးစားအလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမယ့်စက်ပစ္စည်းများကိုသာ တင်သွင်းရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်တယ်လို့သတင်းလွှာမှာ ဖော်ပြထားပါတယ်။

အသုံးပြုပြီးစက်ပစ္စည်းများတင်သွင်းခွင့်ပြုရာမှာ တစ်နှစ်ချင်းခွင့်ပြုဆောင်ရွက်ပေးသွားမှာဖြစ်ပြီး တင်သွင်းခွင့်ပြုတဲ့ မူဝါဒလုပ်ထုံးလုပ်နည်းများကို နှစ်စဉ်ပြန်လည်သုံးသပ်သွားမှာဖြစ်ပါတယ်။တင်သွင်းခွင့်ကို နယ်စပ်ဒေသများမှ ခွင့်မပြုသေးဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမယ်လို့ သတင်းလွှာမှာ ဖော်ပြထားပါတယ်။

အသုံးပြုပြီးစက်ပစ္စည်းများတင်သွင်းခွင့်နဲ့စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များအပေါ် အခြေခံရမယ့် အချက်များနဲ့ တင်သွင်းခွင့်ပြုမည့်အပေါ် အခြေခံသတ်မှတ်ချက်များကို ဖော်ပြပေးလိုက်ရပါတယ်-

**လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်အပေါ် အခြေခံရမည့်အချက်**

အသုံးပြုပြီး စက်ပစ္စည်း (Used Machine) [ အသုံးပြုပြီး ၊ ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း(Used Machine)]များ တင်သွင်းခွင့်ပြုရာတွင် ဌာနဆိုင်ရာများရဲ့ သဘောထားမှတ်ချက်များကို အခြေခံ၍ အောက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ ခွင့်ပြုဆောင်ရွက်မှာဖြစ်ပါတယ်-

(က) Branded Quality Product များအတွက် Used Machine များ တင်သွင်းအသုံးပြုရေးကို သုံးစွဲသူများ ဆုံးရှုံးမှု မခံစားစေရေးအတွက် သတ်မှတ်စည်းကမ်းများ ထားရှိဆောင်ရွက်သွားရန်။

(ခ) တင်သွင်းသည့် Used Machine ၏ Capacity နှင့် Efficiency အာမခံချက်ရရှိရေး ဆောင်ရွက်သွားရန်။

(ဂ) ဖွံ့ဖြိုးပြီး နိုင်ငံအချို့မှ ၎င်းတို့နိုင်ငံတွင် အသုံးပြုခွင့်မရတော့သည့် စက်ပစ္စည်းများအား နည်းလမ်းစုံဖြင့် လွှဲပြောင်းရောင်းချခြင်းမျိုးဖြင့် မိမိတို့နိုင်ငံသို့ရောက်ရှိမလာစေရန်။

(ဃ) တင်သွင်းခွင့်ပြုမည့်အသုံးပြုပြီးစက်ပစ္စည်းအား စံချိန်စံညွှန်းသတ်မှတ်ရန်။

(င) တင်သွင်းလာသည့်အသုံးပြုပြီး စက်ပစ္စည်းများကို သတ်မှတ်ထားသည့်အဖွဲ့အစည်းတစ်ခုမှ စိစစ်ရန်။

**တင်သွင်းခွင့်ပြုမည့်အပေါ် အခြေခံသတ်မှတ်ချက်**

အသုံးပြုပြီးစက်ပစ္စည်း(Used Machine)များကို တင်သွင်းခွင့်ပြုရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သတ်မှတ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်-

(က) အသုံးပြုပြီး စက်ပစ္စည်း(Used Machine) များကို ကိုယ်တိုင် လုပ်ငန်းတည်ထောင်ဆောင်ရွက်မည့် စက်မှုလက်မှု လုပ်ငန်း ဆောင်ရွက်သူအပြင် တစ်ဆင့်ပြန်လည်ရောင်းချသည့်ကုန်သွယ်မှု လုပ်ငန်းအတွက်ပါ ခွင့်ပြုမည်ဖြစ်ပါသည်။

(ခ) တင်သွင်းမည့် စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်း အပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည်-

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)

(၄) ထုတ်လုပ်သည့်နိုင်ငံ(Country of Origin)

(၅) စက်၏ သုံးစွဲသည့်စွမ်းအင်၊ လောင်စာ(လျှပ်စစ်၊ရေနွေးငွေ့၊ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓါတ်ငွေ့သုံး)

**ပန်**

# မန္တလေးမြို့တွင်ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး

# ဇီဝလုံခြုံရေးမြှင့်တင် နယ်စပ်မှကြက်သားများဝင်ရောက်မှု ထိရောက်စွာထိန်းချုပ်ရန်လို

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မွေးမြူရေးဇုန်အတွင်း မတ်လဆန်းက ကြက်ငှက် တုပ်ကွေးရောဂါတွေ့ရှိခဲ့သဖြင့်သက်ဆိုင်ရာမှ ဇုန်အတွင်းအဝင်၊ အထွက် ထိန်းချုပ်ခြင်း၊ ပြင်ပခြံများသို့ ကူးစက်မှုမရှိစေရေး ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်မှုများကိုဆောင် ရွက်လျက်ရှိရာ ပြည်တွင်းထိန်းချုပ်မှုများသာမက ပြည်ပမှ တရားမဝင် ကြက်သားတင်သွင်းမှုများကို ထိန်းချုပ်နိုင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံမွေး မြူရေးလုပ်ငန်းအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌဒေါက်တာ ကျော်ထင်ကပြောသည်။



မြန်မာနိုင်ငံရာသီဥတုသည် ဆောင်းအကုန်နွေအကူး ကာလဖြစ်ရာ အဆိုပါရာသီ၌ ကြက်များတွင် ကြက်လည်လိမ်ရောဂါ၊ ချွဲသလိပ်ရောဂါနှင့် အီးကိုလိုင်ရောဂါများ အဖြစ်များပြီး ထိုရောဂါများနှင့်ပုံစံတူကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများသည့်ကာလ တစ်ခုဖြစ်သည်။

“မုံရွာမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေတယ်လို့ သက်ဆိုင်ရာက အတည်ပြုထားပြီး ထုတ်ပြန်ချက် တွေထုတ်ပြီး ဆောင်ရွက်နေပါတယ်၊ မန္တလေးတိုင်းဒေသကြီးအနေနဲ့ တိုင်းတွင်းထုတ်ပြန်ချက် ထုတ်ခွင့်မရှိဘူး၊ ရုံးချုပ်ကပဲထုတ်ပေးလို့ရတာ၊ ရောဂါကာကွယ်ဖို့ ဇီဝလုံခြုံရေး မြှင့်တင်နိုင်ဖို့ တိုင်းအတွင်း အသိပညာ ပေးဟောပြောပွဲ တွေတိုးမြှင့် လုပ်ဆောင်သွားဖို့ ရှိပါတယ်၊ တိုင်းအတွင်း ဆောင်ရွက်မှုမှာသက်ဆိုင်ရာအဖွဲ့ အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါ တယ်”ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း၌ စဉ့်ကိုင်မြို့ရှိ ရောဂါရှာဖွေရေးဌာန (ဇီဝဗေဒ ဓာတ်ခွဲခန်း)တွင် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီးယခုလို ကာလအတွင်းဖြစ်ပွားတတ်သည့် ရောဂါများသည် ကြက်ငှက်တုပ်ကွေး ရောဂါဖြင့်ဆင်တူနေသဖြင့် ရုတ်တရက် သေဆုံးသွားသည့် ကြက်များအား ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရန် လိုအပ်သည်။

“တိုင်းအတွင်း ရုတ်တရက်သေတဲ့ကြက်တွေကို မီးတွင်းကမီးအပူချိန် ရရှိမှုမကောင်းလို့ သေဆုံးခြင်းဖြစ်တယ်လို့ မွေးမြူရေးသမားတော်တော်များများက ယူဆတယ်၊ ဒါလည်း မှန်သင့်သလောက်မှန်တယ်၊ ဒါပေမယ့် အခုလို ရာသီမှာ ကြက်ငှက်တုပ်ကွေးနှင့် ပုံစံတူရောဂါ ဖြစ်ပွားမှုများတယ်၊ တော်ရုံခွဲခြားမသိနိုင်ဘူး၊ ဒါကြောင့် မွေးမြူရေးသမားတွေ ပူးပေါင်းပြီး ဓာတ်ခွဲခန်းပို့ စစ်ဆေးမှုတွေ ပြုလုပ်ဖို့ လိုအပ်တယ်၊ လက်ရှိတိုင်းအတွင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာ ထားတာမရှိပါဘူး”ဟု ကြက်သား ထုတ်လုပ်ရောင်းချနေသူတစ်ဦးက ပြောသည်။

“ပြည်တွင်း ကြက်သားထုတ်လုပ်မှု၊ ပြည်ပမှ ကြက်သားတင်သွင်း မှုတွေကိုထိန်းချုပ်နိုင်ဖို့ သက်ဆိုင်ရာက စနစ် တကျဆောင်ရွက်ဖို့ လိုပါတယ်၊ လက်ရှိ ကြက်တင်သွင်းရောင်းချမှုနှင့် ပတ်သက်လို့ ဥပဒေပဲ ထွက်သေးတယ်၊ နည်းဥပဒေမထွက်သေးဘူး၊သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်မယ် ဆိုရင် လိုအပ်ချက်တွေ ရှိလာနိုင်တယ်” ဟု ဥပဒေပညာရှင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိတောင်ပြုံး၊ မတ္တရာနှင့် ကပိုင်တို့တွင် ကြက်ဘေးထွက်ပစ္စည်းများ စနစ်တကျစွန့်ပစ်မှုမရှိဘဲ လမ်းဘေးဝဲယာ စုပုံထားခြင်းနှင့် အနီးဝန်းကျင်ရှိ ရေမြောင်းအတွင်းသို့ စွန့်ပစ်ခြင်းများကြောင့် တိုင်းအတွင်း ရောဂါပြန့်ပွားစေနိုင်သည့် နေရာတစ်နေရာဖြစ်ကြောင်း၊သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ တိုင်းအတွင်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းမွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန် ရှိသူတစ်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဇီဝလုံခြုံရေး မြှင့်တင်နိုင်ရေး နှင့် ရာသီချိန်တွင်ဖြစ်ပွားတတ်သည့် ရောဂါများအား ကာကွယ်နိုင်ရေးအတွက် မတ်လမှစတင်၍ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

Vol: 15, No.11 Monday March 16 2015

# ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမြှင့်တင်နိုင်မယ်လို့ ထိုင်းနိုင်ငံချင်းရိုင်ခရိုင်မှ တာဝန်ရှိသူများမျှော်မှန်း

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်မှာ မတ်လ ပထမပတ်အတွင်းက ကျင်းပပြုလုပ်ခဲ့တဲ့ “Knowledge for Border Trade” ဆွေးနွေးပွဲမှာ ထိုင်း-မြန်မာ ယဉ်ကျေးမှုနဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအသင်း( Thai-Myanmar Cultural and Economic Cooperation Association-TMCECA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချက်သာသာနာဂျာရိုက ထိုင်းမြန်မာကုန်သွယ်မှုမြင့်တက်လာလိမ့်မယ်လို့မျှော်မှန်းကြောင်း ပြောကြားခဲ့ပါတယ်။




မြန်မာနဲ့ထိုင်းနှစ်နိုင်ငံရဲ့ အပြန်အလှန်ကုန်သွယ်မှုပမာဏမှာ မြင့်တက်နေကြောင်း၊ထိုင်းနိုင်ငံရဲ့ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) မြန်မာနိုင်ငံအတွင်းထိုးဖောက်ရန် ရင်းနှီးမြှုပ်နှံမှုများ လုံလောက်မှုမရှိသေးသော်လည်း မြန်မာနဲ့ ထိုင်းနိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏမှာမူ မြင့်တက် နေတယ်လို့TMCECAဥက္ကဋ္ဌက ပြောကြားပါတယ်။

ဆွေးနွေးပွဲမှာ TMCECA ချင်းရိုင်ရုံးခွဲ ဥက္ကဋ္ဌ ပါကိုင်မာဗီရာရာက ထိုင်းနိုင်ငံမယ်ဆိုင်နဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်တို့ရဲ့ ဆက်သွယ်မှုက သိသိသာသာတိုးတက်လာပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုအဆင်ပြေ ချောမွေ့နေတယ်လို့ ပြောပါတယ်။ မယ်ဆိုင်နဲ့ တာချီလိတ်ကုန်သွယ်မှုမှာ တိုးတက်ကောင်းမွန်နေသော်လည်း တောင်ကြီးနဲ့ ကုန်သွယ်မှုမှာတော့ အခက်အခဲများရှိနေသေးတယ်လို့ သူက ဆက်လက်ပြောကြားပါတယ်။

ထိုင်း-မြန်မာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကျိုင်းတုံမှ တောင်ကြီးသို့ ဆက်သွယ်ရန် ဖောက်လုပ်နေသော R3Bလမ်းမကြီးဟာထိုင်း-မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအတွက် အကျိုးရှိစေမှာဖြစ်ကြောင်း၊ သို့သော်အဆိုပါဖောက်လုပ်ရေးလုပ်ငန်း နှောင့်နှေးနေမှုကြောင့် ထိုင်းနိုင်ငံရဲ့ကုန်သွယ်မှု အခွင့်အလမ်းများဆုံးရှုံးနေရတယ်လို့ ပါကိုင်မာဗီရာရာက ထပ်မံပြောကြားပါတယ်။ TMCECA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချက်သာသာနာဂျာရိုက ဒီကိစ္စနဲ့ပတ်သက်ပြီး အစိုးရထံသို့ ဆက်လက် တင်ပြသွားမှာ ဖြစ်ကြောင်းနဲ့ ခိုင်မာတဲ့ကြိုးပမ်းအားထုတ်မှုရရှိစေရေး ဆောင်ရွက်သွားမယ်လို့ ပြောကြားပါတယ်။တစ်ချိန်တည်းမှာ ထိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံအခြေစိုက်ထိုင်းစီးပွားရေးဆိုင်ရာဝန်ကြီး ဘွန်းအင်တီရက်တနာက ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပြုတဲ့ မယ်ဟောင်ခွန်၊ မယ်ဆိုင်၊မဲဆောက်တို့နဲ့ ကုန်သွယ်မှုပမာဏဟာ ကန်ဒေါ်လာ ၄ ဘီလီယံရှိနေပြီဖြစ်ပါတယ်။TMCECA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချက်သာသာနာဂျာရိုကလည်း မယ်ဆိုင်နဲ့ ကျိုင်းတုံ၊ တောင်ကြီး ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်တာနဲ့အမျှ ထိုင်းမြန်မာကုန်သွယ်မှုဟာ တိုးတက်လာနိုင်ကြောင်းနဲ့ ASEAN Economic Community (AEC) အကောင်အထည် ဖော်လာလျှင် အခွန်သက်သာခွင့်များရရှိသွားမှာဖြစ်၍ ကုန်သွယ်မှုပိုမိုတိုးတက်လာမယ်လို့မျှော်မှန်းကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးနဲ့ ကောင်းမွန်သော ဆက်ဆံရေးများရရှိစေရန် ပိုမိုကြိုးပမ်း လုပ်ဆောင်ပေးသွားမယ်လို့ “Knowledge for Border Trade”ဆွေးနွေးပွဲမှာ ထည့်သွင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ **တိမ်ကင်းစင်**

# ဖေဖော်ဝါရီလအတွင်း လွယ်ဂျယ်နယ်စပ်မှ ITC ကတ်ဖြင့် ကြိမ်တင်ပို့

ITC ကတ်နဲ့ လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ နယ်စပ်စခန်းများအနက် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်းမှာ ITC ကတ် တစ်စောင်ထုတ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ကျပ် ၆ သိန်းဖိုးရှိတဲ့ ကြိမ်တစ်တန်တင်ပို့နိုင်တာတွေ့ရပါတယ်။ ယခင် ဇန်နဝါရီလက ဖရဲသီးကီလို ၁၈၀၀၀ ခန့်တင်ပို့နိုင်ပြီး ဖေဖော်ဝါရီလမှာတော့ တရုတ်နိုင်ငံရဲ့ နှစ်သစ်ကူးအခါသမယဖြစ်တဲ့အတွက်ကြောင့် တင်ပို့မှု လျော့နည်းရခြင်းဖြစ်ပါတယ်။ လွယ်ဂျယ်စခန်းမှ ITC ကတ်ကို စတင်ခွင့်ပြုချိန်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ အထိ ITC ကတ်ပြုလုပ်သူ ခြောက်ဦးရှိပြီး ပို့ကုန်တန်ဖိုး ကျပ်သန်းပေါင်း ၆၃၃ ဒသမ ၄၁၃ ခန့် ကုန်သွယ်ပြီးဖြစ်ပါတယ်။ **ခင်မိုးသူ MIRT (DCCA)**

# တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်များ ကုန်ကျစရိတ်သက်သာစေရန် Individual Trading Card သက်တမ်း တိုးခြင်းအတွက် နောက်ကျဒဏ်ကြေး များ ပယ်ဖျက်

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ နယ်စပ်ဒေသနေပြည်သူများ၊ အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားများကုန်သွယ်မှု လွယ်ကူစွာဆောင်ရွက်နိုင်ရန်၊ တရားမဝင် ကုန်သွယ်မှုများ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိပြီး ကုန်သွယ်မှုပမာဏတိုးမြှင့်လာစေရန်နဲ့ နိုင်ငံတော်အတွက် အခွန်အခများ တိုးတက်ရရှိစေရေးတို့အတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ် Individual Trading Card (ITC) ထုတ်ပေး၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုလျက်ရှိပါတယ်။

လက်ရှိ၌ နယ်စပ်ကုန်သွယ်ရေးစခန်း အားလုံး၊ မန္တလေးတိုင်းဒေသကြီးရုံး၊ ကျိုင်းတုံရုံးခွဲနဲ့ မြစ်ကြီးနားရုံးခွဲမှာ ခွင့် ပြုချက်ထုတ်ပေးလျက်ရှိပါတယ်။ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းလုပ်နည်း စနစ်များဖြင့် သတ်မှတ်ခွင့်ပြုခဲ့ရမှာITC ကတ်သက်တမ်းတိုးလျှောက်ထားခြင်းနဲ့ ပတ်သက်ပြီး သက်တမ်း မကုန်ဆုံးမီ တစ်လ ကြိုတင်သက်တမ်းတိုးမြှင့်ခွင့်လျှောက်ထားနိုင်ကြောင်းနဲ့ သက်တမ်းကုန်ဆုံးပြီးနောက်မှ လျှောက်ထားလာလျှင် သတ်မှတ်ထားသော ဒဏ်ကြေးများပေးသွင်းစေခဲ့ပါတယ်။

ယခုအခါ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူစေရန်နဲ့ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ရဲ့ ကုန်ကျစရိတ်များ လျော့နည်းသက်သာစေရန်အလို့ငှာ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ITC ကတ်သက်တမ်းတိုးမြှင့်ရာတွင် နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ဒဏ်ကြေးများအား ကောက်ခံခြင်းမပြုတော့ဘဲ ပယ်ဖျက်ခွင့်ပြုရန် ၃-၃-၂၀၁၅ ရက်နေ့က ကျင်းပပြုလုပ်တဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၅/၂၀၁၅) မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။

သို့ပါ၍ နယ်စပ်စခန်းများတွင် ခွင့်ပြုထုတ်ပေးလျက်ရှိတဲ့ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ITC ကတ်သက်တမ်းတိုးမြှင့်ရာမှာ နောက်ကျခြင်းအတွက် သတ်မှတ်ထားသော ဒဏ်ကြေးများအား ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံခြင်းမပြုတော့ဘဲ ပယ်ဖျက်လိုက်ပြီလို့ သတင်းရရှိပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (၂၁-၁၁-၂၀၁၂ မှ ၃၁-၃-၂၀၁၃) မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (၁-၄-၂၀၁၄ မှ ၆-၃-၂၀၁၅) ထိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ITC ကတ်ထုတ်ပေးမှုမှာ ၈၆၅ ခုရှိပြီဖြစ်ပြီး ပို့ကုန် ကျပ် ၃၄၉၃၃ သိန်းကျော်၊ သွင်းကုန် ကျပ် ၁၂၄၇၁၀ သိန်းကျော်၊ ကုန်သွယ်မှုပမာဏ ကျပ်သိန်း ၁၅၉၆၄၄ ကျော် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စစ်တွေ၊ မောင်တောနဲ့ မြစ်ကြီးနားနယ်စပ်ကုန်သွယ်ရေးစခန်းများမှ လွဲ၍ ကျန်နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ ITC နဲ့ ပို့ကုန်သွင်းကုန်ဆောင်ရွက်မှု ပုံမှန်ရှိနေပါတယ်။

**MIRT (DCCA)**

# မြဝတီ၊ ကော့သောင်း၊ မြိတ်ရှိ နယ်စပ်စခန်းများမှ ယခုတစ်ပတ်အတွင်း ရေထွက်ကုန် ကန်ဒေါ်လာ ၃ သန်းကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မှမတ်လ ၆ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၀၃၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၂၆၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

နယ်စပ်စခန်းများအလိုက်တင်ပို့နိုင်မှုများမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာသုည ဒသမ ၁၀၅ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၅ တန်ကျော်၊ ကဏန်း ၈ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၆၇၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် များဖြစ်သော ငါးမျိုးစုံ ၁၈၃၉ တန်ကျော်၊ ကင်းမွန် ၄၂ တန်ကျော်၊ ပုစွန် ၅ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၁ တန် ကျော်၊ ကဏန်း ၁ တန်၊ ရေဘဝဲနဲ့ ခရုကမာခွံ အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၅၁ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၁၃၅ တန်ကျော်၊ ရေခန်ပုစွန် ၁၄ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်၊ ကဏန်းသေး (အသေ) ၂တန်ကျော်၊ သဲကဏန်း ၁ တန်ကျော်နဲ့ ငါးမှုန့် တန် ၁၅၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT( DCCA)**

# စစ်တွေနဲ့မောင်တောမှ ရေထွက်ကုန် တန် ၁၀၀ ကျော် ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့မောင်တောစခန်းမှ မတ်လ ပထမပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၁၇၃ သန်းဖိုးရှိရေထွက်ကုန် ၂၄၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။စခန်းအလိုက်တင်ပို့နိုင်မှုများမှာ စစ်တွေစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၈၃ သန်းဖိုးရှိ ရေချိုငါးများဖြစ်သော ငါးမြစ်ချင်းတန် ၆၀ နဲ့ ငါးခေါင်းပွ ၂၄ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ကတော့ စစ်တွေစခန်းမှ ရေချိုငါးတင်ပို့မှုမရှိခဲ့ပါဘူး။ မောင်တောစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၉၀ သန်းဖိုးရှိ ငါးနီတူခြောက် တန် ၂၀ နဲ့ ငါးစုံလေးခြောက် ၁၃၈ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကထက် ၂၉ တန်ကျော်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်ခုလုံးအနေနဲ့ကတော့ ယခုရက်သတ္တပတ်မှာ ၁၁၃ တန်ကျော်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

စစ်တွေစခန်းမှ ရေချိုငါးတင်ပို့မှုကို ယခုထက်ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန် လာမယ့်ကာလများမှာ ပြည်နယ်အစိုးရရဲ့ သက်ဆိုင်ရာဌာနများမှ ရေချို၊ ရေငန်ငါး၊ပုစွန်ကန်ဟောင်းများအား ပြန်လည်တူးဖော်ပြုပြင်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများထုတ်ပေးနေကြောင်းနဲ့ ထိုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက လတ်ဆတ်သော ငါး၊ပုစွန်များ ထုတ်လုပ်တင်ပို့နိုင်ပြီး ဈေးကောင်းရရှိလာမည်ဖြစ်ကြောင်း၊သို့မှသာ ကုန်သည် လုပ်ငန်းရှင်များနဲ့ဒေသရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး အဆင်ပြေပြီး ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

မြန်မာနိုင်ငံရေထွက်ပစ္စည်းများ ပြည်ပဈေးကွက်များသို့တင်ပို့ရောင်းချရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၂၇၄ သန်းရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း၇၀၀ လျာထားကြောင်းသိရှိရပါတယ်။ **ယဉ်ယဉ်အေး (DCCA)**

## စူပါကပ်စတန်ယာဉ်ပေါ်မှ အပင်ပိုးသတ်ဆေးနဲ့ဆိုင်တဲ့ ပစ္စည်းများ သိမ်းဆည်းနိုင်ခဲ့

မူဆယ်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့က မတ်လ ၁၀ ရက် ၁၁း၁၅ ချိန်မှာ Asia World Toll Gate အနီး ပြည်ထောင်စုလမ်းမကြီးမှာ စူပါကပ်စတန်ယာဉ်ပေါ်မှ Spray ဘူး ၁၀ ဖာ၊ အပင်ဖျန်းဆေးပုံးကြီး ၁၂ လုံး၊ အပင်ပိုးသတ်ဆေး ၁၁ ဖာနဲ့ အပင်ဖြန်းရေဘူး ၁၂ လုံးတို့ အား သိမ်းဆည်း ရမိတဲ့အတွက် အဆိုပါ သိမ်းဆည်းရမိပစ္စည်းများအား မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံ၍ အကောက်ခွန်အမှုတွဲဖွင့်အရေးယူသွားမယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## တရားမဝင်တင်ဆောင်လာတဲ့ သစ်သီးဖာများနှင့် စပါးအိတ်များအား မူဆယ် Mobile Team မှစစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့သည် မတ်လ ၂ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ တရားမဝင် ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ခူဝံမှန်လုံယာဉ်ပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ ပန်းသီး၊ လိမ္မော်သီးနဲ့သစ်တော်သီးဖာများကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။

ထို့ပြင် အဆိုပါနေ့ ၁၄း၅၀ ချိန်တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရတနာစိုး မှန်လုံယာဉ်အမှတ် 5H/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ စပါး ၂၄ အိတ် ခန့်မှန်းတန်ဖိုး ကျပ် တစ်သိန်းလေးသောင်းခန့်အားစစ်ဆေးတွေ့ရှိသဖြင့် အဆိုပါစပါးအိတ်များအား မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံ၍ အမှုတွဲဖွင့်လှစ်ခဲ့ပါတယ်။

အလားတူ မတ်လ ၄ ရက်နေ့တွင်လည်း Canter အမျိုးအစား ဂျူတီယာဉ် (1H/xxxx)ပေါ်မှ IDတွင်မပါရှိတဲ့ နဂါးမောက်သီးနဲ့ သစ်တော်သီးဖာများကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ယာဉ်နှစ်စီးပေါ်မှ စစ်ဆေးတွေ့ရှိခဲ့တဲ့ သစ်သီးများရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅ သိန်း ၇ သောင်းဖိုးခန့် ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ **DCCA**

## ရှောင်ကွင်းလမ်းမှ သွားလာနေသော မော်တော်ယာဉ်များ တရားဝင် ကုန်သွယ်မှု ဆောင်ရွက်လာသဖြင့် မြဝတီနယ်စပ်ကုန်သွယ်မှုပိုမို

မတ်လအတွင်း တံတားကျိုးစစ်ဆေးရေးဂိတ်မှ ကုန်တင်ယာဉ်များအား လိုင်စင်၊ ဂျူတီများ ပါရှိမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိရာ ယခင်ရှောင်ကွင်းလမ်းမှ သွားလာနေသော မော်တော်ယာဉ်များ တရားဝင် ကုန်သွယ်မှုဆောင်ရွက်လာလို့ ပို့ကုန်သွင်းကုန်ကားများဇုန်အတွင်း ဝင်ရောက်မှုပိုမိုခဲ့သဖြင့် မြဝတီနယ်စပ် ကုန်သွယ်မှုမှာ အနီးစပ်ဆုံးကာလထက်ရော ယခင်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပမာဏများ ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

မတ်လအတွင်းမှာ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းဟာ ပို့ကုန် ကန်ဒေါ်လာ ၃ ဒသမ ၅၉၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄၂ ဒသမ ၉၃၅ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄၆ ဒသမ ၅၃၀ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းဟာ သွင်းကုန်အဓိကထားတင်သွင်းသော စခန်းတစ်ခုဖြစ်ပါတယ်။လျာထားချက်အပေါ်မှာ ပို့ကုန်အနေနဲ့ ပြည့်မီခြင်းမရှိသော်လည်း သွင်းကုန် ၁၅၅ ရာခိုင်နှုန်း ကျော်ဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုပမာဏ ၁၃၃ ရာခိုင်နှုန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပို့ကုန်ပိုင်းမှာ ကြက်သွန်နီ၊မြေပဲဆံ၊ငရုတ်သီးခြောက်၊ ပြောင်းဖူးစေ့၊ ငါးမျိုးစုံ တင်ပို့မှုပိုမိုခဲ့သလို သွင်းကုန်ပိုင်းမှာ မော်တော်ဆိုင်ကယ်၊ကားနဲ့ကားအပိုပစ္စည်းများ၊ဓါတ်ဆီ၊ အလှကုန်မျိုးစုံ၊အချိုရည်မျိုးစုံ တင်သွင်းမှု ပိုမိုခဲ့တယ်လို့သိရပါတယ်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ဖေဖော်ဝါရီလ အမှန်တင်ပို့တဲ့အများဆုံးပို့ကုန်များမှာ မြေပဲဆံ၊ ပြောင်းဖူးစေ့၊ ကြက်သွန်နီ၊ငါးမျိုးစုံ၊ မတ်ပဲ၊ ပုစွန်၊ ချုပ်ပြီးအထည်၊ကဏန်း၊ကြံ၊ ပဲလွန်းဖြူ၊နနွင်းတက်၊သီဟိုဠ်စေ့၊ ချင်းခြောက်၊ငါးရှဉ့်၊ နွယ်ချိုဆီးဖြူသီးခြောက်တို့ဖြစ်ပြီး အမှန်တင်သွင်းတဲ့ အများဆုံးသွင်းကုန်များမှာ မော်တော်ဆိုင်ကယ်၊ ယာဉ်ယန္တရားမျိုးစုံ၊ Mix LPG၊ဘိလပ်မြေ၊ ဓါတ်ဆီ၊ အလှကုန်မျိုးစုံ၊ လက်ကိုင်ဖုန်းမျိုးစုံ၊ အဝတ်လျှော် ဆပ်ပြာမှုန့်၊အရည်၊တာယာမျိုးစုံ၊စက္ကူမျိုးစုံ၊ အချိုရည်မျိုးစုံ၊ဓါတ်မြေသြဇာမျိုးစုံ၊ ရေခဲသေတ္တာ၊ ဒီဇယ်၊ ငှက်သိုက်၊ တီဗွီတို့ဖြစ်ကြပါတယ်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလတူ ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှု များကို ဖော်ပြပေးလိုက်ရပါတယ်-

**တန်ဖိုး-ကန်ဒေါ်လာသန်း**

| | ၂၀၁၅ ဇန်နဝါရီလ | ၂၀၁၅ ဖေဖော်ဝါရီလ | ၂၀၁၄ ဖေဖော်ဝါရီလ |
|---|---|---|---|
| ပို့ကုန် | ၃. ၃၆၉ | ၃. ၅၉၅ | ၂. ၉၅၃ |
| သွင်းကုန် | ၃၇. ၀၉၁ | ၄၂. ၉၃၅ | ၂၀. ၄၈၁ |
| ကုန်သွယ်မှု | ၄၀. ၄၆၀ | ၄၆. ၅၃၀ | ၂၃. ၄၃၄ |

**MIRT(DCCA)**

## ဒိုင်နာယာဉ်ပေါ်မှ ပြောင်းမျိုးစေ့အိတ်များကို တာချီလိတ် Mobile Team မှ သိမ်းဆည်းရမိ

တာချီလိတ် Mobile Team မှ ဦးစီးအရာရှိနှင့်အဖွဲ့သည် မတ်လ ၆ ရက်နေ့ ၁၂း၀၀ နာရီတွင် တာလေတိုးဂိတ်အနီး၌ တာဝန်ထမ်းဆောင်စဉ် တာချီလိတ်ဘက်မှ မောင်းနှင်လာသော ဒိုင်နာယာဉ်အမျိုးအစား 5F/ xxxx ပေါ်တွင် တရားမဝင်အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ခြသေ့်ခေါင်းတံဆိပ် ပြောင်းမျိုးစေ့အိတ် ၅၀ ခန့်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါသိမ်းဆည်းရမိ ခြသေ့်ခေါင်းတံဆိပ် ပြောင်းမျိုးစေ့အိတ်များအား Mobile Team အဖွဲ့စုံဖြင့် စနစ်တကျစစ်ဆေး၍ တာချီလိတ်အကောက်ခွန်မြို့နယ်ရုံးတွင် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ခဲ့ပါတယ်။ ပြောင်းမျိုးစေ့ အိတ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်းခြောက်ဆယ်ခန့်ရှိတယ်လို့သိရပါတယ်။ **DCCA**

## ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ သစ်တုံး၊သစ်ကြမ်းခင်းပြားများရှာဖွေတွေ့ရှိ

အေးရှားဝေါလ်တိုးဂိတ်အနီး စစ်ဆေးရေးနဲ့စားသုံးသူအကာအကွယ်ပေးရေးတာဝန်ထမ်းဆောင်နေသော မူဆယ်ထုတ်နုတ် Mobile Team အဖွဲ့ဟာ မတ်လ ၁၀ ရက် ၁၅း၄၀ ချိန်မှာ Asia World Toll Gate အနီးပြည်ထောင်စုလမ်းမကြီးမှာ 5B/xxxx စိတ်ကြိုက်မှန်လုံယာဉ်ပေါ်မှ တမလန်းလို့ ယူဆရတဲ့သစ်တုံး ၁၀၀၊ သစ်ကြမ်းခင်းပြားအသေး ၃၁၉ ပြားကို စစ်ဆေးတွေ့ရှိရပါတယ်။ အဆိုပါပစ္စည်းနဲ့ ပစ္စည်းတင်ယာဉ်တို့အား သိမ်းဆည်းထားတယ်လို့သိရပါတယ်။အဖွဲ့စုံဖြင့်အသေးစိတ်စစ်ဆေးပြီးနောက် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံသွားမယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## ပညာပေးကာလစတင်သည့်မှ ယခုနှစ်မတ်လအထိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနဲ့ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ စစ်ဆေးတွေ့ရှိချက်များ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ တိုက်ရိုက်ကြီးကြပ်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြုလုပ်တဲ့ ဆိပ်ကမ်းခြောက်ခု၊ အေးရှားဝေါလ်၊ ထီးတန်း၊ မြန်မာ့စက်မှု၊ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ အလုံနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်း) တို့မှာ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်မှ ဩဂုတ်လ ၁၅ ရက်ထိ ပညာပေးကာလအဖြစ်လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက်နေ့မှစတင်၍ အရေးယူကာလအဖြစ်လည်းကောင်း၊ ပို့ကုန် သွင်းကုန် ကုန်သေတ္တာများအား ဖွင့်ဖောက်စစ်ဆေးခြင်း၊ စစ်ဆေးပြီး ကုန်သေတ္တာများအား ဆိပ်ကမ်းအတွင်းမှ ချောမွေ့စွာသယ်ယူပို့ဆောင်နိုင်ရေး၊ စနစ်တကျ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် မတ်လ၄ ရက်ထိကာလအတွင်း ကုန်သေတ္တာအလုံး ၂၀၈၃၉၉ ထုတ်ယူမှုရှိပြီး ၂၃၃၅ လုံးကို စစ်ဆေးခဲ့ရာမှာ အလွဲ၊ အမှား၊ အပို စစ်ဆေးတွေ့ ရှိတဲ့ကုန်သေတ္တာ ၃၄၉ လုံးရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၄ ရက်ထိ အထုပ် ၄၇၄၄၃ မှ ၁၉၈၀၀ ထုပ်ကို စစ်ဆေးမှုပြုခဲ့ပြီး အထုပ် ၅၇၀ ကို အလွဲ၊ အမှား၊ အပို အဖြစ် စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် မတ်လ ၅ ရက်ထိကာလအတွင်း Mobile Team မှ ကျပ်သန်း ၂၉၆၃၃ ကျော်ဖိုး အမှုတွဲဖွင့်လှစ်နိုင်

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ Mobile Team လုပ်ငန်းများ ဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က စတင်ခဲ့တာဖြစ်ပါတယ်။ ဗဟိုကော်မတီရဲ့ ကြီးကြပ်ထုတ်နုတ်အင်အား Mobile Team ရဲ့ အမှုတွဲဖွင့်လှစ်ရရှိမှုပေါင်းမှာ ၅၀၀၆ ခုရှိပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၉၆၃၃ ဒသမ ၂၄၄သန်း ရှိပြီလို့သိရပါတယ်၊ မူဆယ်-မန္တလေးလမ်းကြောင်းမှာ ၁၂၉၂ မှု၊ မြဝတီ-ရန်ကုန်လမ်းကြောင်းမှာ ၁၆၃၂ မှု ၊ မူဆယ်ထုတ်နုတ်အင်အား ၁၈၄၇ မှု၊ တမူးထုတ်နုတ်အင်အား ၂၀ မှု၊ တာချီလိတ်ထုတ်နုတ်အင်အား ၁၉၄ မှု၊ ကန်ပိုက်တီး OSS အင်အား ၂ မှု၊ မူဆယ် OSS အင်အား ၄ မှုနဲ့ ကျိုင်းတုံထုတ်နုတ်အင်အား ၁၆ မှုအသီးသီးအမှုတွဲဖွင့်လှစ်ဖမ်းဆီးရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## ၁၂ ဘီးယာဉ်ပေါ်မှ ဆိုင်ကယ်ဆက်စပ်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

မူဆယ်-မန္တလေးလမ်းကြောင်းပေါ်ရှိ နောင်ချိုတိုးဂိတ်အနီး စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေး တာဝန်ထမ်းဆောင်နေတဲ့ လရ-၁ အဖွဲ့ထံ မတ်လ ၉ ရက် ၂၃း၃၀ ချိန်မှာဝင်ရောက်စစ်ဆေးခံသော ၁၂ ဘီးယာဉ် DD / xxxx ပေါ်မှ ဆိုင်ကယ်အင်ဂျင် ၃ ထုတ်၊ ဖရိန် ၃ ထုတ်၊ တာယာနဲ့ ဝှေ ၆ ထုတ်၊ ကာဘာ ၃ ထုတ်နဲ့ အပိုပစ္စည်း ၃ ထုတ်ခန့်မှန်းတန်ဖိုး ကျပ် ၉ သိန်းဖိုးအား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

# စီးပွားရေးလုပ်ငန်းတိုင်း ပြည်ပဈေးကွက် ဦးတည်ထုတ်လုပ်လာရေး (Internationalization of Firm)

ဒေါက်တာမောင်အောင်



ပြည် တွင်းရှိစီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်စည်ထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုပေးသည်ဖြစ်စေ နိုင်ငံတကာဈေးကွက်များတွင် ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့လာရောက်ကြသည့် နိုင်ငံခြားသားများထံသို့ ရောင်းချခြင်းတို့သည် ကုန်စည်ပို့ကုန်နှင့် ဝန်ဆောင်မှု ပို့ကုန်များရောင်းချခြင်းပင် ဖြစ်သည်။ ထို့အတူ ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည့် နိုင်ငံတကာလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေသူများသည်လည်း နိုင်ငံခြားငွေ ရှာပေးနေသည့် ဝန်ဆောင်မှုပို့ကုန်ရှင်များပင် ဖြစ်သည်။

ယခုအခါ ကုန်စည်ပို့ကုန်ကဏ္ဍ သိသိသာသာ တိုးတက်လာမှုကြောင့် ပို့ကုန်နှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလမ်းကြောင်း (Supply Chain) တစ်လျှောက်ရှိ ပါဝင်သူများ ပိုမိုအကျိုး ရှိနေပြီဖြစ်သည်။ ဆိုလိုသည်မှာ လယ်ယာပို့ကုန်များဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်းစသည်တို့ယခင် ကထက်တိုးချဲ့တင်ပို့လာမှုကြောင့် ကုန်သည်များသာမက သယ်ယူပို့ဆောင်သူ၊ ကြိတ်ခွဲသူ၊ သိုလှောင်သူနှင့် စိုက်ပျိုးသည့် လယ်သမားများအထိပါ အကျိုးကျေးဇူးပိုမိုရှိလာပြီ ဖြစ်သည်။ ထို့အတူ CMP အခြေခံအထည်ချုပ် ပို့ကုန်များ တိုးချဲ့နိုင်သည့်အတွက် အထည်ချုပ်လုပ်ငန်းရှင်များ အကျိုးရှိသလို အလုပ်အကိုင်အများအပြား ဖန်တီးပေးနိုင်မှုကြောင့် ဆင်းရဲမှု လျှော့ချရေးအတွက် အရေးပါနေခြင်း ဖြစ်သည်။

ယခုအခါဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ယခင်ကထက် ပိုမိုကောင်းမွန်လာသလို မကြာခင် ပြီးစီးတော့မည့် လမ်းသစ်ကြီးများကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသာမက ဆက်စပ်နေသည့် နိုင်ငံများနှင့်ပါ စီးပွားရေး၊ လူမှုရေး ပေါင်းစည်းမှုများ အထူးတိုးတက်လာတော့မည် ဖြစ်သည်။ လမ်းသစ်များ အနက် အာရှအရှေ့အနောက်လမ်းမ၊ တောင်ဘက်လမ်းမ၊ GMS နိုင်ငံများ ဆက်စပ်နေသည့် တရုတ်၊ ယူနန်၊ ကျောက်ဖြူလမ်း၊ တရုတ်၊ မြန်မာ-အိန္ဒိယ ဆက်ပေးမည့် လမ်းမ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း အကျုံးဝင်သည့် Trilateral road project စသည်တို့ မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်သည်။ အထူးသဖြင့် ဗန်ကောက်မှ ထားဝယ် တောင်ဘက်စကြံလမ်း မကြာမီပြီးစီးတော့မည်ဖြစ်ရာ လမ်းမတစ်လျှောက် ထိုင်းနယ်စပ်နှင့် မြန်မာဘက်ပိုင်းတို့တွင် စက်ရုံအလုပ်ရုံများ သိသိသာသာထွန်းကားလာတော့မည်ဖြစ်သလို နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်လည်း မြန်မာ၊ တရုတ်နိုင်ငံကဲ့သို့တစ်ဟုန်ထိုးတိုးတက်လာတော့မည် ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းသာ ပြီးစီးမည်ဆိုလျှင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့၏ ကုန်သွယ်မှုအတွက်အရေးပါသည့် အတွက်တစ်ဆင့်ခံကုန်သွယ်မှု၊ ပြန်လည်ပို့ကုန်သွင်းကုန်များ ထွန်းကားလာမည် ဖြစ်သည်။ ထို့ပြင် ညီအစ်မမြို့များအဖြစ် မြဝတီ-မဲဆောက် ဖွံ့ဖြိုးမှုပုံစံအသစ်အနေဖြင့်အထူးအရေးပါလာမည့် အပြင်စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအရ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ အထူးတိုးတက်လာမည်ဖြစ်ပြီး၊ လက်ရှိနှစ်စဉ် မြန်မာနိုင်ငံသို့ အများဆုံး ဝင်ရောက်နေသည့် ထိုင်းလူမျိုးများ အဆိုပါဝင်ပေါက်မှ ယခုထက်ဆတိုးဝင်ရောက်လာတော့မည်ဖြစ်သည်။

ထို့အတူ မြန်မာ့ရွှေ့ပြောင်း လုပ်သားများအများဆုံးရှိနေသည့် ထိုင်းနိုင်ငံသို့အဓိကဝင်ပေါက်ဖြစ်သည့် မြဝတီ-မဲဆောက် ဂိတ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးလာဦးမည်ဖြစ်ပြီး တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး နှင့် ပိုမိုအာမခံချက်ရှိရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ ထားပြီးဖြစ်သည်။ တရုတ်နှင့်နယ်စပ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ကုန်သွယ်မှုတစ်နေ့တခြား တိုးပွားနေသည့်အတွက်လမ်းသစ်များ ဖော်ထုတ်ခြင်းနှင့် လက်ရှိလမ်းများ တိုးချဲ့ခြင်းတို့လုပ်ဆောင်နေမှုကြောင့် ယခုထက်ဘက်စုံပေါင်းစည်းမှုတိုးပွားလာမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် အကုန် တွင်ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းကြောင့်လည်း လွတ်လပ်စွာကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ လုပ်သားရွှေ့ပြောင်းမှု၊ အရင်းအနှီး ရွှေ့ပြောင်းမှုတို့ပိုမိုများပြားလာမည်ဖြစ်၍ ပြည်တွင်းလုပ်ငန်းများနှင့် လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၄ တွင် လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေ သုံးသန်းကျော်ရှိခဲ့ပြီး၊ ယခင်နှစ်ထက် တစ်သန်းပိုမိုဝင်ရောက်လာကြောင်း တွေ့ရသည်။ယခုနှစ် ၂၀၁၅တွင်လည်း အနည်းဆုံးလေးသန်းခွဲမှ ငါးသန်းအထိ ဝင်ရောက်လာနိုင်ပြီး အကယ်၍ တောင်အာရှစကြံသာ မျှော်မှန်းသည့်အတိုင်း ၂၀၁၅ နှစ်လည်တွင် ပြီးခဲ့လျှင် အဆိုပါ ခန့်မှန်းချက်ထက်များမည်သာ ဖြစ်သည်။ ယခင်နှစ် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာတစ်ဘီလီယံ ကျော်ဟုသိရပြီး၊ အမှန်တကယ်မူ ယခုထက် များစွာရရှိနိုင်သည့် အခွင့်အလမ်းများ ဖော်ထုတ်ရဦးမည်ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားများအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကို တိုးချဲ့နိုင်လျှင် အဆိုပါဝင်ငွေ အနည်းဆုံး နှစ်ဆမကတက်လာမည် ဖြစ်သည်။ သဘာဝအခြေခံလမ်းကြောင်းသစ်များ ဖော်ထုတ်ခြင်း၊ အပန်းဖြေစခန်းများဖွင့်လှစ်ခြင်း၊ ဒေသအစားအစာနှင့် ယဉ်ကျေးမှုများဖြင့် လာရောက်လည်ပတ်စေရန် ဆွဲဆောင်မှုများပေးခြင်း၊ စင်္ကာပူ၊ ဗန်ကောက်၊ ကွာလာလမ်ပူ ၊ မနီလာစသည့် မြို့ကြီးများကဲ့သို့ ညပိုင်းအပန်းဖြေစခန်းများ လုပ်ဆောင်ခြင်း ၊ ဒေသအလိုက်ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့်ဧည့်ခံခြင်း စသည်တို့ လုပ်ဆောင်ရန်လိုအပ်သလို ခရီးသွားများအတွက် ဘေးကင်းလုံခြုံမှုတို့လည်း အထူးဂရုစိုက်ရန်လို ပေသည်။ မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်မှယုံကြည်မှုတည် ဆောက်နေရဆဲဖြစ်ရာ ခရီးသွားများနှင့် ပတ်သက်၍တည်းခိုသည့် ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်များ၊ မှန်ကန်သည့် သတင်းအချက်အလက် ဖြန့်ဝေမှု၊ ဒေသထွက်လက်ဆောင်ပစ္စည်းများ ရောင်းချမှု စသည်တို့တွင် အရည်အသွေးပြည့်ဝမှု၊ မြင်သာထင်သာရှိမှု၊ ဖော်ရွေပွင့်လင်းမှု၊ ရိုးသားမှုတို့ အထူးလိုအပ်ပေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာမှ လာရောက်သော ခရီးသွားများအတွက် အရည်အသွေးမီသည့် ဝန်ဆောင်မှုလုပ်ငန်းများ များများလုပ်ဆောင်နိုင်လေ အကျိုးများလေဖြစ်သည်။ အထူးသဖြင့် စင်္ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင်လုပ်ဆောင်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများ မြန်မာ့လုပ်ငန်းရှင်များနှင့် လူငယ်များအသေးစိတ်လေ့လာပြီး ပြန်လည် အသုံးချရတော့မည် ဖြစ်သည်။ ထို့အတွက်လည်း လုပ်ငန်းရှင်တိုင်း၊ လူငယ်တိုင်း နိုင်ငံတကာနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ရေး အထူးကြိုးစားရမည့် အချိန်ဖြစ်သည်။

> မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်မှ ယုံကြည်မှု တည်ဆောက်နေရဆဲဖြစ်ရာ ခရီးသွားများနှင့် ပတ်သက်၍ တည်းခိုသည့် ဟိုတယ်၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်များ၊ မှန်ကန်သည့် သတင်းအချက်အလက်ဖြန့်ဝေမှု၊ ဒေသထွက် လက်ဆောင်ပစ္စည်းများ ရောင်းချမှု စသည်တို့တွင် . . .

## အခွင့်အလမ်းများသိအောင်လုပ်

ယခုအခါ လုပ်ငန်းရှင်များအတွက်ရော လူငယ်များအတွက် စီးပွားရေးနှင့် ကြီးပွားတိုးတက်ရေး အခွင့်အလမ်းများစွာ ရှိနေပြီဖြစ်သည်။ သို့သော် အဆိုပါအခွင့်အလမ်းများ အပြည့်အဝရယူနိုင်ရေးအတွက် အခွင့်အလမ်းများကို သိရှိအောင် ဦးစွာကြိုးစားရမည် ဖြစ်ပြီး၊ ဒုတိယအဆင့်အဆိုပါ အခွင့်အလမ်းများရရှိအောင်လိုအပ်ချက်များ၊ ပြင်ဆင်ရမည့်အချက်များကို ပြည့်မီအောင်လုပ်ဆောင်နိုင်မှသာ ကြီးပွားတိုးတက်နိုင်မည်ဖြစ်သည်။ ယခုအခါ အခွင့်အလမ်းများစွာရှိသော်လည်း အသုံးပြုနိုင်သူ အနည်းငယ်မျှ သာရှိနေသေးသည်။ "မသိသူကျော်သွား သိသူဖော်စား" ဆိုသည့်ဆောင်ပုဒ် အတိုင်းအခွင့်အလမ်းကို သိအောင် လုပ်ရန်ကြိုးစားရမည်ဖြစ်သည်။ ဥပမာအားဖြင့်ဂျပန်နိုင်ငံမှ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (Generalized System of Preference–GSP) ဟုခေါ်သည့်အထူးအခွင့်အရေးကို လယ်ယာကုန်စည် တော်တော်များများကို ပေးထားပြီး အခွန်အကောက် ကင်းလွတ်ခွင့်သာမက ခွဲတမ်းသတ်မှတ်ချက်ပါ ကင်းလွတ်သောကြောင့် အခြားနိုင်ငံများထက် အခွင့်အရေး ရရှိထားပြီးဖြစ်သည်။ လယ်ယာကုန်စည် များအတွက် အာရှတွင် ဂျပန်ဈေးကွက်သည် ဈေးအကောင်းဆုံးဖြစ်ပြီး၊ ဝယ်လိုအားများပေသည်။ ဥပမာ

# Myanmar Food Bev နှင့် Myanmar Ho Re Ca 2015 ကုန်စည်ပြပွဲကျင်းပ

နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းများနှင့်ဝန်ဆောင်မှု ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ မတ်လ ၁၂ ရက်နေ့ နံနက် ၉း၀၀ နာရီတွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ UMFCCI MFPEA မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ဆိုင်ရာထိုင်းသံအမတ်ကြီး H.E.Mr.Pisanu Suvanajata တို့တက်ရောက်ခဲ့ကြပြီး အခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပါသည်။



အဆိုပါ ပြပွဲတွင် ထိုင်းနိုင်ငံရှိ ကုမ္ပဏီ ၅၄ ခုမှ ပြခန်းပေါင်း ၆၇ ခန်းဖြင့် အစားအသောက်နှင့် အဖျော်ယမကာ ကုန်ကြမ်းများ ထုတ်လုပ်ပုံအဆင့်ဆင့် ပါဝင်သော ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်း များအပြင် ဟိုတယ်နှင့်စားသောက်ဆိုင်များတွင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများအား ခင်းကျင်းပြသခဲ့ပါသည်။ အထူးအစီအစဉ်အနေဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဟင်းလျာချက်ပြုတ်နည်း သရုပ်ပြပွဲများ၊ ကော်ဖီဖျော်စက်၊ မုန့်လုပ်စက်၊ ရေခဲမုန့်လုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ သရုပ်ပြပွဲများကို ထည့်သွင်း ပြသကြသည့်အပြင် အလုပ်ရုံဆွေးနွေးပွဲ၊ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်အစားအသောက်စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်၊ အများပြည်သူများအတွက် အစားအသောက်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အာဟာရအပြည့်အဝရရှိစေရန်၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကျွမ်းကျင်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြသခဲ့ပြီး ကုန်စည်ပြပွဲအား မတ်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ လာရောက်လေ့လာ ကြည့်ရှုကြကြောင်း သိရှိရပါသည်။ **KMT**

---

အားဖြင့် ၀၃ ခြောက်အမှုန့်ဆိုလျှင် တစ်တန်လျှင် ဒေါ်လာသောင်းဂဏန်းရှိပြီး ဝယ်အားများသော်လည်း ယနေ့အထိ ဂျပန်သို့ အဆိုပါကုန်စည်တင်ပို့နိုင်သည့် ကုမ္ပဏီတစ်ခုသာရှိပြီး တန်ချိန်အနည်းငယ်သာ တင်ပို့နိုင်သေးသည်။ ထို့အတွက်လည်း ယခင်က တရုတ်လုပ်ငန်းရှင်များ အဆိုပါကုန်စည်ကို ဂျပန်ဈေးကွက်သို့ မြန်မာနိုင်ငံထုတ်ကုန် (Country of Origin) ရရှိအောင်ကြိုးစားမှုများ ဖြစ်ပေါ်ခဲ့ဖူးသည်။ ယခုဆိုလျှင် ဥရောပသမဂ္ဂအီးယူ၏ GSP ကို ကုန်စည်တိုင်းအတွက်ပေးနေပြီဖြစ်သော်လည်း C.M.P အထည်ချုပ်နှင့် လယ်ယာကုန်စည်အချို့ကိုသာ အနည်းငယ် ပိုမိုတင်ပို့နိုင်သေးပြီး ပေးသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်သေးသည်ကို တွေ့ရပေသည်။ ထို့အတွက် မည်သည့်လုပ်ငန်းကို လုပ်ဆောင်သည်ဖြစ်စေ အဆိုပါလုပ်ငန်းနှင့် ပတ်သက်သော နောက်ဆုံးသတင်း အချက်များရရှိအောင် လုပ်ဆောင်ရေးနှင့် အကောင်းဆုံး ပြန်လည်တုံ့ပြန်နိုင်ရေးမဖြစ်မနေလုပ်ဆောင်ရမည် ဖြစ်သည်။ အရေးကြီးသည်မှာ လုပ်ငန်းသေးသေးကလေးလုပ်သည့်တိုင်အောင် တစ်ရက်ထက်တစ်ရက်ပိုမိုတိုးတက်လာစေရန် ကြိုးစားရမည်ဖြစ်သည်။ ယှဉ်ပြိုင်ရာတွင် အရည်အသွေးအရလည်းကောင်း၊ ဈေးနှုန်းအရလည်းကောင်း၊ ပေးသည့် ဝန်ဆောင်မှုအရလည်းကောင်း အခြားသူများထက်သာအောင် အစဉ်ကြိုးစားရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတိုင်း ယခင်က ထက် ကြီးပွားတိုးတက်နိုင်ရန် အခွင့်အလမ်းကောင်းများ ဈေးကွက် များပွင့်လာပြီ ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ် ငန်းတိုင်းကြီးပွားတိုးတက်လိုလျှင် ယနေ့ပညာရှင်များလမ်းညွှန်သည့် ဆောင်ပုဒ်မှာ "ပိုမိုလေ့လာပိုမိုကောင်းအောင်လုပ် Learn more, Serve better" ပင် ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း အထူးအလေးထားရမည့်အချက်မှာ မိမိလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားတစ်နေ့တခြား တိုးတက်လာရေးဖြစ်သည်။

## ၂၁ ရာစုအဆင့်မြင့်အရည်အသွေး (21st Century-High quality)

မြန်မာနိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးနှင့် အဘက်ဘက်မှ ပေါင်းစည်းမှု အရှိန်အဟုန်မြင့်မားလာမှုကြောင့် စီးပွားရေးလုပ်ငန်းတိုင်း၊ လူငယ်လူရွယ် တိုင်း တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက် လုပ်ဆောင်မှုမြင့်တင်နိုင်မှသာ သိသာသည့်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ၂၁ ရာစု စီးပွားရေး လုပ်ငန်းများတိုးတက်စေရန် အဓိကဦးစားပေးလုပ်ဆောင်ရမည့် အချက်မှာ ကုန်ထုတ်လုပ်မှု (သို့မဟုတ်) ဝန်ဆောင်မှုများပေးရာတွင် အရည်အသွေးမြင့်မားမှုရှိမှသာ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားမည်ဖြစ်ပြီး အောင်မြင်တိုးတက်မည်ဖြစ်သည်။ အရည်အသွေးမပြည့်ဝလျှင် စီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်ရန်မဖြစ်နိုင်ပေ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားရန် များစွာရှိနေသေးပြီး အရည်အသွေးနှင့် ဝန်ဆောင်မှု ကောင်းမွန်မှု၊ မြင်သာထင်သာရှိမှု၊ တိကျသေချာမှု ၊ ယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းဖြစ်ပေါ်မှုတို့ကို ဦးစားပေးရမည်ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စားသုံးသူများ၏ ကျေနပ်နှစ်သိမ့်မှု အများဆုံးဖြည့်စွမ်းပေးရေး ဟူသော ဦးတည်ချက်ဖြင့် စားသုံးသူများ၏ယုံကြည်မှုရရှိသည် အထိလုပ်ဆောင်နိုင်မှသာ မိမိလုပ်ငန်း၏ နာမည်ကောင်း Brand Name ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ကမ္ဘာ့ဈေးကွက်တွင်ထိုးဖောက်ဝင် ရောက်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာရေးတို့အတွက် အလိုအပ်ဆုံးမှာ မြင့်မားသည့် အရည်အသွေး (high quality) ရှိရေးပင်ဖြစ်သည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများ (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ) အနေဖြင့် ယခင်ကပြည်တွင်းဈေးကွက်ကိုသာ အဓိကထားထုတ်လုပ်မှုကြောင့် အရည်အသွေး၏ အရေးပါမှုအားနည်းခဲ့သလို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင်လည်း အရည်အသွေးနိမ့်အခြေခံကုန်စည်များကိုသာ အဓိကထားတင်ပို့မှုကြောင့် တန်ဖိုးလည်းနိမ့်ကျခဲ့သည်။ အရည်အသွေးနိမ့်ကျမှုကြောင့်လည်း မြန်မာ့ပို့ကုန်များ ကမ္ဘာ့ဈေးကွက်ကောင်းများတွင် နာမည်ကောင်းဖြင့် ရေရှည် ထိန်းသိမ်းနိုင်မှုအားနည်းခဲ့သည်။ အရည်အသွေးနိမ့်ကျမှုကို ပိုမိုဖြစ်ပေါ်စေသည့်အချက်မှာ တချို့ကုန်သည်များ၏ မမှန်မကန်သည့်နည်းလမ်းများဖြင့် အလေးချိန်တိုးရန် လုပ်ဆောင်မှုများကိုလည်း ရှောင်ရှားရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အရည်အသွေး၊ ဈေးနှုန်း၊ ထုပ်ပိုးမှု၊ လုံခြုံစိတ်ချရမှုစသည့် ဘက်ပေါင်းစုံမှ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အရည်အသွေးမြင့်မားမှုမှာ အထူးအရေးပါပြီး နိုင်ငံတကာလုပ်ငန်းများတစ်စိုက် မတ်မတ်ဇောင်းပေး လုပ်ဆောင်နေကြပြီဖြစ်သည်။

ယခင် ခေတ်အဆက်ဆက် နိုင်ငံတိုင်း (သို့မဟုတ်) လုပ်ငန်းတိုင်း နှိုင်းယှဉ်အခွင့်အရေးသာသည့် တစ်နည်းအားဖြင့်နှိုင်းယှဉ်စရိတ်သက်သာသည့် လုပ်ငန်းများကို ဇောက်ချထုတ်လုပ်ပြီး ကုန်သွယ်မှုကိုလုပ်ဆောင်ခဲ့ကြသော်လည်း ယနေ့ခေတ်ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာလုပ်ငန်းများအနေဖြင့် လက်ခံကျင့်သုံးသည့်မူမှာ ထုတ်လုပ်မှုစရိတ်သက်သာမှုထက် တီထွင်ဆန်းသစ်မှုများ ပါဝင်သည့်အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချမှုပင်ဖြစ်သည်။ ထို့အတွက် ယနေ့ခေတ်ထုတ်ကုန်တိုင်း ဝန်ဆောင်မှုတိုင်းတွင် မြင့်မားသည့် အရည်အသွေးဖော်ဆောင်နိုင်ရေး အလေးထားရတော့မည်ဖြစ်သည်။ အရည်အသွေးနှင့်ပတ်သက်၍ နိုင်ငံတကာ၏ စံချိန်စံညွှန်းများသိဖို့လိုသလို လက်တွေ့အသုံးပြုရန်လည်း အရေးကြီးပေသည်။ ယနေ့လယ်ယာထွက်ကုန် အပါအဝင် ပို့ကုန်အများစုသည် အရည်အသွေးနိမ့်သည့် မူလထုတ်ကုန်များ သာဖြစ်နေသည့်အတွက် FAQ (Fair average quality) သာဖြစ်ပြီး အရည်အသွေးမြင့်သည့် SQ (Special quality) နည်းနေဆဲပင်ဖြစ်သည်။ ထို့အတွက် မြန်မာ့ထုတ်ကုန်များ အရည်အသွေး ယခုထက်ပိုမိုမြင့်တက်လာစေရေးနှင့် ဝန်ဆောင်မှုပို့ကုန် လုပ်ငန်းများအနေဖြင့်လည်း အရည်အသွေးမြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် အထူးကြိုးစားရမည့်အချိန် ဖြစ်သည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် နိုင်ငံတကာနှင့် ပိုမိုပေါင်းစည်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထူးဇောင်းပေး ကြိုးစားမှသာ တိုးတက်မှုကိုဖော်ဆောင်နိုင်မည် ဖြစ်ပေသည်။

■



## Myanmar International Franchise & SMEs Expo ကုန်စည်ပြပွဲ ကျင်းပ

Myanmar International Franchise & SMEs Expo ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ်လ ၁၃ ရက်နေ့ နံနက် ၁၀ း၀၀ နာရီတွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ နိုင်ငံတော်သမ္မတအကြံပေးပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ 981 Creative Myanmar Company Limited,Smart Business Group Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာဦးအောင်အောင်နိုင်၊ Global Moving & Storage Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်နှင့် ထိုင်းနိုင်ငံဘက်မှ ပြပွဲစီစဉ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြပါသည်။ ပြပွဲတွင် ထိုင်းနိုင်ငံ၏ကုမ္ပဏီကြီးနှစ်ခုက ပြခန်းပေါင်း ၅၃ ခန်းကျော်ဖြင့် ခင်းကျင်းပြသခဲ့ပါသည်။ ပြပွဲတွင် အစားအစာနှင့် ဖျော်ရည်တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထိုင်းနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာနည်းပညာ ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ကို ထည့်သွင်းကျင်းပခဲ့ပါသည်။ မြန်မာ့စီးပွားရေးအသွင်ကူးပြောင်းလာခြင်းနှင့်အတူ ဝင်ငွေမြင့်မားသော အသေးစား၊ အလတ်စားလုပ်ငန်းများတွင် ဆန်းသစ်သော၊ စိတ်ချရသော၊ ကျန်းမာရေးနှင့်ပို၍ ညီညွတ်သောနည်းပညာနှင့်ဝန်ဆောင်မှုများ တွေ့ဆုံသူများအချင်းချင်း အသိပညာဖလှယ်ရန်၊ တိုးတက်မြင့်မားလာသည့် နည်းပညာများအား လေ့လာနိုင်သည့်အခွင့်အရေးများရရှိရန် ရည်ရွယ်ချက်ဖြင့် ပြသခြင်းဖြစ်ပြီး အဆိုပါပြပွဲအား မတ်လ ၁၃ ရက်မှ ၁၅ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များနှင့် အများပြည်သူများ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။ **KMT**

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးနဲ့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးတို့မှ ၂၀၁၅ ခုနှစ် မတ်လ ပထမပတ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၅၅၂ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၉၇၉၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

တင်ပို့တဲ့တန်ချိန်များကတော့ မူဆယ်မှ ၁၈၇၈၆ တန်၊ လွယ်ဂျယ်မှ တန် ၁၀၀၀နဲ့ ကန်ပိုက်တီးမှ ၇ တန်ကျော်ဖြစ်ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်များမှ ၁၆၉၃၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာပြောင်းတင်ပို့မှု ၂၈၆၁ တန်ကျော်ပိုမိုလာပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၀၅၁၄ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၂၈၅၂၅၅ ကျပ်သို့ဈေး ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

မန္တလေး-မူဆယ်ကုန်စည်သယ်ယူခနှုန်းမှာလည်း ယခင်ရက်သတ္တပတ်က ပြောင်းတစ်ပိဿာကို သယ်ပို့ကားခ ၇၀-၇၃ ကျပ်မှ ယခုတစ်ပတ်တွင် ၇၃-၈၆ကျပ်သို့ ဈေးမြင့်တက်လာတာတွေ့ရပါတယ်။

**မော်မော်အောင်MIRT (DCCA)**

### ရှမ်းပြောင်းကို တိရစ္ဆာန်အစာစပ်သမားနဲ့ လှောင်လက်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်နည်းလာပါတယ်။ တောင်သူတွေဆီမှာလည်း လက်ကျန်က လေးပုံတစ်ပုံခန့်သာကျန်ရှိတော့တယ်လို့ ဒေသခံတွေက သုံးသပ် ခန့်မှန်းနေကြပါတယ်။

လောလောဆယ်တော့ တိရစ္ဆာန်အစာစပ်သမားတွေက သတ်မှတ်ချက်မပြည့်သေးလို့ ဝယ်ယူနေတုန်းပါပဲ။ အဓိကဝယ်လက်တွေကတော့ စီပီ ကုမ္ပဏီနဲ့ တက်ချောင်ကုမ္ပဏီလို့ သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နှစ်တိုင်းလိုလို သကြံန်မတိုင်မီမှာ ဈေးကျနေတတ်ပြီး၊ သကြံန်ပြီးရင်တော့ ပြန်တက်လေ့ရှိပါတယ်။ တောင်သူတွေထဲမှာသာ နည်းသွားပေမယ့် လှောင်လက်တွေဆီမှာတော့ ကျန်နေပါသေးတယ်။ လှောင်လက်တွေရဲ့ သဘာဝအရ တောင်သူတွေထံမှာ ပစ္စည်းပြတ်ခါနီးမှသာ ထုတ်ရောင်းလေ့ရှိကြပါတယ်။

အခုလောလောဆယ်တော့ တောင်သူတွေဆီကနေ တိရစ္ဆာန်အစာစပ်သမားတွေနဲ့ လှောင်လက်တွေက ဝယ်ယူနေပါတယ်။ ရှမ်းပြည်နယ်မှာက ပြောင်းစိုက်ဧကများတာကြောင့် အထွက်လည်းများပါတယ်။ ပြောင်းက တစ်ရာသီပတ်လုံး ရောင်းရတဲ့ သီးနှံလည်းဖြစ်ပြီး ဈေးကွက်ဝင်သီးနှံအဖြစ် လူကြိုက်များလို့ အခြားသီးနှံတွေအစား ပြောင်းကိုသာ အဓိကထားပြီး စိုက်ပျိုးလာတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာ ၃၄၅ ကျပ်-၃၅၀ ကျပ် ဈေးရှိပါတယ်။

စီပီကုမ္ပဏီကတော့ ၎င်းတို့ကုမ္ပဏီစံနှုန်းမီပြောင်းကို တစ်ပိဿာ ၃၇၅ ကျပ်ဈေးနဲ့ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာ ၃၀၀ ကျပ်- ၃၂၅ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ပရဆေး

### မူဆယ်မှ ပရဆေးအမယ်စုံစွာ တင်ပို့

မြန်မာနိုင်ငံအရပ်ရပ်ကထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ တိုင်းရင်းဆေးဝါးဖော်စပ်ရာမှာ လည်းကောင်း၊ သဘာဝဓာတ်မြေဩဇာထုတ်လုပ်ရာမှာလည်းကောင်း၊ အင်ဂျင်ဝိုင်(စက်သုံးဆီ) အဖြစ်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်ဖော်စပ်ရာမှာလည်းကောင်း လိုအပ်သလိုအသုံးပြုကြတဲ့အတွက် မူဆယ်နယ်စပ်ကနေ ပုံမှန်တင်ပို့နေရပါတယ်။

မတ်လ ပထမပတ်မှာတော့ ကန်ဒေါ်လာ ၁ ဒသမ ၀၇၄ သန်းတန်ဖိုးရှိတဲ့ ပရဆေးကုန်ကြမ်းအမယ် ၂၅ မျိုးကို တန်ချိန် ၇၂၀ ကျော်ထိတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ အမယ်တွေကတော့ ချဉ်ပေါင်ဖာလာ(အခွံပါ၊ မပါ)ဆီးဆံ၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ ချင်းခြောက်၊ လက်ပံပွင့်ခြောက်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ ကြက်ဆူစေ့၊ကြောင်လျှာစေ့၊ကြောင်ပန်းစေ့၊ နနွင်းတက်၊ ကွမ်းသီးခွံ၊ကွမ်းစားဂမုန်း၊ မာလာဥခေါင်း၊နာနတ်လျှော်၊ မန်ကျည်းသီး(အစေ့ပါ)၊ ရှိန်းခို၊တောချင်း၊ တောဂျူးမြစ်၊ မုတ်ခါး၊ဒရင်ကောက်မြစ်၊တောင်လုံးကျော်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ပရဆေးကုန်ကြမ်း ၃၉၁ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပရဆေးတင်ပို့မှု သိသိသာသာပိုမိုလာပါတယ်။

**မော်မော်အောင် MIRT( DCCA)**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှမလေးရှားနိုင်ငံသို့ ရော်ဘာတန် ၂၈၀ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်လပထမပတ်ဖြစ်တဲ့ ၁ ရက်နေ့မှ ၇ ရက်နေ့အတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၆၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၈၇ တန်ကျော်ကို မလေးရှားနိုင်ငံတစ်နိုင်ငံတည်းသို့တင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ရော်ဘာအဆင့်များကတော့ RSS-3 ၁၄၂ တန်၊ RSS-5 ၂၅ တန်၊ MSR -20 တန်၁၂၀ ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခဲ့တဲ့ စင်ကာပူနိုင်ငံနဲ့ ယူအေအီးနိုင်ငံတို့ကို ယခုတစ်ပတ်မှာ မတင်ပို့နိုင်ခဲ့ပါဘူး။ ယခင်တစ်ပတ်က တန် ၉၀၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၆၀၀ ကျော် အပို့လျော့ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်ပတ်ခန့်လောက်က အတက်ဈေးနဲ့ ဈေးငြိမ်နေခဲ့တဲ့ နိုင်ငံတကာ ရော်ဘာဈေးဟာ ယခုတစ်ပတ်မှာတော့ ပြန်လည်ကျဆင်းလာပါတယ်။နိုင်ငံတကာရော်ဘာဈေးကျတာနဲ့အတူ ပြည်တွင်းမှ ရော်ဘာဈေးလည်းကျလာပါတယ်။မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးများကို တစ်တန်လျှင်ဒေါ်လာ ၁၀၀ သို့ဈေးချ၍ ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။အသင်းမှထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

**ယဉ်ယဉ်အေး MIRT (DCCA)**

### မတ်လပထမပတ်အတွင်းရော်ဘာတန် ၁၃၀၀ ကျော်တင်ပို့

နယ်စပ်ကုန်သွယ်ရေး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ပထမသီတင်းပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၈၇၃ သန်းဖိုးရှိ ရော်ဘာ ၁၃၂၅ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ် တင်ပို့မှုထက် တန်၁၁၉၀ ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်စခန်းတစ်ခုတည်းမှ တင်ပို့မှုရှိသလို ယခုသီတင်းပတ်မှာလည်း မူဆယ်မှပဲ တင်ပို့မှုရှိခဲ့ပါတယ်။တင်ပို့ခဲ့တဲ့အမျိုးအစားနဲ့ပမာဏတွေကတော့ RSS-3 တန် ၉၂၀ ကျော်၊ MSR-20 ၃၇၂ တန်နဲ့ MSR -50 ၃၂ တန်ကျော်ဖြစ်ပါတယ်။

ယခု ရက်သတ္တပတ်အတွင်းမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာပေါက်ဈေးမှာ မိမိဘက်ဈေးအကျရှိကြောင်း သိရပါတယ်။ယခင်တစ်ပတ်က RSS-3တစ်တန်လျှင် ၁၄၃၄၇၄၃ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄၂၅၂၈၈ ကျပ်သို့ဈေးကျလာပါတယ်။ တစ်ဖက်နိုင်ငံဈေးမှာ ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေးMIRT (DCCA)**

### ထိုင်း-အင်ဒိုနီးရှားနဲ့ မလေးရှားတို့ ရော်ဘာတင်ပို့မှုကို ကန့်သတ်လုပ်ဆောင်သွားမည်

ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ဟာ ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရန် ရော်ဘာတင်ပို့မှုအား လိုအပ်ချက်အတိုင်းသာ ကန့်သတ်တင်ပို့သွားမယ်လို့ နိုင်ငံတကာရော်ဘာအသင်း အမှုဆောင်အရာရှိချုပ် ယမ်တာဗာဂိုလစ်က ပြောကြားပါတယ်။

ဆောင်းရာသီကုန်ဆုံးပါက ဈေးနှုန်းများ မြင့်တက်လာတော့မှာဖြစ်ကြောင်း၊ ရော်ဘာစေး ထုတ်လုပ်မှု ကျဆင်းပြီး လိုအပ်ချက်က မြင့်တက်လာတဲ့အတွက် ဈေးတက်ရတာဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမှာ တွေ့ဆုံမေးမြန်းစဉ် ပြောကြားခဲ့တာဖြစ်ပါတယ်။

ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှား သုံးနိုင်ငံလုံးဟာ ဇန်နဝါရီလအတွင်းက ရော်ဘာတင်ပို့မှုအပေါ် ကောင်းစွာစီမံခန့်ခွဲနိုင်ခဲ့ပြီး ယခုနှစ်တင်ပို့မှုများသိပ်များပြားမှာ မဟုတ်ဘူးလို့ ယမ်က ပြောကြားပါတယ်။ကျွန်တော်တို့အနေနဲ့ရော်ဘာဈေးနှုန်း မြင့်တက်ဖို့ ရည်ရွယ်လုပ်ဆောင်တာမျိုး မဟုတ်ဘဲ ရော်ဘာဈေးနှုန်း တည်ငြိမ်ရေးအတွက်သာ ရည်ရွယ်တယ်လို့ ပြောပါတယ်။

ထိုင်းစံချိန်မီရော်ဘာ TSR-20 က တစ်ကီလိုကို ၁၄၅ ဆင့်သာရှိပြီး ထုတ်လုပ်မှုစရိတ်ပိုမိုတယ်၊ ကမ္ဘာ့ ရော်ဘာသိုလှောင်ထားမှုပမာဏမှာ တန်ချိန် ၂ ဒသမ ၂ သန်းမှ ၂ ဒသမ ၅သန်းခန့်ထိရှိနိုင်တယ်လို့ သိရပါတယ်။

IRCO ဟာ ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားသုံးနိုင်ငံမှ တာဝန်ရှိသူများ၊ စိုက်ပျိုးသူများနဲ့ ရော်ဘာပြည်ပတင်ပို့သူများ ပါဝင်ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပြီး ကမ္ဘာ့ရော်ဘာထုတ်လုပ်မှုရဲ့ ၆၄ ရာခိုင်နှုန်းကျော် ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ကမ္ဘောဒီးယား၊လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ကလည်း ဈေးနှုန်းတည်ငြိမ်ရေးအတွက် International Tripartite Rubber Council (ITRC) ရဲ့ လက်အောက်ခံနဲ့ ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြတယ်လို့ ဆိုပါတယ်။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ၂၇ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမှာ ကျင်းပပြုလုပ်တဲ့အစည်းအဝေးမှာ ထိုင်း၊အင်ဒိုနီးရှားနဲ့မလေးရှားနိုင်ငံတို့မှ အကြီးတန်း အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ဈေးနှုန်းအလားအလာ၊ဈေးကွက်အခြေအနေ၊ ဈေးနှုန်းတည်ငြိမ်ရေး အထောက်အကူပြုလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန်တို့ကို ဦးစားပေး ဆွေးနွေးခဲ့ကြပါတယ်။

လာမယ့် ခြောက်နှစ်မှ ခုနစ်နှစ်အတွင်းမှာ ရော်ဘာတိုးချဲ့စိုက်ပျိုးခြင်းကိုရှောင်ကြဉ်ကြရန်နဲ့ လိုအပ်ချက်ရှိတဲ့ ပမာဏအတွက်သာ ချိန်ဆထုတ်လုပ်ကြရန် သဘောတူညီခဲ့ကြပါတယ်။

**CMK**

# မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးသစ် ဖွင့်လှစ်



မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးကို မတ်လ (၁၁) ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မွန်ပြည်နယ် ဦးစီးမှူးရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကြင်ဖေ၊ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ စည်ပင်သာယာရေးဝန်ကြီးဒေါက်တာတိုးတိုးအောင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကြီးအကဲများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ စားသုံးသူရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြားလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်။

ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၁ ရက်နေ့ နံနက် ၀၈း၁၅ နာရီတွင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး ဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့ပါတယ်။ ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် အခြားဌာနဆိုင်ရာ အကြီးအကဲများက မော်ကွန်းမှတ်တမ်းဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းခဲ့ကြပါတယ်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြတဲ့ ဝန်ကြီးများအား စားသုံးသူရေးရာဌာန၊ မွန်ပြည်နယ် ဦးစီးမှူးရုံးမှ ရုံးသစ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်များနှင့် စားသုံးသူအကြောင်းသိကောင်းစရာစာအုပ်များ၊ လက်ကမ်းစာစောင်များကို ပေးဝေခြင်းများ ပြုလုပ်ခဲ့ ကြောင်း သတင်းရရှိပါတယ်။

**စိုင်းအောင်ဖစ်၊**
**စားသုံးသူရေးရာဌာနခွဲ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အန္တရာယ်ရှိ ခွင့်မပြုစားသောက်ကုန်များ စစ်ဆေးတွေ့ရှိ



အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံမှုရှိစေရန်၊ ကျန်းမာရေး အာမခံချက်ရှိသည့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်စေရန်၊ စားသုံးသူပြည်သူများအား အသိပညာ ဗဟုသုတပေးသည့်အနေဖြင့် စားသုံးသူအကာကွယ်ပေးရေးပညာပေးဟောပြောပွဲများကို နေရာပေါင်း(၁၀၁) ကြိမ် ထိဟောပြောပြီးစီးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသိရှိအောင် အသိပညာပေးခြင်းကိစ္စရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ကူးသန်း ရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဈေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ပူးပေါင်းပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့ထိ သုံးရက် ဆက်တိုက် ကွင်းဆင်း၍ မုံရွာမြို့၊ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့တို့ရှိဈေးများသို့ သွားရောက်ကာ စားသောက်ကုန်ပစ္စည်းများကို Mobile Lab ဖြင့် နမူနာကောက်ယူစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့ နမူနာကောက်ယူ စစ်ဆေးရာ မုံရွာမြို့တွင် စားသောက်ကုန်ပစ္စည်းအမယ်ပေါင်း ၁၃၀ မျိုး၊ ရွှေဘိုမြို့တွင် အမယ်ပေါင်း ၈၀ မျိုး၊ စစ်ကိုင်းမြို့တွင် ၉၁မျိုး ကောက်ယူစစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးရာ မုံရွာမြို့တွင် ခွင့်မပြုစားသောက်ကုန် သုံး မျိုး၊ ရွှေဘိုမြို့တွင် ကိုး မျိုး၊ စစ်ကိုင်းမြို့တွင် ၁၁မျိုး တွေ့ရှိကြောင်း မကြာသေးမီကာလမှ သိရှိခဲ့ရပါသည်။ ထိုစားသောက်ကုန်ပစ္စည်းများမှာ ငါးပိ၊ ချဉ်ဖတ်အမျိုးမျိုး၊ ပဲပြား၊ ချက်နို့ဆီ၊ လက်ဖက်၊ ချင်းလက်ဖက်၊ ဆီတို့ဟူးတို့တွင် အများဆုံးတွေ့ရှိရပါသည်။ တွေ့ရှိချက်များမှာ- ငါးပိမှာ Rhodamine B ၊ ချဉ်ဖတ်အမျိုးမျိုးတွင် SalicyclicAcid ၊ ပဲပြားတွင် Formalin၊ လက်ဖက်တွင်Auramine O၊ ချင်းလက်ဖက်တွင်Auramine O ၊ ဆီတို့ဟူးတွင် SalicyclicAcid စသဖြင့် ပါဝင်ကြောင်း စစ်ဆေး သိရှိရပါသည်။

ထိုစစ်ဆေးတွေ့ရှိသည့်စားသောက်ကုန်ပစ္စည်းများနှင့် ရောင်းချလျက်ရှိသည့် ဈေးဆိုင်များအား အရေးယူနိုင်ရေးအတွက် အနီးကပ်ဆုံး ကျင်းပပြုလုပ်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကေသီအောင်(စစ်ကိုင်း)**



# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူစီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည်စေရန်နှင့် ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဥပဒေ၏ အကာအကွယ်ပေးမှုများကိုခံစားရရှိစေရန်၊ အရည်အသွေးမမီသော စားသောက်ကုန်များကြောင့် စားသုံးသူပြည်သူများဘေးဥပဒ်အန္တရာယ် မဖြစ်စေရန်ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀) ရပ်ကွက်ရှိ အမှတ်(၂) ဈေး၊ ဈေးတာဝန်ခံနှင့် တာဝန်ရှိသူများပူးပေါင်း၍ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂)ဈေးရှိ ကုန်ပစ္စည်းရောင်းချသူများအား ဈေးကော်မတီရုံးတွင်တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများကို အသိပညာပေးခြင်းနှင့် ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့သည် ဈေးကော်မတီရုံး၌ ဈေးမိဈေးဖများ၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန် ပစ္စည်းရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းပြီး ဖြစ်၍ နယ်ပယ်အသီးသီးရှိ စားသုံးသူ၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေ၊ ကုန်ပစ္စည်းရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် တစ်ဖက်တွင် စားသုံးသူများဖြစ်၍ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ စားသုံးသူများ၏ အမှန်တကယ်နစ်နာမှု၊ မကျေနပ်မှုများကို တိုင်ကြားနိုင်သည့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းထားမှုအခြေအနေ၊ ဈေးကွက်အတွင်း လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များ တွေ့ရှိသည်ဟု သတင်းရရှိပါက ကွင်းဆင်းစစ်ဆေးခြင်း၊ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်းတို့ဆောင်ရွက်မည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်း ထားမှုအခြေအနေနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ သိသင့်သိထိုက်သည့်အချက်များအား အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဈေးအတွင်းရှိ စားသောက်ကုန်၊ ဆေးမျိုးစုံ၊ အလှကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ရောင်းချလျက်ရှိသည့် ဆိုင်များသို့ကွင်းဆင်း၍ အသိပညာပေးရေး လုပ်ငန်းများဆောင်ရွက် ခဲ့ရာ စားသုံးသူများ နားမလည်ဖတ်ရှု၍မရသော စာသားများဖြင့်ရေးသားထားပြီး ရက်လွန်နေသောမုန့်အချို့နှင့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ရောင်းချရန် ခွင့်မပြုသော ကျင်းထုံအမှတ်တံဆိပ် ခြင်ဆေးတို့အား တွေ့ရှိခဲ့သဖြင့် အမှတ်(၂)ဈေး၊ ဈေးတာဝန်ခံအား ဆက်လက်ရောင်းချခွင့်မပြုရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားပြီး တရားဝင်မှတ်ပုံတင်ထားသော ကုန်ပစ္စည်းများ၊ စားသုံးရန်ရက်လွန်ခြင်းမရှိသော ကုန်ပစ္စည်းများနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ကုန်ပစ္စည်းများကိုသာ ရောင်းချရန်တို့ကို စည်းရုံးပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဈေးတွင် စားသောက်ကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အလှကုန်၊ ဆေးဝါးနှင့် ကုန်ပစ္စည်းမျိုးစုံရောင်းချသည့်ဆိုင်ခန်းများ စုစုပေါင်း ၇၁၈ ခန်းရှိကြောင်းသိရှိရပါသည်။

**ချောဥမ္မာနိုင်( စားသုံးသူ )ရန်ကုန်**

# ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ်လ ၅ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးအောင်သိုက် (ဦးစီးအရာရှိ) က ဟောပြောဆွေးနွေးရာနိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီကို ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိစားသုံးသူများ နစ်နာမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဌာန ဝန်ကြီးဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အေးအတွင်းရေးမှူးအဖြစ်ပါဝင်သောအဖွဲ့ဝင်၁၀ ဦးဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့၏ လက်အောက်တွင်ရှိသော အဖွဲ့ဝင် ၁၁ ဦးဖြင့်လည်းကောင်း၊ ပြည်ပမှ ဝင်ရောက်လာသောကုန်စည်များ လုံခြုံစိတ်ချမှုရှိစေရန် စစ်ဆေးခြင်းနှင့် ပြည်တွင်းတွင်လည်း လုံခြုံစိတ်ချမှုမရှိသော ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများအား ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် ဆောင်ရွက်ပေးမည့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီးအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အသီးသီး ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင် ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏ တာဝန်နှင့်တားမြစ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်း ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ အကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစားအသောက်ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအချိုးအစား မှတ်တမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓါတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့်အမည်နှင့် လိပ်စာစသည့်ပါဝင်ရမည့်အချက်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး၊ အရက်ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာစသည်တို့သည် လူကိုစွဲလမ်းစေသော ဓါတုဗေဒပစ္စည်းများပါဝင်နေပြီး၊ ၎င်းတို့ကြောင့်ဖြစ်ပေါ်လာမည့် ကင်ဆာရောဂါစသည့် ကျန်းမာရေးနှင့် စီးပွားရေး ထိခိုက်စေမည့်အကြောင်း၊ မုန့်မျိုးစုံ၊ အချိုရည်၊ ဂျယ်လီစသည့် သွားရည်စာမုန့်များတွင်လည်း စားသုံးသူအကြိုက်၊ အလှအပများခြယ်မှုန်းထားသည့် ဓါတုဆိုးဆေးများ၏ အန္တရာယ်ဆိုးကျိုးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များက မိမိအကျိုးစီးပွားကိုသာကြည့်၍ လုပ်ကိုင်သဖြင့် အန္တရာယ်ရှိသည့် အစားအစာများ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် အလှကုန်ပစ္စည်းများ၊ ဈေးကွက်တွင်များပြားနေခြင်းကြောင့် " အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့် " ဆိုသည့်စကားပုံအတိုင်း စားသုံးသူများက အစားအသောက်များအား ရွေးချယ်စားသုံးကြရန်နှင့် ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များ အမြဲလေ့လာစုံစမ်းရန် လိုကြောင်း ပြောကြားပြီး ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာပါဝင်သည့် လက်ကမ်းစာစောင်များ၊ နိုင်ငံပိုင်သတင်းစာများမှ တရားဝင်ကြေညာ ထားသောစားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအခန်းများအား မိတ္တူကူး၍ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ညောင်လေးပင်မြို့နယ် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၇၅ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း (စားသုံးသူ)**

■

# စိန္တိတံ ကြံကာရှိ ပုစ္ဆိတံ မေးပြန်ပြီ

ကျွန်တော် ငယ်စဉ်က ဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားခဲ့ရပါသည်။ နေ့စဉ် ညနေ ၇ နာရီခန့်တွင် ကိုရင်နှင့် ကျောင်းသားလေး၊ ငါး ဦးခန့်က ဆရာတော်အား ဝတ်ဖြည့်ကြရပါသည်။ ထိုသို့ ဝတ်ဖြည့်နေစဉ်အတွင်း ဆရာတော်က မှတ်သားဖွယ်ရာ ပုံပြင်များ၊ အတွေ့အကြုံများကို မိန့်ကြားလေ့ရှိပါသည်။

တစ်နေ့သောအခါ မှတ်ဉာဏ်နည်းပါးသော စာသင်သား ရဟန်းတစ်ပါးကို သူ၏ဆရာက ချီးမွမ်းခန်းဖွင့်ပုံကို မိန့်ကြားခဲ့ပါသည်။ ဆရာတော်က တပည့်ရဟန်းအား သင်ကြားထားမှုများကို ပါဠိစကားလုံး အဓိပ္ပါယ်ကို အောက်ပါအတိုင်း မေးမြန်းတော်မူလေသည်။

**ဆရာတော်** - " ငါ့ရှင် စိန္တိတံ ဆိုတာ ဘာလဲ"
ရဟန်းသည် တွေ၍ စဉ်းစားနေသည်။
**ဆရာတော်** - " ဟဲ့ စိန္တိတံ ဆိုတာ ဘာလဲ"
**ရဟန်း** - "မှန်ပါ ကြံကာ ရှိပါသေးဘုရား"
**ဆရာတော်** - "ဒါဖြင့် ပုစ္ဆိတံ ဆိုတာကောကွဲ့"
ရဟန်းသည် ဦးခေါင်းကို ညာလက်ဖြင့်ကုတ်ရင်း " စိန္တိတံ ကြံကာရှိသေး ပုစ္ဆိတံ မေးပြန်ပြီ "ဟု မကြားတကြား အသံထွက်ညည်းတွားလိုက်လေသည်။
**ဆရာတော်** - " တယ်ဟုတ်ပါလား မဆိုးပါဘူး "
ဟုချီးမွမ်းတော် မူပါသတဲ့။


ရဟန်းသည် မေးခွန်းတစ်ခု မေးအပြီး ကြံတွေးစဉ်းစားနေစဉ် နောက်တစ်ခု ထပ်မံမေးမြန်းခံရခြင်းအတွက် စိတ်ညစ်ညစ်ဖြင့် အသံထွက် ညည်းတွားသံက အမှတ်မထင် မေးခွန်းကို ဖြေပြီး သား ဖြစ်နေခဲ့ပါသည်။

ကျွန်တော်သည် ဒီပဲယင်း၊ ရေဦး၊ ခင်ဦးနှင့် တန့်ဆည်မြို့များသို့ ပညာပေးဟောပြောပွဲ ခရီးစဉ်တစ်ခုကို တိုင်းဒေသကြီးဦးစီးမှူး ကိုယ်စားတာဝန်ခံ၍ ဆောင်ရွက်ခဲ့ရပါသည်။ မိမိက ဦးဆောင်တာဝန်ယူ ရသည့် ခရီးစဉ်အတွက် တာဝန်လေးနေသကဲ့သို့ ခံစားရပါသည်။

ပညာပေး ဟောပြောပွဲပြီးဆုံးတိုင်း ပရိသတ်ထံမှ မရှင်းလင်းသည့်၊ ထပ်မံသိရှိလိုသည့် အချက်များအား မေးမြန်းကြရန် ဖိတ်ခေါ်ဆွေးနွေးရလေ့ရှိပါသည်။ ကျွန်တော်တို့ ဟောပြောသူများက ဖြေကြားနိုင်သည့် မေးခွန်းများအတွက် ပြန်လည်ဖြေကြား ရှင်းလင်းပေးခြင်း၊ အသေးစိတ်ပညာရပ်ဆန်သည့် အဆင့်မြင့် မေးခွန်းများအတွက် မှတ်သားထားပြီး သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်သည့် ပညာရှင်များထံ ပြန်လည် မေးမြန်းပေးရခြင်းများ ဆောင်ရွက်ရပါသည်။







အချက်အလက်တော်တော်များများကိုတော့ သိရှိနားလည်အောင် ကျေညက်စွာ လေ့လာမှတ်သား ထားပြီး မိမိဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ထားပါသည်။ ဟောပြောပွဲ လာပရိသတ်များက မေးခွန်းများ မေးလာလျှင်တော့ ကျွန်တော်တို့ဝန်ထမ်းများသည် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ မဟုတ်ကြသဖြင့် တတ်စွမ်းသမျှသာဖြေကြားပေးပါမည်၊ မဖြေကြားနိုင်သည့် မေးခွန်းများကို လည်းသက်ဆိုင်ရာ ပညာရှင်များထံ မေးမြန်းပြီးပြန်လည်ဖြေကြားပေးပါမည်ဟု စကားပလ္လင်ခံထားရပါသည်။ မည်သို့ဆိုစေ၊ မိမိ၏ဂုဏ်သိက္ခာ၊ ဌာန၏ ဂုဏ်သိက္ခာအတွက် မသိပါဘူး၊ မေးမြန်းပြီးမှ ပြန်လည်ဖြေဆိုပါမည်ဟု မပြောလိုပါ။ သို့အတွက် ကိုယ်တိုင် လေ့လာသူနေရာမှနေ၍ မေးခွန်းထုတ်လိုက်၊ ပြန်ဖြေလိုက် အပြန်ပြန်အလှန်လှန် စဉ်းစားနေမိပါသည်။

ကျွန်တော်တို့ လိုက်လံ ပညာပေးနေရသည့် လုပ်ငန်းများတွင် အန္တရာယ်မျိုးစုံရှိသည့် အစားအသောက်များ၊ ဓါတုဓါတ်ကြွင်း၊ ပိုးသတ်ဆေး၊ အရောင်ဆိုးဆေး၊ တာရှည်ခံဆေး၊ ရင့်မှည့်လွယ်သည့်ဆေး စသည်တို့ တစ်ခုမဟုတ် တစ်ခုပါဝင်နေခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ငါးပိ၊ ငါးခြောက်၊ အသား၊ ငါး၊ အချိုရည်၊ ဂျယ်လီနှင့် မုန့်မျိုးစုံများ၊ အချိုမှုန့်များ၊ ပြန်ကြော်ဆီများ၊ ထုတ်လုပ်သူ လိပ်စာ၊ အမှတ်တံဆိပ်မပါသော အဆာပြေအစားအစာများ၊ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ မပါဝင်သည့် မုန့်မျိုးစုံများ၊ ပါဝင်ပစ္စည်း၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မပါသည်များ စသည်ဖြင့် တစ်နံတစ်လျား စဉ်းစားကြည့်မိပါသည်။

အခက်ခဲဆုံး မေးခွန်းတစ်ခုက ကျွန်တော်တို့ ဘာကိုစားရပါမလဲဆိုသည့် မေးခွန်းပါ။ မည်သို့ မည်ပုံ ဆင်ဖွေ့ရန်ရှောင် လုပ်ရပါမလဲ။ ဌာနမှ ဟောပြောသူတွေကလည်း ပြီးတော့မည်၊ နောက်ပြီး အခမ်းအနား လည်း ပြီးဆုံးခါ နီးနေပြီ။ ကျွန်တော် စဉ်းစားနေရဆဲ။

မေးခွန်းမေးရန် မဖိတ်ခေါ်မီ ပရိသတ်အတွင်းမှ အမျိုးသားတစ်ဦးက စကားပြောစင်မြင့် သို့ တက်ရောက်လာပါသည်။

"အားလုံး မင်္ဂလာပါ၊ ကျွန်တော်ကဒီအစီအစဉ်မှာ ပါဝင်ခြင်း မရှိသော်လည်း တင်ပြစရာလေး ရှိလို့ပါ။ အားလုံးခွင့်ပြုပေးပါရန် တောင်းပန်ပါတယ်။ ကျွန်တော် ဒီနေ့ ဟောပြောဆွေးနွေးပွဲမှာ လေ့လာလိုက်တော့ နေရာတိုင်း အရာရာတိုင်း ဘယ်နေရာ၊ ဘယ်အရာမှ ရွေးချယ်ခွင့် မရှိတော့ပါဘူး။ ဘာမှ စားသုံးဖို့ မရှိ တော့ပါဘူး။ သို့သော် အသက်ရှင် ရပ်တည်ရေးအတွက် မစားမဖြစ် စားတော့ စားရပါမည်။ ဟုတ်ပြီ၊ ကျွန်တော်တို့ ဘာကို စားရမှာပါလဲ " တစ်ဆက်တည်းပြောသွားပါသည်။

" ဟိုက် လာပါပြီ၊ ဘယ်လိုပြန်ဖြေရပ့ါမလဲ၊ ခေါင်းစားလိုက်တာ။"

ထိုပုဂ္ဂိုလ်က ဆက်၍ " ကျွန်တော် တစ်ခု အကြံပြုပါရစေ။ ယခုလို ပညာပေးလုပ်ငန်းများချည်း လုပ်နေမည့် အစားအခြားတစ်ဘက်မှလည်း ကုန်စည်ထုတ်လုပ်သူများနှင့် ကုန်စည်တင်သွင်းသူများကိုပါ စနစ်တကျ စစ်ဆေး၍ ခွင့်ပြုပေးသင့်ကြောင်းနှင့် ဥပဒေအရ အရေးယူခြင်းများကိုလည်း ပြုလုပ်သင့်ပါကြောင်း အကြံပြုလိုပါသည်ဟု တင်ပြသွားပါသည်။ ကျွန်တော်လည်း ထိုအခါမှ ပင့်သက်ကို တစ်ဝကြီးရှူလိုက်ရပါတော့သည်။

**သန်းထွန်း (DCCA- စစ်ကိုင်း)**

# အိမ်ခြံမြေဈေးကွက်တွင် ဝယ်လိုအားများ ကျဆင်းလျက်ရှိ

ယခုလက်ရှိကာလတွင် မြန်မာ့အိမ်ခြံမြေဈေးကွက်၌ ဝယ်လိုအားများကျဆင်းလျက်ရှိကြောင်း သိရသည်။ ဆောက်လုပ်ရေးစီမံကိန်းများ အများအပြားလုပ်ဆောင်နေမှုနှင့် အိမ်ခြံမြေဈေးကွက်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် ပြဿနာရပ်များနှင့်နိုင်ငံ၏ အခြေအနေအရပ်ရပ်တို့ကြောင့် အိမ်ခြံမြေဈေးကွက်အတွင်း ဝယ်လိုအားများကျဆင်းလာရခြင်းဖြစ်ကြောင်း House.com.mm က သုံးသပ်ထားသည်။

House.com.mm မှ Country Manager ဖြစ်သူJan Sommerfeldက "လက်ရှိဈေးကွက်အခြေအနေတွေကတော့ ဆက်ပြီးနှေးကွေးနေဦးမှာပါ။အဓိကကတော့ ဝယ်လိုအားကျဆင်းသွားတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာပြီးနောက်ပိုင်းတွင် အိမ်ခြံမြေဈေးကွက်အတွင်း တောင်းဆိုမှုများ မြင့်မားလာသည့်အတွက် အိမ်ခြံမြေဈေးနှုန်းများလည်း အပြိုင်အဆိုင်မြင့်တက်လာခဲ့သည်။

ဈေးနှုန်းများမြင့်တက်လာမှုနှင့်အတူ အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုမြင့်တက်လာခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစတင်၍ အိမ်ခြံမြေဈေးကွက်အတွင်း ဈေးများ ပြန်လည်ကျဆင်းလာခဲ့ရာ လက်ရှိကာလတွင် ဝယ်လိုအားများကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးကွက်အတွင်း ဈေးများကျဆင်းလာခြင်းနှင့် ပတ်သက်၍ Estate Myanmar မှ ဦးထူးမြတ်နိုင်က "ဈေးကွက်ထဲမှာ ဝယ်လိုအား နည်းပါးနေတယ်ဆိုတာ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေ၊ အခွန်နှုန်းထား ကြီးမြင့်မှုနဲ့ စီးပွားရေးကောင်းမွန်လာတွေကို အဓိကထားပြီး စောင့်ကြည့်နေကြတာကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားကနေလာပြီးလုပ်ဆောင်ကြတဲ့ ဆောက်လုပ်ရေးစီမံကိန်းတွေရဲ့ အခြေအနေတွေကိုလည်း လေ့လာစောင့်ကြည့်နေကြတာကြောင့်လည်းဖြစ်နိုင်ပါတယ်။ အရင်တုန်းက ဆောက်လုပ်ထားတာတွေက ဈေးကွက်လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ဖို့ လုပ်ဆောင်ထားတာဖြစ်ပြီး ဝယ်ယူသူတွေအတွက်လည်း အဆင်မပြေမှုတွေ ရှိနေတာကြောင့်ပါ။ အခုစီမံကိန်းတွေကတော့ နိုင်ငံတကာစံချိန်စံညွှန်းမီလုပ်ဆောင်နေတာဖြစ်တဲ့အတွက် ဝယ်ယူမယ့်သူတချို့လည်း စောင့်ဆိုင်းနေကြတာပါ"ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း လူနေထူထပ်လာသည့် ရန်ကုန်မြို့တော်တွင် ဆောက်လုပ်ရေးလုပ်ငန်းအများအပြားပေါ်ပေါက်လာပြီး ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကန်ထရိုက်တိုက်များ အသီးသီးပေါ်လာခဲ့သည်။ သို့သော် ကန်ထရိုက်များ၏ ဆောက်လုပ်မှုပုံစံများမှာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်တိုင်းတာပါက လိုအပ်ချက်များစွာရှိနေပြီး ဝယ်ယူသူများအား စိတ်ကျေနပ်မှု မပေးနိုင်ခဲ့ပေ။ ကျဉ်းမြောင်းသော အခန်းငယ်များ၊ စည်းစနစ်ကင်းမဲ့သောအမှိုက်စွန့်ပစ်မှုစနစ်၊ ကားပါကင်စနစ်ကင်းမဲ့မှုစသည်များကြောင့် နေထိုင်သူများအနေဖြင့် လက်ရှိလုပ်ဆောင်နေသည့် စီမံကိန်းများကို စောင့်မျှော်နေကြခြင်းဖြစ်သည်။

House.com.mm မှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဝင်ရောက်ကြည့်ရှုသူများအနက် အိမ်ခြံမြေဝယ်ယူရန် ရှာဖွေသူများမှာ ၁၈ရာခိုင်နှုန်းသာရှိခဲ့ပြီး ကျန်ကြည့်ရှုသူများမှာ အိမ်ခြံမြေ အငှားအတွက် ရှာဖွေခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Estate Myanmar ၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်များ အတွင်းက ဝယ်ယူမှုအချိုးအဆနှုန်းထားမှာ ငါးချိုးတစ်ချိုးရှိပြီး လက်ရှိကာလတွင်မူ အိမ်ခြံမြေဝယ်ယူမှုနှုန်းထားမှာ ဆယ်ချိုးတစ်ချိုးရှိကြောင်း သိရသည်။ အရောင်းအဝယ်အများစုမှာ ပျမ်းမျှဈေးနှုန်း ကျပ်သိန်းငါးရာအထက်ဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။

# ပုသိမ်- မန္တလေး တော်ဝင်မန္တလာအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းသစ် တိုးချဲ့ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ အထက်အညာဒေသ မန္တလေးမြို့သို့ တိုက်ရိုက်ခရီးစဉ်ကို တော်ဝင်မန္တလာအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းသစ်မှ Air Con လေအိတ်ကားသစ်များ မတ်လမှစတင်၍တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရပါတယ်။

ယခင်က မန္တလေးသို့သွားရင် ရန်ကုန်မှတစ်ဆင့် သွားလာရပြီး အချိန်ကုန်၊ ငွေကြေးကုန်ကျစရိတ်များပြီး ယခုလိုတိုက်ရိုက်ခရီးစဉ်ပြေးဆွဲပေးတဲ့အတွက် အချိန်နဲ့ငွေကြေးကုန်ကျစရိတ် လျော့နည်းသွားပြီး ခရီးသွားဧည့်သည်များ ပို၍အဆင်ပြေမှုရှိကြောင်း ခရီးသည်များထံမှ သိရပါတယ်။ ပုသိမ်မြို့ အဝေးပြေးကားဂိတ် ဖုန်းအမှတ်၊ ၀၄၂-၂၉၂၀၅၊ ၂၉၂၀၆ မြို့ထဲ ရွှေစေတီလမ်း ၀၉-၂၅၉၄၈၀၀၇၀ သို့ ဆက်သွယ်နိုင်ပြီး မန္တလေး ကွဲဆည်ကန်ကားဖုန်းအမှတ်၊ ၀၂-၇၁၃၇၀၊ ၇၁၃၉၆၊ ၀၉-၂၅၉၄၈၀၀၂၀ သို့လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ ကြိုတင်လက်မှတ်များကိုဖုန်းဖြင့်မှာယူလိုပါက အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးလျက်ရှိပြီး ပုသိမ် မြို့မှ နေ့စဉ် ညနေ ၃း၃၀ နာရီထွက်ရှိ၍ မန္တလေးမြို့မှ ညနေ ၆ နာရီ နေ့စဉ်ပုံမှန်စတင်ထွက်ခွာကြောင်း ကားဂိတ်မှ သိရပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၅၀)ပေ | (ပ)ထပ် | ၉၉၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | အိမ်/မြေ | ဒဂုံ(အရှေ့)မြို့နယ်၊ (၅)ရပ်ကွက် တစ်ထပ်ပျဉ်ထောင် | (၂၀×၆၀)ပေ | ပျဉ်ထောင်(၁)ထပ် | ၄၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | မြေ/ | ဒဂုံ(တောင်)မြို့နယ်၊ အင်းဝအိမ်ရာ အပိုင်း (၂) | (၉၀×၅၀)ပေ | မြေသီးသန့် | ၂၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | ကွန်ဒို | ကမာရွတ်မြို့နယ်၊ ကန်လမ်း | (၁၉၀၀) စ/ပေ | (၅) လွှာ | ၃၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ(ကြိုပွိုင့်) | ၁၄၀၀ သိန်း | ၇၀ ရာနှုန်းပြီးစီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | တိုက်ခန်း | ဒဂုံမြို့သစ်(မြောက်) မြို့နယ်၊ (၄၄)ရပ်ကွက် | (၄၀×၆၀)ပေ | မြေသီးသန့် | ၉၉၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ လမ်းသန့် | (၂၃×၅၀)ပေ | (၃) လွှာ | ၉၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၂၀၀၀) စ/ပေ | BR (၁) ထပ် | ၂၀၀၀ သိန်း | ကားဂိုဒေါင်ပါ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၆၀×၈၀)ပေ | မြေသီးသန့် | ၂၀၀၀ သိန်း | ညောင်ဦး-ချောက် လမ်းမဘေး | ၀၉/၂၅၀/၃၇၆၃၇၉ |

# 2014 Mercedez-Benz ML350 ကို မြန်မာနိုင်ငံတွင်ပင် ဝယ်ယူရရှိနိုင်ပြီ



ဇိမ်ခံကားအမျိုးအစားတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် Mercedez-Benz ML 350 အား မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ နံပါတ်တစ်အွန်လိုင်းကားအရောင်းအဝယ် ဈေးကွက်တစ်ခုဖြစ်သည့်Motor.com.mm နှင့် Mercedez-Benz Myanmar တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၄ ခုနှစ်မော်ဒယ် အမျိုးအစားဖြစ်သည့် Mercedez-Benz ML 350 အား စမ်းသပ်မောင်းနှင်ခြင်းကို ဖေဖော်ဝါရီလ ၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါစမ်းသပ်ချက်အရ Mercedez-Benz ML 350 ကားသည် အလယ်အလတ်တန်းစား ဇိမ်ခံ SUV အမျိုးအစားဖြစ်ပြီး Mercedez-Benz Myanmar ၏အဆိုအရ အထက်တန်းစားနှင့် အလယ်အလတ်တန်းစား လူတန်းစားများအတွက် ရည်ရွယ်ကြောင်း သိရသည်။

ယင်း Mercedez-Benz ML 350 အမျိုးအစားတွင် မော်တော်ယာဉ်ဆိုင်ရာ အဆင့်မြင့်နည်းပညာများပါဝင်ပြီး မောင်းနှင်မှုအထောက်အကူပြုလုံခြုံရေးစနစ် မြင့်မားခြင်း၊ အင်ဂျင်စွမ်းဆောင်ရည် ကောင်းမွန်ခြင်း၊ လောင်စာဆီစားသုံးမှု သက်သာခြင်းစသည့် အချက်များအရ ပေးရသည့်တန်ဖိုးနှင့် ထိုက်တန်ကြောင်း Mercedez-Benz Myanmar က ပြောကြားခဲ့သည်။

Mercedez-Benz ML 350 ကို ဝယ်ယူလိုပါက Mercedez-Benz Myanmar အရောင်းပြခန်း၊ အမှတ် (၅၁)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း ၀၁ ၆၆၆၇၁၂၊ ၆၆၄၀၅၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (2000) | 2J | ၁၁၃ သိန်း | |
| ၂။ | ပရိဘောက် (2008) | 5I | ၉၅ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | ဗီလ်ဒါ (2009) | ယာယီ | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | ဗီလ်ဒါ (2010) | ယာယီ | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အာအေဗီ (၄) (J) (2002) | 1J | ၁၆၅ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | စီအာဗီ (ဟွန်ဒါ) (2002) | ယာယီ | ၁၆၀ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | မတ်(ခ်)တူး (2002) | ယာယီ | ၁၆၀ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (2009) | 9I | ၉၅ သိန်း | |
| ၉။ | မာဇဒါဒီမီယို (2009) | ယာယီ | ၉၀ သိန်း | |
| ၁၀။ | တိုယိုတာဘီဘီ (2009) | 9H | ၉၅ သိန်း | |

SN

သင့်ကျန်းမာရေး

# ကျောက်ကပ်အားနည်းရောဂါ

ဒေါက်တာလွင်သန့်

ကျောက်ကပ်ဟာ ခန္ဓာကိုယ် အင်္ဂါထဲမှာ အညစ်အကြေးစွန့်တဲ့အင်္ဂါ အဖွဲ့ထဲပါဝင်ပြီး၊ ပဲခြမ်းပုံသဏ္ဍာန်နှင့် လူတိုင်းမှာနှစ်ခုစီပါရှိတယ်။ ကျောက်ကပ်ရဲ့လုပ်ငန်းမှာ ခန္ဓာကိုယ်မှ စွန့်ထုတ်တဲ့ အဆိပ်အတောက်များကို ခန္ဓာကိုယ်အပြင်ဘက်ကို စွန့်ထုတ်ပေးတဲ့ ကိုယ်တွင်းအင်္ဂါရပ်ဖြစ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောက်ကပ်မကောင်းရင် ဇီဝကမ္မလုပ်ငန်းများ မလုပ်နိုင်လို့ ခန္ဓာကိုယ်အဆိပ်အတောက်များဟာ၊ သွေးလှည့်ပတ်မှုနောက်ဆက်တွဲ ဆိုးကျိုးများနဲ့ ရင်ဆိုင်ရတာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရမှာဖြစ်တယ်။

**ကျောက်ကပ်ပျက်စီးရခြင်းများ။** ကျောက်ကပ်မှာသာမန်အားဖြင့် ပျက်စီးဖို့မလွယ်ပါ၊ ဆီးချို၊ သွေးချိုရှိရင် နာတာရှည် ကျောက်ကပ်ကို ထိခိုက်ပြီး၊ ဆေးကုသမှုကောင်းစွာမခံယူရင်၊ ကျောက်ကပ်ပျက်စီးခြင်း ကြုံရတယ်။

ဆီးချို၊ သွေးချိုမဖြစ်အောင် အချိုဓာတ်လွန်ကဲတဲ့ အစားအစာများစွာ လျှော့စားဖို့လိုတယ်။ ငါးပိ၊ ငန်ပြာရည်၊ အငန်၊ အချိုမှုန့်ကို လျှော့စားရမယ်။ ဒညင်းသီးဟာ အဆိုးရွားဆုံးဖြစ်လို့ ကြိုက်လို့စားတာရှောင်ရမယ်။ သင့်တင့်လျောက်ပတ်တဲ့ အစားအစာကိုသာစား ရမယ်။

ကျောက်ကပ်ကို ပျက်စီးစေတဲ့ အစာထဲမှာ အန္တရာယ်အများဆုံးဖြစ်တဲ့ ဒညင်းသီးကြောင့်၊ ဒညင်းသီး တောက်ပြီး၊ အဆိပ်အဖြစ်ကြုံတွေ့ရတယ်။ ကလေးနဲ့ငယ်ရွယ်သူအတွက် ကျောက်ကပ်ပျက်စီးတာတွေ့ရတယ်။ မျှစ်၊ မှိုစတဲ့ အစားအစာများကလည်း ကျောက်ကပ်ကို ပျက်စီးစေတယ်။

အစားအသောက်တွေမှာ ဆိုးဆေးတွေသုံးတာ၊ မှိုတွေပါနေတာဟာ ကျောက်ကပ်ကို ပျက်စီးစေတယ်။ လက်ဖက်၊ ဂျင်း၊ ငါးပိ၊ စိမ်းစားငါးပိ၊ အချိုရည်ဗူးထဲမှာ ဆိုးဆေးနဲ့ အချိုများနေတယ်။ တာရှည်သောက်သုံးစားသုံးရင် ကျောက်ကပ်ပျက်စီးတယ်။

ခဲဓာတ်ပါတဲ့ ငါးခြောက်၊ ပုစွန် ခြောက်တွေဟာ ကျောက်ကပ်ပျက်စီးနိုင်သလို၊ အီကိုလိုင်း ဗက်တီးရီးယားက ဝမ်းလျှောစေပြီး၊ ကျောက်ကပ်ပျက်စီးစေတယ်။


မြွေဆိုးကိုက်ခံရတဲ့သူဟာ ခွဲစိတ်ကုသမှုအပြီး၊ ကျောက်ကပ်ပျက်စီးလို့ သေဆုံးတယ်။ အချိန်တိုအတွင်းသွေးခဲ ကာသေဆုံးစေတယ်။ မြွေဆိပ်မပျံ့မီ ဆေးကုသမှုထိရောက်စွာ ရှိဖို့လိုတယ်။ အချို့မြွေကိုက်ခံရတဲ့လူနာဟာ ခွဲစိတ်ကုသမှုခံယူပြီး အသက်ရှင်ပေမယ့် အချို့ကျောက်ကပ်ပျက်စီးတယ်။

**ဆေးဝါး။** ဆေးဝါးကြောင့် ကျောက်ကပ်ပျက်စီးတယ်။ ကြာရှည် သောက်သုံးရင်ထိခိုက်တယ်။ ကယ်လ်ဆီယမ်ပါတဲ့ ဆေးဝါးကို စွဲမြဲစွာသောက်ရင် ကျောက်ကပ်ပျက်စီးတယ်။

**ကျောက်ကပ်ဆေးဖို့။** ကျောက်ကပ်ဟာ ဆီးထွက်ခြင်းမရှိတော့တဲ့အခါ ဆီးဆေးများထိုး၍ မတုံ့ပြန်တဲ့အခါ သွေးထဲက ရီတင်နင် (အိုင်ရွန်းဓာတ်)များ ကမောက်ကမဖြစ်ပြီး ကျောက်ကပ် ဆေးဖို့လိုလာတယ်။

ကျောက်ကပ်ဆေးခြင်းဆိုတာ ကျောက်ကပ်ပျက်စီးသွားတဲ့အတွက် ကိုယ်ခန္ဓာအတွင်းရှိ အဆိပ်အတောက် များ မဖယ်ရှားနိုင်လို့၊ သွေးထဲမှာ အဆိပ်အတောက်များက ခန္ဓာကိုယ်ရဲ့ အပြင်ဘက်ရောက်အောင် စက်မှတစ်ဆင့်ထုတ်ပစ်ခြင်းကိုခေါ်တယ်။

အဆိပ်အတောက်များမှာ သွေးထဲမှာ ကြာရှည်ရှိရင် လူနာအတွက် အသက်အန္တရာယ်




ရှိလို့၊ ကျောက်ကပ်ဆေးလိုက်ရင် တစ်ခါတည်း အဖောလျော့သွားတယ်။ မကြာခဏဆေးပေးရတယ်။ ငွေကြေးအသင့်အတင့်ကုန်ကျတာ တစ်ကြောင်း အချိန်သုံးနာရီမှ ကိုးနာရီအတွင်း ကြာမြင့်တာကြောင့် တစ်ကြောင်း တစ်ပတ်ကို အနည်းဆုံး နှစ်ကြိမ် ဆေးကြောပေးရတာတွေကြောင့် ဝင်ငွေနိမ့်ပါးတဲ့ လူတန်းစား အတွက် အခက်အခဲများရှိတယ်။ သည်လိုဆေးကြောတာနဲ့၊ ကျောက်ကပ်လဲလှယ်ခြင်းတို့ ယှဉ်ကြည့်ပြီး ကိုယ်နဲ့သင့်တော်တဲ့နည်းလမ်းကို ရှာပြီးသုံးကြရတယ်။ အချို့လည်း ကျောက်ကပ်ဆေးရင်း၊ ပြန်လည်ကောင်းမွန်လာတာရှိ သလို၊ သေဆုံးသွားတာလည်းရှိတယ်။

ကျောက်ကပ်ဆေးတဲ့ လူတစ်ယောက်ဟာ စားချင်တာ မစားရသလို၊ အနေအထိုင်ဆင်ခြင်ရတယ်။ ကျောက်ကပ်ဆေးနေစဉ် ဆီးဆေးအလွန်သောက် ခြင်း၊ အသီးအနှံလွန်ကဲစွာ စားခြင်း မလုပ်သင့်ဘူး။

**ကျောက်ကပ်ရောဂါရှင်များရှောင်ရန်။** ပိုတက်စီယမ်ပါတဲ့ သစ်သီးဖျော်ရည်၊ ကော်ဖီ ခါးခါး၊ ဖောင်းလျားသီး၊ စပျစ်သီး၊ မက်မွန်သီး၊ မာလကာသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ စွန်ပလွန်သီး၊ အုန်းသီးများ အခြေခံစားတဲ့ သီးနှံများဖြစ်တဲ့ မျှစ်၊ မှို၊ ဒညင်းသီး အမျိုးမျိုး ခရမ်းချဉ်သီး၊ ပြောင်းဖူး၊ ဟင်းနုနွယ်၊ ပဲပင်ပေါက်အလုံး၊ ဆီဖြင့် ကပ်ကြော်ထားတဲ့ အစားအစာများ၊ ဖုတ်၊ ကင်ထားတဲ့အစားအစာ များ၊ အချိုမှုန့်အသုံးပြုထားတဲ့ အစားအစာများပါဝင်တယ်။

**အသင့်တင့်စားနိုင်တဲ့ အစားအစာ။** လက်ဖက်ရည်၊ ပန်းသီး၊ သစ်တော်သီး၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်၊ မုန်လာဥ၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ဆလတ်ရွက်များ၊ ပျားရည်၊ ဆန်၊ ဂျုံ ပြောင်း၊ ခေါက်ဆွဲအစားအစာများ၊ ခေါက်ဆွဲနှင့်ပေါင်မုန့်အကြမ်း၊ ကြက်သား၊ ငါးအမျိုးမျိုးဖြစ်တယ်။

လူသားရဲ့ ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းအမျိုးမျိုးရှိသလို၊ ၎င်းတို့ရဲ့ လုပ်ငန်းဆောင်ရွက်ပုံမတူကြဘူး။ ခန္ဓာကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများရှိရာကို အဆိပ်အတောက်ရောက်ရှိစုပုံလာနိုင်တယ်။ ယင်းအဆိပ်အတောက်များက ဆီးနဲ့အတူခန္ဓာကိုယ်ပြင်ပစွန့် ထုတ်ပစ်ရတယ်။

ခန္ဓာကိုယ်ကျန်းမာတဲ့ လူတစ်ယောက်ဟာ ကျောက်ကပ်မှတစ်ဆင့် အညစ်အကြေးစွန့်ထုတ်ပစ်တယ်။ အစားအသောက်အနေအထိုင် မဆင်ခြင်မှုကနေ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများကြောင့် ကျောက်ကပ်ပျက်စီးတယ်။ ယင်းအခြေအနေရောက်ရှိရင် ကျောက်ကပ် မကြာခဏဆေးပြီး၊ ကျောက်ကပ် လဲလှယ်တဲ့အဆင့် ရောက်ရှိကာ ငွေကုန်ကြေးကျများလွန်းတယ်။ ကိုယ်စိတ်ပင်ပန်းပြီး၊ အသက်တိုတောင်းစေတယ်။

**ကြိုတင်ကာကွယ်ခြင်း။** ကျောက်ကပ်အတွင်း အားနည်းပျက်စီးခြင်းကြောင့် အသက်အန္တရာယ်ခြိမ်းခြောက်နိုင်တဲ့ရောဂါမျိုး ကမ္ဘာမှာ ကျောက်ကပ်တစ်မျိုးပဲရှိတယ်။ ကမ္ဘာ့သုတေသနအရ လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းဟာ ကျောက်ကပ်ရောဂါဖြစ်နေတယ်ဆိုတယ်။

ကျောက်ကပ်ရောဂါမဖြစ် အောင် ဆီးချို၊ သွေးချို၊ သွေးတိုးမဖြစ်ရအောင် ဂရုစိုက်စားသုံးရမယ်။

ငယ်ရွယ်တုန်းကျောက်ကပ်ရောဂါ မဖြစ်အောင် ရှောင်သင့်တဲ့အစာ ရှောင်ပြီး အဆိပ်အတောက်များကင်းစင်မှ သက်တမ်းစေ့ကျန်းမာပျော်ရွှင် စွာနေနိုင်မယ်။ ကျောက်ကပ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ သံသယရှိရင်၊ အစောဆုံးကုသမှု ခံယူရမယ်။ ကျောက်ကပ်ဆေးခြင်း မဖြစ်ရအောင် ငန်လွန်း၊ ချိုလွန်း၊ အဆိပ်အတောက် ဖြစ်စေတဲ့ အစားအစာတွေ ရှောင်ရမယ်။ အညစ်အကြေးပုံမှန်စွန့်ရမယ်။

# မာလကာသီးရဲ့ အံ့ဩဖွယ် ကျန်းမာရေးအထောက်အကူပြုမှုများ

Myrtle မျိုးရင်းဝင်မာလကာသီး (Guava) ဟာ အပူပိုင်းဒေသသီးနှံတစ်ခုဖြစ်ပါတယ်။ သူ့ရဲ့ မူရင်းဒေသဟာ အမေရိကန်နိုင်ငံအလယ်ပိုင်းနဲ့ အနောက်၊ တောင်အမေရိကတိုက်ရဲ့ မြောက်ပိုင်းဒေသဖြစ်သော်လည်း ယခုအခါ ကမ္ဘာ့ပါမားကက်များမှာ အများအပြားရရှိနိုင်ပြီဖြစ်ပါတယ်။

မာလကာသီးမှာ ဗိုက်တာမင်စီ အရင်းအမြစ်အများဆုံးပါရှိပါတယ်။ တစ်နေ့ကို မာလကာသီး တစ်လုံးစားသုံးပေးခြင်းအားဖြင့် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့ ဗိုက်တာမင်စီ ၃ ဆခန့်ထိ ဖြည့်ဆည်းပေး နိုင်ပါတယ်။ သစ်သီးမှာတင်အာဟာရဓါတ်များပါရှိနေရုံမကဘဲ အရွက်နဲ့ အခေါက်များမှာ လည်းကျန်းမာရေးအတွက် အကျိုးရှိစေတဲ့ အာနိသင်များပါရှိနေပါတယ်။

**ခံနိုင်ရည်အားမြင့်မား**

မာလကာသီးမှာ ဗိုက်တာမင်စီ ပါဝင်မှုဟာ လိမ္မော်သီးမှာပါဝင်တာထက်ပိုပါတယ်။မာလကာသီးတစ်လုံးမှာ ဗိုက်တာမင် စီ ၂၂၈ မီလီဂရမ်ပါရှိပြီး ထိုပမာဏဟာ ခန္ဓာကိုယ်မှာ နေ့စဉ်လိုအပ်တဲ့ ဗိုက်တာမင်စီ ပမာဏရဲ့ ၃၃၈ ရာခိုင်နှုန်းဝန်းကျင်ကို ဖြည့်ဆည်းပေးနိုင်ပါတယ်။ ဗိုက်တာမင်စီဟာ အာဂန္တုရောဂါ၊ အထွေထွေရောဂါများဖြစ်တဲ့ အအေးမိခြင်း၊ ဖျားနာခြင်းတို့ကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် နာတာရှည်ရောဂါဖြစ်တဲ့ ဆီးချိုရောဂါနဲ့ အဝလွန်ခြင်းတို့ကိုလည်း တားဆီးပေးနိုင်ပါတယ်။

**ကင်ဆာဖြစ်ပွားနိုင်မှုအား တားမြစ်နိုင်**

မာလကာသီးမှာ ကင်ဆာမဖြစ်ပွားစေနိုင်သော ဒြပ်ပေါင်းများဖြစ်တဲ့ Lycopene, Phytonutrients, Flavonoid များစွာပါဝင်ပါတယ်။ ဒီဒြပ်ပေါင်းများဟာ ကင်ဆာဖြစ်ပွားမှုကို ဖယ်ရှားနိုင်တဲ့အပြင် ခန္ဓာကိုယ်မှာ ရှိတဲ့ အဖုအကြိတ်များ (Tumors) ကို ကျုံ့စေနိုင်စွမ်းလည်းရှိပါတယ်။

ဗိုက်တာမင် စီ အပြင် မာလကာသီးမှာ ပိုတက်စီယမ်ဓါတ်လည်း ပေါကြွယ်ဝတယ်လို့ သိရပါတယ်။

မာလကာသီးမှာ ဗိုက်တာမင် B6၊ E နဲ့ K တို့မြင့်မားစွာပါရှိတယ်လို့သိရပါတယ်။ သတ္တုဓါတ်များဖြစ်တဲ့ Folate , Niacin, Copper, Manganese နဲ့ Pantothenic အက်စစ်များလည်း ပြည့်ဝလျက်ရှိပါတယ်။ ဒီသတ္တုဓါတ်တွေဟာ ခန္ဓာကိုယ်အတွင်း သွေးဖွဲ့စည်းမှု၊ ခန္ဓာကိုယ်အတွက် သံဓါတ်ကို စုတ်ယူနိုင်စွမ်းတွေပေးပါတယ်။ သံဓါတ်ဟာ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ သွေးနီဥ အသစ်များပွားများရန် အထောက်အကူပြုပါတယ်။ သွေးနီဥများဟာ ခန္ဓာကိုယ်အစိတ်အပိုင်းများက လိုအပ်တဲ့အောက်ဆီဂျင်များ ကို သယ်ဆောင်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သွေးနီဥများလေ ခန္ဓာကိုယ်အတွက်ကောင်းလေဖြစ်ပါတယ်။ သံဓါတ်ဟာ သွေးအားနည်းခြင်း (Anemia) ကို ကာကွယ်ပေးပြီး သွေးနဲ့ ဆက်နွယ်တဲ့ အခြားရောဂါများ ဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။


**ခန္ဓာကိုယ်အလေးချိန်လျှော့ချပေး**

ခန္ဓာကိုယ်အတွက် လိုအပ်တဲ့သကြားပမာဏပဲရှိစေဖို့ သင်စားတဲ့အစားအစာတွေကို သတိထား စားသုံးသင့်ပါတယ်။ မာလကာသီးကို သွားရေစာအဖြစ်စားသုံးသင့်ပါတယ်။ မာလကာသီးမှာ အမျှင်ဓါတ် (fiber) များစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှုနည်းတယ်လို့ သိရပါတယ်။ မာလကာသီးဟာ ဘယ်လောက်ပဲ ချိုနေပါစေ ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချပေးတဲ့အပြင် သွေးထဲမှာ ကိုလက်စထရောများ စိမ့်ဝင်မှုကိုလည်း တားဆီးပေးနိုင်တယ်။

ရှင်ပါဂူ


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၆-၃-၂၀၁၅ မှ ၂၂-၃-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** မိမိလုပ်သင့် လုပ်ထိုက်သော အလုပ်ကိစ္စများကို အလေးထားဆောင်ရွက်မှုရှိနေမည်။ ဆရာသမားများ၏ အကူအညီပေးမှုအကြံဉာဏ်ပေးမှုတို့ကြောင့် စီးပွားရေးလုပ်ငန်းတို့ ပုံမှန်လည်ပတ်လုပ်ကိုင်နေရတတ်သည်။ ရွှေ၊ ငွေ၊ ကြေးနီ၊ ပတ္တမြား၊ ကျောက်မျက်ရတနာပစ္စည်းများအကျိုးပေးနေ တတ်ပါသည်။ ပညာရေးတွင် မျှော်လင့်ရည်ရွယ်ထားသည့်အတိုင်း ကြိုးစားအားထုတ်နေရတတ်သည်။ အချစ်ရေးကံကောင်းသည်ဟု မဆိုနိုင်သေးပါ။ အိမ်ထောင်ရေးတွင် မိသားစုအတွက် စီးပွားရေးအတွက်ကြိုးစားနေရမည်။ ကျန်းမာ ရေးအနေဖြင့်ခန္ဓာကိုယ်ဖောက်ပြန်မှုဒဏ်ခံရတတ်သည်။

**ယတြာ။ ဆန္ဒင်းမကင်းလှူပါ။**




**တနင်္လာသားသမီးများအတွက်** မိမိကိုယ်တိုင်အပင်ပန်းခံ၍ လုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ အမွေအနှစ်များနှင့် စီးပွားရေးအတွက် အရင်းအနှီးများရတတ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ရန် ခေတ္တစောင့်နေရလိမ့်မည်။ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေးတို့တွင် သင့်တင့်မှုရှိနေလိမ့်မည်။

**ယတြာ။ သာကူနှင့် ကန်စွန်းဥကို ဗျို့လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အရာအရာကိုသံသယထားတတ်သည့်အတွက် စီးပွားရေးတွင်ဆုံးဖြတ်ချက်ချမည်ဆိုလျှင်မပြတ်သားဖြစ်နေမည်။ ယာဉ်အမျိုးမျိုးရောင်းဝယ်ရေးစသည်တို့တွင် အကျိုး ပေးတတ်ပါသည်။ ဝင်ငွေများအားကောင်းမည်။ ပညာရေးတွင်အနှောင့်အယှက် အခက်အခဲများကြောင့် ဘာသာရပ် အလိုက်ကျွမ်းကျင် တတ် မြောက်မှုမတူညီဖြစ်နေမည်။ ကျန်းမာရေး၊ အိမ်ထောင်ရေး သင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ထောပတ်နှင့်ပြုလုပ်ထားသောမုန့်လှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်လုပ်ရန်အချိန်ကောင်းသောကာလတွင် အနားယူမိလျှင်များစွာနစ်နာတတ်ပါသည်။အရောင်းအဝယ် စီးပွားရေးလုပ်ငန်း၊ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်သော စီးပွား ရေးလုပ်ငန်းများအကျိုးပေး အားကောင်းနေတတ် ပါသည်။ ဉာဏ်ပညာရှိခြင်းကြောင့်ပညာနှင့်အကျိုးပေး ကောင်းလိမ့်မည်။ အချစ်ရေးတွင်တည်ကြည်ပြတ်သားသောသဘောရှိနေ တတ်သည်။ အိမ်ထောင်ရေးတွင်အိမ်ထောင်ဖက်အထင်လွဲခြင်းခံရတတ်သည်။ ကျန်းမာရေးအနေဖြင့်ခြေကုန်လက်ပန်းကျခြင်း၊ ထုံထိုင်းနာကျင်ခြင်းတို့ဖြစ်တတ် ပါသည်။

**ယတြာ။ ဖာလူဒါလှူဒါန်းမှုပြုပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေးကိစ္စ၊ စာချုပ်စာတမ်းကိစ္စ၊ အလုပ် ကိစ္စအဝဝတို့တွင်စိတ်မရှည်ဖြစ်နေတတ်မည်။ ရေနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးတွင်အားထုတ် ကြိုးစားရလိမ့်မည်။ အချစ်ရေးတွင် မထင်မှတ်သောသူနှင့် စွပ်စွဲခံရတတ်သည်။ အထူး သတိထားသင့်ပါသည်။ အိမ်ထောင် ရေးကံကောင်းနေမည်။ကျန်းမာရေးနှင့် ပတ်သက်သောဝေဒနာခံစားရမှုမရှိသော်လည်း အားအင်ကုန်ခမ်းနွမ်းနယ်သောဝေဒနာမျိုး ဖြစ်တတ်ပါသည်။

**ယတြာ။ ဆီထမင်းထိုး၍ လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** အချိန်အခါကိုကြည့်၍လုပ်ကိုင်ဆောင်ရွက်နေ သော်လည်းအောင်မြင်မည်။ ယာဉ်အမျိုးမျိုးရောင်းဝယ်ရေး၊ ဆောက်လုပ်ရေး၊ အနုပညာလုပ်ငန်းများအကျိုးပေးနေမည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုရလိမ့်မည်။ ပညာရေးတွင် အခက်အခဲများကို ကျော်လွှားနိုင်လိမ့်မည်။ အချစ်ရေးမှာ ချစ်သူပေါ်သော်လည်းအကောင်းချည်းမဟုတ်ပါ။ အိမ်ထောင်ရေးတွင်တစ်ယောက်တစ်မျိုးဖြစ်နေတတ်သည်။ ကျန်းမာရေးအနေဖြင့်သွေးအား နည်းသောဝေဒနာခံစားရတတ်သည်။

**ယတြာ။ လိုအပ်နေသူကို ဖုန်းကတ်လှူဒါန်းလိုက်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် နှောင့်နှေးခြင်းများနှင့်ကြုံဆုံရတတ်သည်။ စိတ်အနှောင့်အယှက်ဖြစ်စရာများကိုပြေလည်မှုရရှိရန် အကောင်းဆုံးနည်းလမ်းများဖြင့်ကြိုးစားလုပ်ဆောင်နေရတတ်သည်။ ပညာရေးတိုးတက်မှု အားနည်းနေလိမ့်မည်။ အချစ်ရေးတွင်မိမိအပေါ် အနိုင်ယူသူနှင့် တွေ့ရတတ်သည်။ အိမ်ထောင်ရေးတွင် မိသားစုများနှင့်သဘောထားမတိုက်ဆိုင်မှုများဖြေရှင်း ဆွေးနွေးရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဝေဒနာဟောင်းကိုကုသနေရတတ်ပါသည်။

**ယတြာ။ ဘုရားပုထိုးစေတီများတွင် အမှိုက်လှည်း သန့်ရှင်းခြင်းများလုပ်ပါ။**

# ကဒူးနယ်က ထူးတဲ့ ဇလုံတောင်

ကသာခရိုင်၊ ဗန်းမောက်မြို့နယ်ကို မကြာခဏရောက်ပေမယ့် ဇလုံတောင်စေတီကို ကျွန်တော်မရောက်ခဲ့ပါ။ အခုဇလုံတောင် သဘာဝခရီးသွားလုပ်ငန်းမှာ တာဝန်ရှိလာတဲ့အတွက် ဇလုံတောင်ကိုသွားတဲ့အခါ ပကတိ တောတောင်တွေကြားမှာ ထီးထီးမားမားတည်ရှိနေတဲ့ ဇလုံတောင်စေတီကို ဖူးမြင်ရတော့ အံ့ဩမိပါတယ်။ ဗန်းမောက်မြို့နဲ့ ဇလုံတောင်ဟာ ၁၆ မိုင်ဝေးပြီး နယ်ခံဘုရားဖူးတွေ ခြေလျင်တက်ရောက်ကြပေမယ့် ယခုအခါ ကားလမ်းဖောက်ပြီးတာကြောင့် ကား၊ ဆိုင်ကယ်တွေနဲ့ နေ့စဉ်စည်ကားနေကြောင်း သိရပါတယ်။

ဘုရားပွဲက မြန်မာနှစ်ဆန်း ၁ ရက်မှ ၁၀ ရက်ထိကျင်းပပြီး၊ လမ်းခရီးရပ်နားတဲ့ ဦးကောစခန်းမှာ ဒေသအစားအစာနဲ့ ဆေးမြစ်စုံရောင်းချပြီး တယ်ပင်ပြန့်စခန်းမှာ ဆင်စီးလိုသူများအတွက် သစ်ထုတ်လုပ်ရေးဌာနက ဆင် ၆ ကောင်စီစဉ် ထားပါတယ်။ စေတီအခြေဘုန်းတော်ကြီးကျောင်းမှာ နားခိုလို့ရပြီး ထမင်းကျွေးပါတယ်။ တောင်ထိပ်ကို တောင်နှစ်လုံးကြားကတက်ရပြီး အပေါ်ရောက်တာနဲ့ ဘေးပတ်လည်သဘာဝတောတောင်ရှုခင်းတွေကို အားပါးတရ ကြည့်ရှုခံစားရတာကြောင့် နိုင်ငံခြားသားခရီးသွားများလည်း မကြခဏလာရောက်တဲ့အတွက် သဘာဝတောတောင် ရှုခင်းနဲ့ထူးခြားတဲ့ ဇလုံတောင်စေတီကို လာရောက်ဖူးမြော်ခြင်းဖြင့် ဒေသန္တရ ဗဟုသုတအပြင် စိတ်အပန်းဖြေ ကုသိုလ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

**ကျော်အုန်း-ကသာ**

# မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရုံးခွဲဖွင့်



မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင် ဦးဆောင်သည့် အဖွဲ့သည် မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့သည် ထိုနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းစည်းရုံးရေးနှင့် ပညာရေးကော်မတီမှ ဆရာဘိုင်အို (ဦးဝင်းမြင့်) ကဦးစီး၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများ ပူးပေါင်းကာ တောင်ကြီးမြို့ မြို့မဈေးရှိ ဈေးဆိုင်ခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ဆက်လက်၍ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံစားသုံးသူကြိုတင်အကာအကွယ်ပေးရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်နှင့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းစည်းရုံးရေးနှင့် ပညာရေးကော်မတီမှ ဆရာဘိုင်အို (ဦးဝင်းမြင့်)က စားသုံးသူ ကြိုတင်ကာကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးဟောပြောသွားခဲ့ကြောင်း သတင်းရရှိပါသည်။

**မေပွင့်ဖြူ (တောင်ကြီး)**

# တောင်သူအတွက် အကျိုးများတဲ့ ပုလဲနယ်ကမိုးစပါး

ပြီးခဲ့တဲ့ မိုးရာသီက ပုလဲမြို့နယ်မှာ မိုးစပါးစိုက်ဧက ၄၄၀၀၀ ကျော်ရှိခဲ့ရာ အမျိုးအစားအားဖြင့် ဈေးကောင်းရတဲ့ လုံးသွယ်မွှေး၊ ဝန်းကြီးဧရာနဲ့ ရေဆင်းဧရာတို့ကို ပိုမိုစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

မိုးစပါးဈေးကွက်အနေနဲ့ စပါးပေါ်ချိန်ကနေ ယနေ့အထိ မျိုးကောင်းစပါးဈေးများမှာ တင်း ၁၀၀ ကို ၆၅၀၀၀၀ ကျပ်မှာ မာနေပြီး ပုလဲနယ်တစ်နယ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဆန်ဈေးအားဖြင့်လည်း လုံးသွယ်မွှေး၊ ဝန်းကြီးဧရာနဲ့ ရေဆင်းဧရာ သုံးမျိုးစလုံး စက်ကျဈေး တစ်အိတ် ၂၈၀၀၀ ကျပ်ရှိပြီး၊ ဇကာချကော်ချက်ကတော့ တစ်အိတ် ၃၃၀၀၀ ကျပ်ဈေးရှိတယ်လို့ ဆိုပါတယ်။

အဆိုပါဆန်များမှာ အမျိုးအစားကောင်းမွန်သလို ဈေးလည်းသင့်တင့်တဲ့အတွက် ပုလဲဒေသတွင်း အရောင်းအဝယ်အနည်းငယ်သွက်နေသလို ပိုလျှံတဲ့စပါးနဲ့ ဆန်တွေကိုတော့ စက်ပိုင်များပွဲစားများမှ တစ်ဆင့် မုံရွာဆန်စက်နဲ့ ဆန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

ပုလဲမြို့နယ်မှာ မိုးစပါးဧက ၄၀၀၀၀ ကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီးထွက်ရှိတဲ့ စပါးကို ဒေသတွင်း ကျေးရွာများရှိ ဆန်စက်ငယ်များမှာ တစ်နိုင်တစ်ပိုင်ကြိတ်ခွဲလျက်ရှိရာ စပါးကြိတ်ခွဲခအနေနဲ့ စပါးတစ်တင်း ၁၀၀ ကျပ်နှုန်းနဲ့ ထွက်လာတဲ့ ဖွဲ၊ ဆန်ကွဲကို စက်ပိုင်ယူ စနစ်ဖြင့် ကြိတ်ခွဲလျက်ရှိတယ်လို့ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဆန်အောက်တန်းအနေနဲ့ ဆည်ရေမရတဲ့ ဒေသထွက်စပါးကို တင်း ၁၀၀ အတွက် ဆန် ၃၆ တင်းနှုန်း၊ ဆည်ရေရတဲ့ ဒေသထွက်စပါးကိုတော့ တင်း ၁၀၀ ကို ဆန် ၃၉ တင်းနှုန်း အပ်နှံသူကို ပေးရတယ်လို့ ဆိုပါတယ်။

ပုလဲနယ်မှာ ဆည်ရေရဒေသတွေများလို့ မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှုကောင်းမွန်ရာ တစ်ဧက အနိမ့်ဆုံး တင်း ၈၀ ခန့်ထွက်တဲ့အတွက် တောင်သူတွေလည်း တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်။

ယခုအခါ မြောက်ယမားဆည်က မြောင်းလက်တံများတိုးချဲ့ ဆောင်ရွက်နေပြီး ဖြစ်လို့ လာမယ့် နှစ်မှာ မိုးစပါးစိုက်ဧက ယခုထက် ပိုလာဖွယ်ရှိပြီး ပုလဲဒေသခံတောင်သူတွေ စပါးစိုက်ဧကတိုးကာ အလုပ်အကိုင်နဲ့ ဝင်ငွေအကျိုးစီးပွားပါ ဖွံ့ဖြိုးလာစေမှာ ဖြစ်တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မြို့ကြီးများ၏ ၁၆-၃-၂၀၁၅ မှ ၂၀-၃-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၃-၂၀၁၅) | အင်္ဂါ(၁၇-၃-၂၀၁၅) | ဗုဒ္ဓဟူး(၁၈-၃-၂၀၁၅) | ကြာသပတေး(၁၉-၃-၂၀၁၅) | သောကြာ(၂၀-၃-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၁˚C/၁၀၆˚F |
| ရန်ကုန်မြို့ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၃˚F |
| မန္တလေးမြို့ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၂˚C/၁၀၇˚F |
| မြစ်ကြီးနား | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၈˚C/၁၀၀ ˚F |
| လားရှိုး | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၅˚C/၉၅˚F |
| ကျိုင်းတုံ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| လွိုင်ကော် | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| တောင်ကြီး | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| မော်လမြိုင် | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၈˚C/၁၀၀˚F |
| ဘားအံ | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | တိမ်အသင့်အတင့် ၃၇˚C/၉၉˚F | တိမ်အသင့်အတင့် ၃၈˚C/၁၀၁˚F |
| တောင်ငူ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၂˚C/၁၀၈˚F |
| မုံရွာ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၁˚C/၁၀၆˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၁˚C/၁၀၆˚F |
| ပုသိမ် | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၄၀˚C/၁၀၄˚F |
| မြိတ် | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F |
| စစ်တွေ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F |
| မကွေး | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၂˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| ဖလမ်း | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F | နေသာ ၃၀˚C/၈၆˚F |

## အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း နာသန် ကွင်းစလန်ပြည်နယ်မြောက်ပိုင်းကို ဖြတ်ကျော်တိုက်ခတ်

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းနာသန်သည် ဩစတြေးလျနိုင်ငံ ကမ်းခြေမြို့ဖြစ်သည့် ကွင်းစလန်ပြည်နယ်မြောက်ပိုင်းဒေသများကို ဖြတ်ကျော်ကာ လမ်းကြောင်းပြောင်း၍ ဆော်လမွန်ကျွန်းစုဆီသို့ ဦးတည်သွားကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မူလထုတ်ပြန်ချက်များအရ အဆိုပါမုန်တိုင်းသည် ကွင်းစလန်ပြည်နယ်ကိုဖြတ်၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားသော်လည်း ကမ်းခြေနှင့်နီးကပ်လာချိန်တွင် လမ်းကြောင်းပြောင်းသွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဌာနမှတာဝန်ရှိသူ တစ်ဦးကဆိုသည်။

သို့သော် အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် ကွင်းစလန်ပြည်နယ်တွင် လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မိုးရေချိန် ၁၁၀ မီလီမီတာအထိ စံချိန်တင်လောက်အောင် ရွာသွန်းခဲ့သည့်မိုးကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် ကွင်းစလန်ပြည်နယ်အတွင်းရှိ ကြံစိုက်ခင်းများအားလုံး နီးပါးလဲပြိုကျကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်းဖြင့် ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကွင်းစလန်ပြည်နယ်မှ ကယ်ဆယ်ရေးလုပ်သားများက Lockhart မြစ်ရေ လျှံတက်မှုကို ကာကွယ်ရန်ရေတားတမံများပြုလုပ်ခဲ့ကြပြီး စောင့်ကြည့်ခဲ့ကြကြောင်း၊ သို့သော် အဆိုပါမြစ်ရေသည် စိုးရိမ်ရေမှတ်အထိ တက်လာခဲ့သော်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

Lizard ကျွန်းတွင်မူ ကြိုတင်သတိပေးချက်များအရ ကျွန်းပေါ်မှ ပြည်သူများအား မုန်တိုင်းတိုက်ခတ်မှုမှ ကင်းလွတ်ရာသို့ ပြောင်းရွှေ့ထားခဲ့ကြောင်း သိရသည်။

မုန်တိုင်း၏ အရှိန်ကြောင့် ကွင်းစလန်မြို့အနီးတစ်ဝိုက်တွင် စံချိန်တင်လောက်အောင် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။



## ဗင်နွာတူနိုင်ငံသို့ အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ပန်မ် ဝင်ရောက်တိုက်ခတ် တောင်ပစိဖိတ်နိုင်ငံများသို့ ဆက်လက်ရွေ့လျားမည်

အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ပန်မ်သည် ဗင်နွာတူ (Vanuatu)နိုင်ငံအနီးသို့ ရောက်ရှိနေပြီး မုန်တိုင်း၏အရှိန်ကြောင့် ဗင်နွာတူနိုင်ငံတစ်ဝန်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် တူဗာလု၊ ကီရီဘာတီမြို့တို့တွင် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ရေလွှမ်းမိုးမှုများကြောင့် ကီရီဘာတီမြို့တွင် သီးနှံစိုက်ခင်းများပျက်စီးခဲ့ရပြီး အိမ်ထောင်စုပေါင်း ၃၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း သိရသည်။

ထို့အတူ ဗင်နွာတူနိုင်ငံနှင့် ကပ်လျက်ရှိသည့် ဆော်လမွန်ကျွန်းစုနိုင်ငံတွင်လည်း အဆိုပါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ခံစားနိုင်ရကြောင်း သိရသည်။

ဗင်နွာတူနိုင်ငံ တစ်ဝန်းလုံးတွင် အနီရောင်အဆင့်သတ်မှတ်ထားပြီး အရေးပေါ်အခြေအနေသတ်မှတ်ထားကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ပန်မ်သည် ဗီလာဆိပ်ကမ်း၏ မြောက်-အနောက်မြောက်ပိုင်းအနီး ၁၀၅ ကီလိုမီတာအကွာသို့ ရောက်ရှိနေပြီးကုန်းတွင်းပိုင်းသို့ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း ဗင်နွာတူနိုင်ငံ မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၃၀ နှုန်းဖြင့် တိုက်ခတ်မည်ဖြစ်ကြောင်း ဗင်နွာတူမိုးလေဝသဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

"မုန်တိုင်းတိုက်ခတ်မှုက တော်တော်လေးကို အင်အားပြင်းထန်ပါတယ်။ ပြည်သူတွေလည်းစိုးရိမ်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ခုလိုအင်အားပြင်းထန်တဲ့မုန်တိုင်းမျိုး မတိုက်ခတ်ခဲ့တာ တော်တော်လေးကို ကြာနေပါပြီ။ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေဖြစ်လာနိုင်သလို အသေအပျောက်တွေလည်းရှိလာနိုင်ပါတယ်" ဟု ဗင်နွာတူအစိုးရမှ ပြောကြားခဲ့သည်။

ဗင်နွာတူနိုင်ငံတွင် ၁၉၈၇ခုနှစ်က အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း အူမာတိုက်ခတ်ခဲ့ရာ လူ ၅၀ ဦးသေဆုံးခဲ့သည်။ ယင်းအူမာမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ဗင်နွာတူနိုင်ငံသည် မုန်တိုင်းအန္တရာယ်မှ ကင်းလွတ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ ပြီး ယခုနှစ်တွင်မှ တစ်ကျော့ပြန်လည် ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်သည်။

ဗင်နွာတူနိုင်ငံသည် လူဦးရေ ၂၇၀၀၀၀ နေထိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။



# နွေရာသီအိုလံပစ်ခြေစစ်ပွဲစဉ်များ စတင်ကျင်းပ မြန်မာအမျိုးသမီးအသင်း သီရိလင်္ကာအသင်းကို ဂိုးတစ်ဒါဇင်ကျော် သွင်းယူ

ဘရာဇီးနိုင်ငံ၊ ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပမည့် နွေရာသီအိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ၊ မန္တလေးမြို့၊မန္တလာသီရိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် အုပ်စု(က)၏ပွဲစဉ်များကို မတ်လ ၁၁ ရက်နေ့မှစတင်ကျင်းပခဲ့သည်။

အဆိုပါပွဲ၏အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင် မြန်မာအမျိုးသမီးအသင်းနှင့် သီရိလင်္ကာ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာမြန်မာအမျိုးသမီးအသင်းက ၁၆ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းယူကာ အောင်ပွဲခံခဲ့သည်။

မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို နော်အားလိုဝါးဖောက သုံးဂိုး၊ နီဆန်ဆာလာမနော၀ါဒူက တစ်ဂိုး(ကိုယ့်ဂိုးကိုယ်သွင်း)၊ ခင်မိုးဝေက ငါးဂိုး၊ ဝင်းသိင်္ဂီထွန်းက ငါးဂိုး၊ ရီရီဦးက နှစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၅ ရက်တွင် အိန္ဒိယ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်တွင် ဥဇဘက်ကစ္စတန်အသင်းက ပါလက်စတိုင်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဂျော်ဒန်က ဟောင်ကောင်ကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ယူထားကြသည်။

နွေရာသီအိုလံပစ်ခြေစစ်ပွဲအတွက် အုပ်စု(က)နှင့်အုပ်စု(ခ)တို့ယှဉ်ပြိုင်အပြီးတွင် မြန်မာ့လက်ရွေးစင်အသင်းမှ ခင်မိုးဝေနှင့်ဝင်းသိင်္ဂီထွန်းတို့က ဂိုးသွင်းအများဆုံးကစားသမားများအဖြစ် မှတ်တမ်းတင်ခံထားရသည်။

ယင်းပြိုင်ပွဲတွင် အုပ်စုပထမနေရာကို ရယူနိုင်ခဲ့ပါက ဒုတိယအဆင့်ခြေစစ်ပွဲကို အာရှအဆင့် ၆နှင့်အဆင့် ၇တို့တွင် ရပ်တည်နေသည့် ထိုင်း၊ ဗီယက်နမ်တို့နှင့်ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုပထမရသည့်အသင်းသာ နောက်ဆုံးအဆင့်ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယင်းနောက်ဆုံးအဆင့်တွင် ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊တရုတ်၊ မြောက်ကိုရီးယားတို့နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရသည့်အသင်းတို့သာ အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မတ် ၁၃ ရက်က မန္တလာသီရိအားကစားကွင်းတွင် အိန္ဒိယအသင်းနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာအိန္ဒိယအသင်းက သီရိလင်္ကာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ အုပ်စု(ခ)ပွဲစဉ်များအနက် ဥဇဘက်ကစ္စတန်အသင်းနှင့် ဟောင်ကောင်အသင်းတို့ မတ် ၁၃ ရက်က ယှဉ်ပြိုင်ကစားကြရာ ဥဇဘက်ကစ္စတန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(က)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၁ | ၁ | ၀ | ၀ | ၁၆ | ၀ | ၃ |
| အိန္ဒိယ | ၁ | ၁ | ၀ | ၀ | ၄ | ၀ | ၃ |
| သီရိလင်္ကာ | ၂ | ၀ | ၀ | ၂ | ၀ | ၂၀ | ၀ |

အုပ်စု(ခ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဥဇဘက်ကစ္စတန် | ၂ | ၂ | ၀ | ၀ | ၇ | ၀ | ၆ |
| ဂျော်ဒန် | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၃ |
| ဟောင်ကောင် | ၂ | ၀ | ၀ | ၂ | ၀ | ၂ | ၀ |
| ပါလက်စတိုင်း | ၁ | ၀ | ၀ | ၁ | ၀ | ၆ | ၀ |

# ရာသီကုန်တွင် ရန်ကုန်ယူနိုက်တက်အသင်း ချန်ပီယံဖြစ်မည်ဟု နည်းပြချုပ် ယုံကြည်



ရန်ကုန်ယူနိုက်တက် အသင်းသည် အိမ်ကွင်းတွင် ဇေယျာရွှေမြေအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကိုးပွဲဆက်တိုက်အနိုင်ရရှိသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲ၏ ပွဲပြီးသတင်းစာရှင်းလင်းပွဲတွင် "ဒီနေ့ ကျွန်တော်တို့နိုင်ပွဲရခဲ့တယ်ဆိုတာ မနက်ဖြန်ဆိုရင်သမိုင်းမှတ်တမ်းဖြစ်ခဲ့ပါပြီ။ လာမယ့်ပွဲတွေအတွက်ကိုပဲ စဉ်းစားရင်း ပြင်ဆင်သွားမှာပါ။ ပြိုင်ဘက်အသင်းတွေကို စိတ်မဝင်စားဘဲ ကိုယ့်အသင်းကောင်းဖို့ကိုပဲ ပြင်ဆင်သွားမှာပါ။ ရန်ကုန်အသင်းရဲ့ လက်ရှိခြေစွမ်းနဲ့ ယုံကြည်မှုအရဆိုရင် ရာသီသိမ်းရင် ကျွန်တော်တို့ ချန်ပီယံဖြစ်မှာပါ"ဟု နည်းပြချုပ် ရက်ဆစ်က ဆိုသည်။

ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူးဆီဇာတစ်ဦးတည်းက သုံးဂိုးသွင်းယူခဲ့ပြီး အသင်းခေါင်းဆောင် ခင်မောင်လွင်နှင့် အလယ်တန်းလူ အီမာဆင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

ဇေယျာရွှေမြေ အသင်းအတွက် ချေပဂိုးများကို ရိုဒရီဂိုတစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးတိုက်စစ်မှူး ဆီဇာသည် ဖေဖော်ဝါရီလ ၁၄ရက်နေ့က မြက်ခင်းတုကွင်းတွင် ကစားခဲ့သည့်မနောမြေနှင့် ပွဲစဉ်တွင်လည်း ဟက်ထရစ်ယူနိုင်ခဲ့သဖြင့် ဆီဇာသည် ကိုးပွဲကစားအပြီးတွင် သွင်းဂိုး ၁၄ ဂိုးအထိ ရှိနေပြီဖြစ်သည်။ ၎င်းသည် ကမ္ဘောဇအသင်းကို အနိုင်ရခဲ့သည့်ပွဲမှအပ ကျန်ရှစ်ပွဲစလုံးတွင် ဂိုးများသွင်းယူနိုင်ခဲ့သည်။

နည်းပြချုပ် ရက်ဆစ်က ရန်ကုန်အသင်း၏ကစားသမားများကို နှစ်လကျော်အနားပေးရခြင်းမှာ လိုအပ်၍ဖြစ်ကြောင်း၊ သို့သော်လေ့ကျင့်ခန်း ပြန်လည် စတင်မည့်မေလ ၁၅ရက်မှစ၍ ပြိုင်ပွဲစတင်မည့် ဇွန် ၂၇ရက်အတွင်း ရက်ပေါင်းလေးဆယ်ကျော် အချိန်ရသောကြောင့် ပြင်ဆင်ချိန်လုံလောက်သည်ဟု ဆိုနိုင်ကြောင်း၊ ယခုကဲ့သို့အနားပေးရခြင်းမှာလည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်ထားသည့် ပွဲစဉ် ဇယားများအတိုင်း လိုက်နာရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်အသင်းသည် ယခုရာသီအတွက် လေ့ကျင့်ခန်းအစီအစဉ်များကို မေလ၁၄ရက်နေ့အထိ ရပ်နားလိုက်ပြီဖြစ်ပြီး မေ ၁၅ရက်မှစ၍ လေ့ကျင့်ခန်းအစီအစဉ်များကို ပြန်လည်စတင်မည်ဖြစ်သည်။

# တရုတ်ယူ-၁၅အသင်းကို အနိုင်ရရှိခဲ့ပြီး မြန်မာယူ-၁၅အသင်း တတိယရရှိ



တရုတ်နိုင်ငံ၊ ဂွမ်ဇီပြည်နယ်၊ ဒုံဇင်းမြို့၊ ဒုံဇင်းမြို့တော်အားကစားကွင်း၌ ကျင်းပခဲ့သည့် တရုတ်-အာဆီယံ လူငယ် ဘောလုံးပွဲတော်တွင် မြန်မာ ယူ-၁၅ လူငယ်အသင်းသည် တရုတ် ယူ-၁၅ အသင်းကို ခြေစွမ်းပြအနိုင်ယူကာ တတိယဆုကို ရယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာယူ-၁၅ အသင်းသည် အိမ်ရှင်တရုတ်ယူ-၁၅ အသင်းကို နောက်ဆုံးမိနစ်အထိ တရစပ်ဖိကစားခဲ့ကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲတွင်ပြီးခဲ့သည့် အုပ်စုပွဲစဉ်နှစ်ပွဲစလုံး ရလဒ်မကောင်းခဲ့သည့် မြန်မာအသင်းအနေဖြင့် မဖြစ်မနေ နိုင်ပွဲ လိုအပ်နေခဲ့ရာ ပွဲစ,စချင်းမှာပင် တရကြမ်း တိုက်စစ်ဆင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင်အိမ်ရှင် တရုတ်အသင်းဘက်သို့ ပိုမိုဖိကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၃ မိနစ်တွင် ကျောနံပါတ်(၉) ဟိန်းထက်အောင်ကခြောက်ကိုက်စည်းအတွင်းမှ အပိုင်ကန်သွင်းယူခဲ့သည်။ တရုတ်အသင်းမှာ ဂိုးပေးခဲ့ရပြီးနောက် ကစားအား ပိုမိုကျဆင်းသွားရာ မြန်မာအသင်း ပိုမိုဖိကစားခဲ့သော်လည်း ထပ်မံ ဂိုးသွင်းယူနိုင်ခြင်း မရှိတော့သည့်အတွက် မြန်မာ ယူ-၁၅အသင်းက တရုတ်ယူ-၁၅အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲပြီးဆုံးခဲ့သည်။

မြန်မာ ယူ-၁၅အသင်းသည် တရုတ် ယူ-၁၅ အသင်းကို အုပ်စုပွဲတွင်လည်း အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲ၏ ဖိုင်နယ်ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တရုတ်-အာဆီယံ လူငယ်ဘောလုံးပွဲတော်ဖလားကို ရရှိသွားခဲ့သည်။

ပွဲရလဒ်များ

| | | |
|---|---|---|
| မြန်မာ ယူ-၁၅ | ၁ - ၂ | ဗီယက်နမ် ယူ-၁၅ |
| တရုတ် ယူ-၁၅ | ၁ - ၀ | မလေးရှား ယူ-၁၅ |
| မြန်မာ ယူ-၁၅ | ၀ - ၁ | မလေးရှား ယူ-၁၅ |
| တရုတ် ယူ-၁၅ | ၁ - ၂ | ဗီယက်နမ် ယူ-၁၅ |
| ဗီယက်နမ် ယူ-၁၅ | ၂ - ၀ | မလေးရှား ယူ-၁၅ |
| တရုတ် ယူ-၁၅ | ၀ - ၁ | မြန်မာ ယူ-၁၅ |

# Nike နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ဂျာစီစပွန်ဆာ ဆွေးနွေးမှု ပျက်ပြယ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဂျာစီစပွန်ဆာအတွက် အမေရိကန် အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Nike ကုမ္ပဏီနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း စပွန်ဆာစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက "ကျွန်တော်တို့ Nike ကုမ္ပဏီနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပေမယ့် အဆင်မပြေတော့ပါဘူး။ သူတို့က ကျွန်တော်တို့အသင်းတွေကို ဂျာစီစပွန်ဆာပေးချင်ပေမယ့် ရရှိမယ့်ပမာဏက အရမ်းကိုနည်းလွန်းပါတယ်။ ကျွန်တော်တို့ တောင်းသလောက်ပေးဖို့ သူတို့မှာ ဆန္ဒမရှိပါဘူး။ နောက်တစ်ခုက သူတို့ဘက်မှာ ရပိုင်ခွင့်တွေကို ပိုပြီးယူထားတာကြောင့် ကျွန်တော်တို့အနေနဲ့ Nike ကုမ္ပဏီနဲ့ ဆက်လက်ပြီး ဆွေးနွေးမှုတွေမပြုလုပ်တော့ပါဘူး"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် Lotto နှင့် ဂျာစီ စပွန်ဆာစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

## သရုပ်ပြပွဲတွင်တင်နိုင်ခဲ့သော မိုက်ကယ်ဖဲလ်၏ စံချိန် အသိအမှတ်ပြုခြင်းခံရမည်မဟုတ်

အမေရိကန် ရေကူးချန်ပီယံရှစ် (Short Course) သရုပ်ပြပွဲစဉ်တစ်ခုတွင် တင်နိုင်ခဲ့သော မိုက်ကယ်ဖဲလ်၏ စံချိန်မှာ အသိအမှတ်ပြုခြင်းခံရမည် မဟုတ်ဟုသိရသည်။ အိုလံပစ်သမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအားကစားသမားဖြစ်သည့် မိုက်ကယ်ဖဲလ်မှာ ကိုက် ၂၀၀ တစ်ဦးချင်းလေးမျိုးကူး သရုပ်ပြရေကူးပွဲစဉ်တွင် သမိုင်းတစ်လျှောက် သတ္တမအမြန်ဆုံးစံချိန်အဖြစ် ၁ မိနစ် ၄၀ ဒသမ ၈၄ စက္ကန့်တင်နိုင်ခဲ့သော်လည်း တရားဝင်ပြိုင်ပွဲ မဟုတ်သဖြင့် အသိအမှတ်ပြုခြင်းမခံခဲ့ရပေ။ မိုက်ကယ်ဖဲလ်သည် တရားဝင်ပြိုင်ပွဲများမစတင်မီ သရုပ်ပြသည့်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် လွန်ခဲ့သည့်နှစ် စက်တင်ဘာလက အရက်သေစာသောက်စားပြီး ကားမောင်းမှုဖြင့် စွဲချက်တင်စစ်ဆေးခံရပြီးနောက် အမေရိကန်ရေကူးအဖွဲ့ချုပ်၏ ပြိုင်ပွဲဝင်ခွင့် ၆လပိတ်ပင်ခြင်းခံထားရသည်။ ပြစ်ဒဏ်ကာလမှာ လာမည့် ဧပြီလအတွင်း ကုန်ဆုံးမည်ဖြစ်ပြီး ဩဂုတ်လအတွင်း ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရဖွယ် ရှိနေသည်။

အသက် ၂၉ နှစ်ရှိ မိုက်ကယ်ဖဲလ်မှာ အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၁၈ ဆုအပါအဝင် စုစုပေါင်း ဆုတံဆိပ် ၂၂ ဆုဆွတ်ခူးထားသည်။

## အီဘိုလာရောဂါကို ကြောက်ရွံ့သဖြင့် နေခဲ့သည့် ဆီရာလီယွန်နိုင်ငံမှ အပြေးသမား လန်ဒန်တွင် အဖမ်းခံရ

အီဘိုလာရောဂါ ကူးစက်ခံရမည်စိုးသဖြင့် နောက်ချန်နေရစ်ခဲ့သည့် ဆီရာလီယွန်နိုင်ငံမှ အပြေးသမားတစ်ဦးဖြစ်သူ ဂျင်မီသိုရွန်ခါအားယူနိုက်တက်ကင်းဒန်းနယ်ခြားစောင့် ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အသက်၂၀အရွယ်ရှိသည့် ဂျင်မီသည် ပြီးခဲ့သည့်နှစ်က ဂလက်စကိုတွင်ကျင်းပခဲ့သည့် ဓနသဟာယအားကစားပြိုင်ပွဲတွင် ဆီရာလီယွန်နိုင်ငံပြေးခုန်ပစ်အသင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် အသင်းနှင့် ပြန်လည်လိုက်ပါမသွားဘဲ ဂလက်စကိုမြို့တွင် နေရစ်ခဲ့ခြင်းဖြစ်သည်။

ဂျင်မီက "အဲဒီအချိန်တုန်းက ကျွန်တော်တို့နိုင်ငံမှာ အီဘိုလာရောဂါက တော်တော်လေးကို ပျံ့နှံ့နေတာ။ ကျွန်တော့်မိသားစုတွေ အားလုံးလည်း အီဘိုလာရောဂါကြောင့် သေဆုံးကုန်ကြပြီ။ ကျွန်တော် ဒီမှာ တချို့နေ့တွေမှာဆိုရင် အစားတောင် ကောင်းကောင်းမစားရပါဘူး။ ကျွန်တော် အိမ်သာမှာ ရေချိုးရတယ်။ ပန်းခြံထဲမှာ အိပ်ရတယ်"ဟု ပြောကြားခဲ့သည်။

ဂလက်စကိုမြို့တွင် အိမ်မဲ့ယာမဲ့အဖြစ်နေထိုင်လျက်ရှိသည့် ဂျင်မီအား ယူကေနယ်ခြားစောင့်ရဲတပ်ဖွဲ့က သတိထားမိပြီး ဖမ်းဆီးကာ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

# WGC-Cadillac ပြိုင်ပွဲ၌ ဒက်စတင်ဂျွန်ဆင်ဗိုလ်စွဲ

ဖလော်ရီဒါ၌ကျင်းပခဲ့သော ၂၀၁၅ WGC-Cadillac ချန်ပီယံရှစ် ပြိုင်ပွဲတွင်အမေရိကန် ဂေါက်ရိုက်ကစားသမား ဒက်စတင်ဂျွန်ဆင်က သတ်မှတ်ရိုက်ချက်ထက် ၉ချက်လျှော့ ရိုက်ပြီး ဗိုလ်စွဲသွားခဲ့သည်။

ဒက်စတင်ဂျွန်ဆင်သည် တတိယနေ့ပွဲစဉ်အပြီးတွင် ထိပ်ဆုံးမှဦးဆောင်နေသော ဂျေဘီဟိုးမက်စ်၏နောက်မှ ၂၀၁၄ မာစတာချန်ပီယံဘက်ဘာဝက်ဆန်နှင့်အတူ ငါးချက်အကွာဖြင့် လိုက်နေရသော်လည်း နောက်ဆုံးနေ့တွင် ဖြတ်ကျော် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးနေ့တွင် ဂျွန်ဆင်မှာ ဘာဒီလေးကြိမ်နှင့် ဘူဂီတစ်ကြိမ်ဖြစ်ခဲ့ပြီး သုံးချက်လျှော့ကာ(၆၉ ချက်)ရိုက်နိုင်ခဲ့သည်။ ဟိုးမက်စ်မှာမူ ဘာဒီတစ်ကြိမ်သာရပြီး ဘူဂီလေးကြိမ်ဖြစ်ခဲ့သဖြင့် ၃ ချက်ပို (၇၅ချက်)ရိုက်ခဲ့သည်။ ထို့ကြောင့် ဂျွန်ဆင်က စုစုပေါင်းရိုက်ချက် ၂၇၉(၆၈၊ ၇၃၊ ၆၉၊ ၆၉)ဖြင့် ဟိုးမက်စ်ကို တစ်ချက်အသာရကာ ဆုဖလားနှင့်အတူဆုကြေး ဒေါ်လာ ၁ ဒသမ ၅၇ သန်းပိုင်ဆိုင်နိုင်ခဲ့သည်။

နောက်ဆုံးနေ့တွင် ၇၁ ချက်ရိုက်ခဲ့သည့် ဝက်ဆန်က တတိယရခဲ့ကာ ကမ္ဘာ့အဆင့်တစ် မက်အီရွိုင်းမှာမူလေးရက်ပေါင်းတစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့ပြီး ပူးတွဲအဆင့် ၉ ဖြင့် ကျေနပ်ခဲ့ရသည်။

ဒက်စတင်ဂျွန်ဆင်မှာ ယမန်နှစ်ဇူလိုင်လအတွင်းပုဂ္ဂိုလ်ရေးပြဿနာများကြောင့် ဂေါက်သီးလောကမှ ခြောက်လကြာ အနားယူခဲ့ပြီး ယခုနှစ်ဖေဖော်ဝါရီလတွင်မှ တစ်ကျော့ပြန်ကစားခဲ့သည်။ ထိုသို့ကစားပြီးနောက် ပြိုင်ပွဲငါးခုယှဉ်ပြိုင်ရာတွင် ပထမဆုံးဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဆုကြေးစားဘဝသို့ကူးပြောင်းခဲ့ပြီး နောက်ဆုံးရှစ်ရာသီဆက် ရာသီတိုင်းတွင် အနည်းဆုံးဖလား တစ်လုံးဆွတ်ခူးနိုင်သည့်စံချိန်ကိုလည်း တင်နိုင်ခဲ့သည်။



## မေဝဲသားနှင့် ပက်ကွီအိုတို့၏ ထိုးသတ်ပွဲအတွက် လက်မှတ်တစ်စောင် ပေါင် ၁၀၀၀ ဖြင့်ရောင်းချမည်

## ကမ္ဘာ့လက်ဝှေ့သမိုင်းတွင် ဈေးအကြီးဆုံးသော ဝင်ခွင့်လက်မှတ်ဖြစ်လာ

လာမည့် မေ ၂ရက်နေ့တွင်ကျင်းပမည့် ဖလွိုက်မေဝဲသားနှင့် မန်နီပက်ကွီအိုတို့၏ ယှဉ်ပြိုင်ထိုးသတ်ပွဲအား ဝင်ရောက်ကြည့်ရှုခွင့်လက်မှတ်တစ်စောင်လျှင် ပေါင် ၁၀၀၀ (ဒေါ်လာ ၁၅၀၀) နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း လက်ဝှေ့ပွဲစီစဉ်သူများက ထုတ်ဖော်ကြေညာခဲ့သည်။



အဆိုပါဈေးနှုန်းသည် ကမ္ဘာ့လက်ဝှေ့သမိုင်းတွင် ဈေးအကြီးဆုံးသော လက်ဝှေ့ပွဲကြည့်ရှုခွင့်ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် လက်ဝှေ့ကြိုးဝိုင်းနှင့် အနီးဆုံးနေရာအတွက် လက်မှတ်နှုန်းထားမှာ ပေါင် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၀၀) ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲအတွက် မှောင်ခိုဈေးကွက်၌ လက်မှတ်တစ်စောင်လျှင်ပေါင် ၁၀၀၅၀၀ (အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ)ဈေးဖြင့် ရောင်းချလျက်ရှိသည်ဟုဆိုသည်။ထို့ပြင်အဆိုပါလက်ဝှေ့ထိုးသတ်ပွဲကျင်းပချိန်တွင်ရှိမည့် ဟိုတယ်အခန်း ငှားရမ်းခများသည်လည်း ဈေးများမြင့်တက်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်ငှားရမ်းခများမှာ တစ်ညလျှင် ပေါင် ၁၀၀၀ ဖြင့် ကြိုတင်စာရင်းပေးသွင်းထားရသည်ဟု ဆိုသည်။

အဆိုပါပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို မတ် ၁၁ ရက်ကကျင်းပခဲ့ရာ နှစ်ဦးစလုံးက ပရိသတ်များအတွက် အကောင်းဆုံးနှင့် မျှော်လင့်ထားသည့်အတိုင်းသာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မေဝဲသားက "ကျွန်တော်တို့နှစ်ဦးစလုံး အနိုင်လိုချင်ကြပါတယ်။ ကျွန်တော်တို့အသက်နဲ့လဲပြီး ဒီပွဲရဲ့အနိုင်အရှုံးကို ဆုံးဖြတ်ပေးသွားမှာပါ"ဟု ထပ်မံပြောကြားခဲ့သည်။

အဆိုပါပွဲ၏ဖွင့်ပွဲတွင် ပက်ကွီအိုက ကိုယ်တိုင်ရေးစပ်ထားသည့် အဖွင့်သီချင်းကို ကိုယ်တိုင်သီဆို မည်ဖြစ်သည်။ မေဝဲသားနှင့်ပက်ကွီအို တို့၏ သတင်းစာရှင်းလင်းပွဲသို့ ကနေဒါ ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာလည်းတက်ရောက်ခဲ့သည်။ ဂျပ်စတင်ဘီဘာသည် မေဝဲသား၏ ပရိသတ်တစ်ဦးဖြစ်သည်။

မေဝဲသားနှင့် ပက်ကွီအိုတို့၏ ကမ္ဘာ့ထိုးသတ်ကြေး အများဆုံးပွဲကို မေ ၂ ရက်တွင် လာ့စ်ဗေးဂတ်စ်မြို့ရှိ MGM Grand Garden Arena တွင် ကျင်းပသွားမည်ဖြစ်သည်။

## တွစ်တာပေါ်တွင် ဆဲရေးတိုင်းတာမှုဖြင့် ကာလ်တန်ကိုးလ်ကို ဒဏ်ငွေ ပေါင်နှစ်သောင်း ချမှတ်

ဝက်စ်ဟမ်းတိုက်စစ်မှူး ကာလ်တန်ကိုးလ်ကို တွစ်တာပေါ်တွင် ဆဲရေးတိုင်းတာမှုဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဒဏ်ငွေ ပေါင်နှစ်သောင်း တပ်ရိုက်ခဲ့ကြောင်း သိရသည်။

ကိုးလ်သည် ဝက်စ်ဟမ်းအသင်း၏ မြို့ခံပြိုင်ဖက်အသင်းတစ်သင်းဖြစ်သည့် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်ဂိုးစီသရေကျခဲ့ပြီးနောက် အဆိုပါဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကိုးလ်သည် ၎င်း၏တွစ်တာဝက်ဘ်ဆိုဒ်တွင် စပါးအသင်းမှ ပရိသတ်တစ်ဦးအား ညစ်ညမ်းစွာ ဆဲရေးတိုင်းတာခဲ့ကြောင်း၊ အဆိုပါပရိသတ်က အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သို့ တိုင်ကြားခဲ့သည့်အတွက် ယခုကဲ့သို့ အရေးယူရခြင်းဖြစ်ကြောင်း အက်ဖ်အေမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အင်္ဂလန် လက်ရွေးစင်အသင်း၏ ကစားသမားတစ်ဦးဖြစ်သည့် ကာလ်တန်ကိုးလ်သည် ၂၀၁၁ခုနှစ်အတွင်းက ဂါနာနှင့် ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်တွင်လည်း ဂါနာပရိသတ်တစ်ဦးကို ဆဲရေးတိုင်းတာခဲ့သည့်အတွက် ဒဏ်ငွေပေါင် နှစ်သောင်း ချမှတ်ခြင်းခံခဲ့ရသေးကြောင်း သိရသည်။

## ရုံတွင်းချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကံကောင်းစေရန်ဟုဆိုကာ အီတလီအမြင့်ခုန်သမား မုတ်ဆိတ်မွေးတစ်ဝက်ဖြင့် ယှဉ်ပြိုင်ခဲ့

ပြီးခဲ့သည့်မတ်လ ၆ရက်နေ့မှ ၈ ရက်နေ့အထိ ချက်နိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် ဥရောပရုံတွင်းချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ၏ အမြင့်ခုန်ပြိုင်ပွဲတွင် အီတလီနိုင်ငံမှ အမြင့်ခုန်ကစားသမား မာကိုတန်ဘီရီယမ်ဆိုသူသည် ကံကောင်းစေရန်ဟုဆိုကာ မုတ်ဆိတ်မွေးတစ်ဝက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့သော်လည်း မာကိုတန်ဘီရီယမ်သည် နောက်ဆုံးအဆင့်ဖြစ်သည့် အဆင့်ခုနစ်သာရရှိခဲ့သည်။မာကိုတန်ဘီရီယမ်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို တစ်ဝက်သာထား၍ ပြိုင်ပွဲဝင်ခြင်းဖြင့် ကံကောင်းမှုများကို ခေါ်ဆောင်လာစေရန်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားမီတာ ၆၀ ပြေးပွဲတွင် ဗြိတိန် တာတိုအပြေးသမားရစ်ချက်ကီလ်တီက ရွှေတံဆိပ်ရရှိသွားခဲ့သည်။ မတ်လ၈ရက်နေ့က ကျင်းပခဲ့သော မီတာ ၆၀ ပြေးပွဲတွင် ကီလ်တီသည် ယခုနှစ် အကောင်းဆုံးစံချိန် ၆ ဒသမ ၅၁စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အရည်အချင်းစစ်ပွဲစဉ်နှင့်ဆီမီးအဆင့်တွင် ကီလ်တီ၏ အဓိကပြိုင်ဘက်ဖြစ်ခဲ့သော တစ်နိုင်ငံတည်းသား အူဂျက်ရှိမှာမူ ဖိုင်နယ်ပွဲစဉ်တွင် တာထွက်မှားခဲ့သဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသည်။

ကီလ်တီမှာ၂၀၁၄ ကမ္ဘာ့ရုံတွင်းချန်ပီယံရှစ် မီတာ ၆၀ နှင့် ဥရောပချန်ပီယံရှစ် မီတာ ၁၀၀ လေးယောက်လက်ဆင့်ကမ်း ပွဲစဉ်များတွင်လည်း ရွှေတံဆိပ် ဆွတ်ခူးထားသူဖြစ်သည်။

မတ်၆မှ၈ရက်နေ့အထိ ကျင်းပခဲ့သော အဆိုပါပြိုင်ပွဲတွင် ရုရှားပြေးခုန်ပစ်အသင်းက ရွှေ ၆၊ ငွေ ၂ ဖြင့် ဗိုလ်စွဲခဲ့ပြီး ဗြိတိန်အသင်းက ရွှေ ၂၊ ငွေ ၄၊ ကြေး ၃ ဖြင့် တတိယရခဲ့သည်။

# မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက်ကျင်းပသည့် ပြည်တွင်းကုန်စည်ပြပွဲများကျင်းပခွင့် ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသခွင့်နှင့် ကုန်စည်များ တင်သွင်း/တင်ပို့ ခွင့်ပြုချက်လိုင်စင် ထုတ်ပေးမှုအကြောင်းသိကောင်းစရာများ

လှမေ (ကုန်စည်ပြပွဲ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ကုန်စည်ပြပွဲများ လာရောက်ပြသခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ပြသခြင်းများအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့ရာ အစိုးရသစ် လက်ထက်မတိုင်မီ တစ်နှစ်လျှင် ပြည်တွင်းကုန်စည်ပြပွဲများ ဆယ်ဂဏန်း အောက်ရှိခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ဖြေလျှော့မှုများပေးခဲ့ခြင်း၊ ပွင့်လင်းမြင်သာမှုများ ရှိခြင်းတို့ကြောင့် ပြည်ပနိုင်ငံများမှ အသင်းအဖွဲ့များ၊ ကုမ္ပဏီများသည် တစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံစုံ ကုမ္ပဏီများဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ တစ်နှစ်ထက်တစ်နှစ် စိတ်ပါဝင်စားစွာဖြင့် လာရောက်ပြသခဲ့ပါသည်။ ပြည်တွင်းကုန်စည်ပြပွဲများနှင့် ပြည်ပသို့သွားရောက်ပြသသည့် ကုန်စည်ပြပွဲများအတွက် ခွင့်ပြုပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်တွင်းကုန်စည်ပြပွဲ ခုနစ်ပွဲနှင့် ပြည်ပကုန်စည်ပြပွဲ ၂၀ ပွဲ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်း ကုန်စည်ပြပွဲ ၂၂ ပွဲနှင့် ပြည်ပကုန်စည်ပြပွဲ ၂၉ ပွဲနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်တွင်းကုန်စည်ပြပွဲ ၃၃ ပွဲနှင့် ပြည်ပ ကုန်စည်ပြပွဲ ၃၂ ပွဲအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်တွင်း၌ ကုန်စည်ပြပွဲများ ကျင်းပခြင်းနှင့် ပြည်ပသို့ သွားရောက် ပြသခြင်းအားဖြင့် မြန်မာ့ထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ မြန်မာလုပ်ငန်းရှင်များ နိုင်ငံတကာ အတွေ့အကြုံများ၊ ဈေးကွက်အခြေအနေနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးခွင့်ရရှိခြင်း၊ ကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ နိုင်ငံတကာထုပ်ပိုးပုံ နည်းစနစ်များ၊ ထုတ်လုပ်သည့် နည်းစဉ်များ၊ အဆင့်မြင့်နည်းပညာများ ဖလှယ်ခွင့်ရရှိနိုင်ပြီး ယင်းပြပွဲများမှတစ်ဆင့် နိုင်ငံ၏ ပို့ကုန်ပမာဏနှင့် ကုန်သွယ်မှုပမာဏများ တိုးတက်မြင့်မားလာခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီးဝင်စေသည့် အခွင့်အလမ်းများ ရရှိစေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းကုန်စည် ပြပွဲများနှင့် ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသော နေရာဒေသများမှာ နေပြည်တော်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် တပ်မတော်ခန်းမ၊ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၊ Myanmar Event Park၊ တော်ဝင်စင်တာနှင့် ပုဂ္ဂလိကဟိုတယ်များတွင် လည်းကောင်း၊ မန္တလေးမြို့တွင် မန္တလေးမြို့တော်ခန်းမ၊ အမျိုးသားကဇာတ်ရုံနှင့် ပုဂ္ဂလိကဟိုတယ်များတွင် ကျင်းပလေ့ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-ဂျပန်၊ အာဆီယံ-ကိုရီးယား၊ တရုတ်-အာဆီယံကုန်စည်ပြပွဲများ ကျင်းပသကဲ့သို့ ပြည်ပနိုင်ငံများမှ စီးပွားရေး လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ နိုင်ငံတကာ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် နည်းပညာပြပွဲများ ကျင်းပပြသနိုင်ရေးအတွက် ပြခန်းပေါင်းထောင်ကျော် ပြသနိုင်သည့် နိုင်ငံတကာ အဆင့်မီပြပွဲ ခန်းမကြီးများ တည်ဆောက်သွားရန် လိုအပ်နေပါသည်။ မြန်မာနိုင်ငံမှ ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပလိုသည့် လုပ်ငန်းရှင်များ များပြားလာရာ ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများနှင့် ပတ်သက်၍ ကုမ္ပဏီလုပ်ငန်းရှင်များက ဌာနဆိုင်ရာများသို့ တင်ပြရမည့် အချက်အလက်များ သိရှိလေ့လာနိုင်ရေးအတွက် (အကျဉ်းချုံး) ဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက်ကျင်းပသည့် ပြည်တွင်းကုန်စည်ပြပွဲများ ပြသခွင့်နှင့် ယာယီ တင်သွင်း/တင်ပို့ခွင့်ပြုမိန့် ထုတ်ပေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ် မည့် ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပခွင့်ရရှိရေးနှင့် ပတ်သက်၍ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၁၆-၇-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ စက-၁၄/၂-၄၉/ ၂၀၁၂(၂) စာဖြင့် အတည်ပြုထုတ်ပြန်ထားသော ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ- "မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ" တွင် ပြပွဲကျင်းပခွင့်ပြုမိန့် ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနသို့ အနည်းဆုံးနှစ်လ ကြိုတင် တင်ပြပြီး ခွင့်ပြုမိန့်များ တောင်းခံကြရပါမည်။ ခင်းကျင်းပြသရန် အတွက် ပစ္စည်းများတင်သွင်းခြင်းကို အကြိမ်ကြိမ်အလီလီ တင်ပြခြင်းမပြုဘဲ တစ်ကြိမ်တည်းဖြင့် ကုန်စည်ပြပွဲ မကျင်းပမီ အနည်းဆုံး တစ်လ ကြိုတင် တင်ပြလျှောက်ထားရပါမည်။**

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသို့ နိုင်ငံခြားသံရုံး၊ အစိုးရဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ပြပွဲကျင်းပခွင့်ပြုရန် တင်ပြလျှောက်ထားလာပါက ယင်းဌာနများ ကိုယ်စား (Local Organizer) အဖြစ်တာဝန်ယူ ဆောင်ရွက်မည့်ကုမ္ပဏီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သက်တမ်းရှိ ထုတ်ကုန် သွင်းကုန်လုပ်ငန်း လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီ များဖြစ်ရပါမည်။ ထို့အပြင် ပြပွဲလာရောက်ကျင်းပလိုသည့် နိုင်ငံ/သံရုံး/ အဖွဲ့အစည်းမှ (Local Organizer) အဖြစ် တာဝန်ခံဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်ထားသည့် အထောက်အထားများ ပါရှိရမည့်အပြင် (Local Organizer) အဖြစ်ဆောင်ရွက်မည့်သူသည် မြန်မာနိုင်ငံ သားကုမ္ပဏီဖြစ်ရပါမည်။

ပြည်တွင်းပြပွဲတာဝန်ခံကျင်းပမည့် Local Organizer က ပြည်ပမှ လုပ်ငန်းရှင်များ ပြည်တွင်းသို့ လာရောက်ရာတွင် သွားလာတည်းခိုနေထိုင်ရေး၊ ဟိုတယ်များ စီစဉ်ပေးခြင်း၊ သတင်းနှင့် မီဒီယာကြော်ငြာခြင်း၊ ဖွင့်ပွဲအခမ်းအနားနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ရန် ဖိတ်ကြားခြင်း၊ ယဉ်ကျေးမှုကပွဲ၊ ရိုးရာစားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း ကိစ္စရပ်များ ညှိနှိုင်းစီစဉ်ပေးရပြီး ကုန်စည်ပြပွဲပြသ မည့်ပစ္စည်းများ တင်သွင်း/တင်ပို့ခွင့် ရရှိရေးအတွက် အကောက်ခွန်ရှင်းလင်း ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ပြည်တွင်းကုမ္ပဏီ (Forwarder) မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲမတိုင်မီအချိန်မီ ကြိုတင် တင်ပြ လျှောက်ထားရပါမည်။ ကုန်စည်ပြပွဲများ ပြသခွင့်လျှောက်ထားရာတွင် တင်ပြလျှောက်လွှာနှင့်အတူ ပြပွဲကျင်းပလိုသည့်သက်ဆိုင်ရာ တိုင်း/ ပြည်နယ်ဒေသကြီးအစိုးရအဖွဲ့၏ ပြပွဲကျင်းပရန် ခွင့်ပြုစာမိတ္တူနှင့် ပြပွဲကျင်းပပြုလုပ်လိုသည့်နေရာ (ခန်းမ)ပိုင်ရှင်၏ ငှားရမ်းပြီးစီးမှုအထောက်အထားမိတ္တူ၊ ပြသမည့် ပစ္စည်းစာရင်း၊ တန်ဖိုးစာရင်း (Invoices)များကို ပူးတွဲ တင်ပြရပါမည်။

Invoices များတွင် ပြသမည့် ပြည်ပကုမ္ပဏီများ၏ ပစ္စည်းအမျိုးအမည်၊ HS Code No. များ၊ ပစ္စည်းများ၏ စက်မှုဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည့်အပြင် ရောင်းချခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းများအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို လည်းရှင်းလင်းစွာ ဖော်ပြပေးရန်နှင့် ကုန်ပစ္စည်းတန်ဖိုးများကိုလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် ဖော်ပြပေးရပါမည်။

တိုင်းဒေသကြီး/ပြည်နယ်များ တွင် ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပလျက်ရှိရာ အချို့ပြပွဲများတွင် ယာယီ တင်သွင်းပြသမည့် ကုန်ပစ္စည်းများအတွက် ယာယီတင်သွင်း/တင်ပို့ခွင့်ပြု မိန့်လျှောက်ထားရန် မလိုအပ်သော်လည်း ကုန်စည်ပြပွဲ ကျင်းပခွင့်၊ ပြသခွင့်၊ ခွင့်ပြုမိန့်ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတည်ပြုထုတ်ပြန်ထားသော ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းများကျင်းပရာတွင် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရန် လိုအပ်ပါမည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲ၊ ကုန်စည်ပြပွဲဌာနစိတ်မှ ကုန်စည်ပြပွဲတွင် ပြသမည့် ပစ္စည်းစာရင်း အချက်အလက် (Invoices) များ အထောက်အထားများ အစုံအလင်ရရှိပြီးပါက ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီသို့ပြည်တွင်းတွင် ပြပွဲ ကျင်းပခွင့်နှင့် ပြသမည့်ပစ္စည်းများ ယာယီတင်သွင်း/တင်ပို့ခွင့်ရရှိရန် အမှာစာပြုစုတင်ပြ၍ ခွင့်ပြုမိန့်ရယူရပါသည်။ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီသို့ တင်ပြရာတွင် ပြသမည့် ပစ္စည်းများသည် သက်ဆိုင်ရာဝန်ကြီး ဌာနများ၏ ခွင့်ပြုထောက်ခံချက် ရယူရန် လိုအပ်သည့်ပစ္စည်းများ ဖြစ်ပါက သက်ဆိုင်သည့်ဝန်ကြီးဌာန အသီး သီးသို့ ခွင့်ပြုချက်တောင်းခံ၍ ခွင့်ပြုချက်ရရှိမှသာလျှင် ပြပွဲသို့ တင်သွင်းပြသခွင့် လိုင်စင်များ ထုတ်ပေးပါသည်။ အထူးသဖြင့် ပြသမည့်ပစ္စည်းသည် စားသောက်ကုန်များဖြစ်ပါက တင်သွင်းလာသည့် နိုင်ငံရှိအစိုးရအသိအမှတ်ပြု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲ ရေး ဦးစီးဌာန၏ စားသုံးရန် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် (Food and Drug Administration Certificate) ( FDA ) ပူးတွဲတင်ပြရန် လိုအပ်ပါမည်။ အစိုးရဌာနဆိုင်ရာ ထောက်ခံ ချက်လိုအပ်သောပစ္စည်းများမှာ -

ဥပမာ- (ဆက်သွယ်ရေးပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများ၊ အပင်မျိုးစေ့များနှင့် ခွင့်ပြုထောက်ခံချက် လိုအပ်သည့်ပစ္စည်းများ ------- စသည်တို့ ဖြစ်ပါသည်။)

**ဆက်လက်ဖော်ပြပါမည်။**

# Trade Facilitation & Trade Promotion

## ကျွဲကောသီးနှံဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ မွန်ပြည်နယ်တွင်ကျင်းပ

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့်ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မွန်ပြည်နယ်နဲ့ အဓိကသီးနှံမျိုးဖြစ်တဲ့ ကျွဲကောသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး မတ်လ ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပပါတယ်။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကန်ကလေးဥယျာဉ်ခြံခန်းမတွင် မတ်လ ၁၂ ရက်က ကျွဲကောသီးနှံဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နဲ့အမှုဆောင်များ၊ သစ်သီးဝလံအသင်းမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ဂျာမန်ဖွံ့ဖြိုးရေးအဖွဲ့ (GIZ) မှ Dr. Astrid Faust နှင့် မွန်ပြည်နယ်အတွင်းမှ ကျွဲကောစိုက် တောင်သူများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက အမှာစကားပြောကြားရာမှာ မွန်ပြည်နယ်ဟာ ကျွဲကောသီးနှံဖြစ်ထွန်း အောင်မြင်တဲ့ဒေသဖြစ်ပြီး၊ ပြည်တွင်းဖြန့်ဖြူးရောင်းချနေရုံဖြင့် ကျေနပ်မနေဘဲ ပြည်ပတင်ပို့တဲ့ အဓိကသီးနှံတစ်မျိုး ဖြစ်လာအောင် ဆောင်ရွက်စေလိုကြောင်း၊ မွန်ပြည်နယ်ရဲ့ အမှတ်အသားတစ်ခုဖြစ်အောင် စုပေါင်းဆွေးနွေးကြရန် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များကို စီမံချက်ရေးဆွဲအတည်ပြုကြရန်နှင့် အကောင်အထည်ဖော်နိုင်ရေး၊ မွန်ပြည်နယ် အစိုးရအဖွဲ့သို့တင်ပြရန် မှာကြားပါတယ်။ ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် ကျွဲကောသီးနှံအစုအဖွဲ့ဥက္ကဋ္ဌတို့မှ အမှာစကား ပြောကြားခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားအပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ "ကျွဲကောသီးနှံနှင့် မွန်ပြည်နယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ GIZ မှ ပညာရှင် Dr. Astrid Faust မှ "ကမ္ဘာ့ ကျွဲကောသီး ဈေးနှုန်းဈေးကွက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျွဲကောသီးအစုအဖွဲ့ခေါင်းဆောင် ဦးဝင်းရွှေမှ "လက်ရှိ ကျွဲကောသီးကဏ္ဍ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်သီးဝလံအသင်းမှ ဒေါ်မြလွင်လွင်အောင်က "သစ်သီးဝလံအသင်း၏ ကျွဲကောသီးကဏ္ဍအတွက် လုပ်ဆောင်ခဲ့မှုများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ် ကျွဲကောသီးအစုအဖွဲ့မှ ဒေါ်သန်းသန်းဆွေ (စိမ်းလဲ့တင်) က "ကျွဲကောဖျော်ရည်လုပ်ဆောင်ပုံအဆင့်ဆင့်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ကျွဲကော Value Chain မြေပုံ ကြမ်းရရှိရေးအတွက် သစ်သီးဝလံအသင်းမှ ကျွမ်းကျင်သူများဖြစ်သည့် ဒေါ်စန္ဒာမျိုးနှင့် ဒေါ်ဇင်မာသန်းတို့မှ အဓိက ပါဝင်ဆောင်ရွက်ကြကြောင်းသိရပါတယ်။

**စိုးမြင့်-မော်လမြိုင်**




## သထုံခရိုင်ရုံးတွင် အင်ဂျင်စက် ကိုင်တွယ် ထိန်းသိမ်းပြုပြင်မှုသင်တန်းဖွင့်

မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အများအပြားအသုံးပြုနေသော အင်ဂျင်စက် ကိုင်တွယ်ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းစဉ်များအား အခြေခံကျကျ ဆောင်ရွက်နိုင်ခြင်းဖြင့် ၎င်းလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်၍ အင်ဂျင်စက်ကိုင်တွယ်ထိန်းသိမ်းပြုပြင်မှုသင်တန်းအား မွန်ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယမြောက်ဖွင့်လှစ်ကျင်းပသည့် အင်ဂျင်စက်ကိုင်တွယ်ထိန်းသိမ်းပြုပြင်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကို၊ မတ်လ ၉ ရက်နေ့ နံနက် ၀၉:၀၀ နာရီအချိန်တွင် ခရိုင်ဦးစီးမှူးရုံး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန သထုံ ခရိုင်ရုံးတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ သင်တန်းဆရာများနဲ့ သင်တန်းသားများ တက်ရောက်ကြောင်း သတင်းရရှိပါတယ်။ သင်တန်းနဲ့ ပတ်သက်၍စားရေး၊ သောက်ရေး၊ သင်ထောက်ကူပစ္စည်းအစုံအလင်နဲ့ လိုအပ်ချက်များကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အကုန်အကျခံ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်လည်း ထုတ်ပေးသွားမှာဖြစ်ကြောင်းနဲ့ သင်တန်းကာလကို မတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့ထိ တစ်ပတ်ကြာ ပို့ချသွားမှာဖြစ်ကြောင်းလည်း သတင်းရရှိပါတယ်။ အလားတူ အင်ဂျင်စက် ကိုင်တွယ်ထိန်းသိမ်းပြုပြင်မှုသင်တန်းကို၊ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၆ ရက်ထိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန မွန်ပြည်နယ်ရုံးတွင်လည်း သင်တန်းသား ၄၀ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

**စိုးမြင့် - မော်လမြိုင်**

## မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းရုံးတွင် မတ်လ ၉ ရက်နေ့နံနက်၁၀း၀၀ နာရီက မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပခဲ့ပါတယ်။



အဆိုပါအခမ်းအနားသို့မော်လမြိုင်ကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လတ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ မြောင်းမြခရိုင်၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် ဖွင့်လှစ်ရခြင်းနဲ့ ရည်ရွယ်ချက်နှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာများကို ရှင်းလင်းခဲ့ပါတယ်။

မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် အလုပ်အမှုဆောင်အဖွဲ့ကို အလုပ်အမှုဆောင် ၁၅ ဦးဖြင့် အောင်မြင်စွာ ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါကြောင်း၊ မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ ဦးတုတ် (ခ) ဦးလှရွှေက မိတ်ဆက်စကားပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင် ဖွဲ့စည်းခြင်းမှာ ဧရာဝတီတိုင်းဒေသကြီး၏ ၁၂ ခုမြောက် ကုန်စည်ဒိုင်ဖြစ်ကြောင်းနဲ့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးခဲ့ပါတယ်။ မော်လမြိုင်ကျွန်း ဆန်စပါးကုန်စည်ဒိုင်ကို နာယက ၂ ဦး၊ အလုပ်အမှုဆောင် ၁၅ ဦး၊ အသင်းဝင် ၁၈ ဦး၊ စုစုပေါင်း ၃၅ ဦးဖြင့် စတင်ဖွဲ့စည်း ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။

**လှထွန်းဦး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**Organizations News**
Vol: 15, No.11 Monday March 16 2015

# ဗီယက်နမ်နိုင်ငံရဲ့ သကြားထုတ်လုပ်ရေးလုပ်ငန်းမှာ ထိရောက်တဲ့ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ဖို့ လိုအပ်



ဗီယက်နမ်နိုင်ငံက အပြည်ပြည်ဆိုင်ရာပေါင်းစည်းမှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်တွင်း သကြားထုတ်လုပ်ရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုကို အထောက်အကူပေးနိုင်ဖို့အတွက် ကုမ္ပဏီများပေါင်းစည်းရေးနဲ့ နည်းပညာသစ်များအသုံးချရေးအပါအဝင် ထိရောက်တဲ့ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ဖို့လိုကြောင်း VNS သတင်းမှာဖော်ပြထားပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(‘ဒဗလျူတီအို) နဲ့ အာဆီယံမှာထားခဲ့တဲ့ ကတိကဝတ်တွေအရ ဗီယက်နမ်နိုင်ငံက ပို့ကုန်ခွန်တွေအများကြီးလျှော့ချထားပြီးဖြစ်ကြောင်းကျွမ်းကျင်သူတွေနဲ့အရာရှိတွေက ပြောပါတယ်။ ယခုနှစ်အတွင်းမှာ ဗီယက်နမ်နိုင်ငံက သကြားတန်ချိန် ၈၁၀၀၀ အတွက် သွင်းကုန်ခွဲတမ်းကို အာမခံရမှာဖြစ်ပြီး သကြားကြမ်းအတွက် ၂၅ ရာခိုင်နှုန်းနဲ့ သကြားအဖြူအထည်ခွဲတမ်း ၄၀ ရာခိုင်နှုန်းကိုလျှော့ချပေးရမှာဖြစ်ပါတယ်။ ယခုနှုန်းထားက မူလရှိတဲ့ နှုန်းထားများဖြစ်တဲ့ ၈၀ ရာခိုင် နှုန်းနဲ့ ၈၅ ရာခိုင်နှုန်းကနေလျှော့ချပေးခဲ့ရတာဖြစ်ပါတယ်။

သွင်းကုန် ခွဲတမ်းကလည်း ဗီယက်နမ်နိုင်ငံ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့တဲ့ ၂၀၀၇ ခုနှစ်ကတစ်နှစ်ကို တန်ချိန် ၅၀၀၀၀ တင်သွင်းဖို့သတ်မှတ်ထားခဲ့ရာမှ တိုးမြှင့်သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။

ထို့အတူ မကြာသေးမီကာလကလည်း အာဆီယံမှာထားရှိတဲ့ ကတိကဝတ်အရဗီယက်နမ်ကအဖွဲ့ဝင်နိုင်ငံတွေအတွက် သကြားအကြမ်းနဲ့ အဖြူနှစ်ခုစလုံးအတွက် ဦးစားပေးအခွန်အဖြစ် ၅ ရာခိုင်နှုန်း လျှော့ချပေးခဲ့ရပါတယ်။ လာမယ့် ကုန်သွယ်မှုဆွေးနွေးပွဲတွေအရ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ ကြမ်းတမ်းတဲ့ အခြေအနေတွေဖြစ်ပေါ်လာစေနိုင်ပါတယ်။ ယခုလောလော ဆယ်မှာ စိုက်ပျိုးရေးနည်းစနစ်ညံ့ဖျင်းမှု၊ အထွက်တိုးမျိုးရှားပါးမှုနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက် သကြားထုတ်လုပ်မှုလုပ်ငန်းကိုဂယက်ရိုက်ခတ်မှုဖြစ်စေခဲ့ပါတယ်။

# အာဆီယံလေကြောင်းလုပ်ငန်း ပေါင်းစည်းရေး အရှိန်ရလာ

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကို ၂၀၁၅ ခုနှစ်အကုန်မှာ ဖွဲ့စည်းပြီးနောက်ပိုင်းရရှိလာမယ့် အကျိုးကျေးဇူးများကို ခံစားနိုင်ဖို့အတွက် အာဆီယံ တစ်ခုတည်းသော ဈေးကွက်ကိုတည်ထောင်ပြီး အာဆီယံဒေသကို ဥရောပ၊ တရုတ်၊ အိန္ဒိယနဲ့ တောင်ကိုရီးယားနိုင်ငံတို့ကို ချိတ်ဆက်သွားမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

မတ်လ ၁၃ ရက်မှာ ကုန်ဆုံးတဲ့ ယခုရက်သတ္တပတ်အတွင်း အာဆီယံနဲ့ ဥရောပဒေသမှ လေကြောင်းကျွမ်းကျင်သူများနဲ့ အမှုဆောင်အရာရှိ ၁၀၀ ကျော်ကို ဗန်ကောက်မြို့သို့ဖိတ်ကြားပြီး လေကြောင်းဆက်သွယ်မှုကို အခြေပြုလျက် အရှေ့တောင်အာရှမှာ အနာဂတ်လေကြောင်းသွားလာရေးဖွံ့ဖြိုးမှုကိစ္စကို ဆွေးနွေးခဲ့ပါတယ်။

ဒေသတွင်းမှာ စီးပွားရေးကဏ္ဍအားလုံး ပေါင်းစည်းပေးခြင်းဖြင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာတော့မှာဖြစ်ပြီး အာဆီယံပူးပေါင်းဆောင်ရွက်ရေးကဒေသဖွံ့ဖြိုးမှုအတွက် သတ်မှတ်ပေးထားတဲ့ ဦးစားပေးလုပ်ငန်း ၁၂ ရပ်ထဲမှာပါဝင်ကြောင်း ဘဏ္ဍာရေး၊ စက်မှုလုပ်ငန်းနဲ့ အခြေခံအဆောက်အအုံရေးရာ အာဆီယံညွှန်ကြားရေးမှူး ထရန်ဒေါင်ဖောင်းကပြောပါတယ်။

၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အာဆီယံဒေသက လေကြောင်းလုပ်ငန်းအတွက် ခိုင်မာတဲ့အခြေခံ အုတ်မြစ်တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ လမ်းပြမြေပုံအရ လွတ်လပ်သောကောင်းကင် (Open Skies) အစီအစဉ်ကို ဆောင်ရွက်ကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဈေးကွက်ရှာ ဖွေရေးလုပ်ငန်းများကို လွယ်ကူချောမွေ့ စွာဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွား မှာဖြစ်ပါတယ်။

ယခုအခါ နိုင်ငံအားလုံးက သဘောတူညီထားပြီးဖြစ်တဲ့အတွက် အာဆီယံနိုင်ငံတွေက “ပဥ္စမလွတ်လပ်ခွင့်”ကို ရရှိထားပြီးဖြစ်တယ်လို့ သူက ပြောပါတယ်။ ဒီလွတ်လပ်ခွင့်က ကူးသန်းရောင်းဝယ်ရေးလေကြောင်းလိုင်း တွေရဲ့ ရပိုင်ခွင့်တစ်ခုဖြစ်တဲ့ လွတ်လပ်စွာပျံသန်းခွင့်အခွင့်အရေးအမျိုးအစား တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ပိုင်ခွင့်က နိုင်ငံတစ်နိုင်ငံရဲ့ လေကြောင်းလိုင်းတွေကို တခြားနိုင်ငံလေကြောင်းပိုင်နက်အတွင်း ဝင်ခွင့်ပေးရတာဖြစ်ပါတယ်။ ပဥ္စမလွတ်လပ်ခွင့်က မိမိကိုယ်ပိုင် တိုင်းပြည်မှ ထွက်ခွာလာတဲ့ လေကြောင်းခရီးကို တခြားနိုင်ငံနှစ်နိုင်ငံကို ဝင်ရောက်ခွင့်ပြုတဲ့အခွင့်အရေးဖြစ်ပါ တယ်။ လွတ်လပ်သော မိုးကောင်းကင်မူဝါဒကို ယခုနှစ်အကုန်မှာ အပြီးသတ် အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း သူက ပြောပါတယ်။

# ဒဗလျူတီအိုနဲ့ မော်ရေးရှပ်တို့ ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူညီချက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူ တီအို) က ချမှတ်ထားတဲ့ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူညီချက် (General Agreement of Trade in Services -GATS) နဲ့အညီ ဆောင်ရွက်မယ့် ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူ ညီချက် (Trade in Services Agreement -TISA) စေ့စပ်ညှိနှိုင်းမှုတွေမှာ မော်ရေးရှပ်နိုင်ငံက ပါဝင်ဆောင်ရွက်မှာဖြစ်ကြောင်း allafrica.com ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

GATS က ဒဗလျူတီအိုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီသဘောတူညီချက်အရ စေ့စပ်ညှိနှိုင်းမှုတွေကို အထပ်ထပ်ပြုလုပ်ပြီး ဝန်ဆောင်မှုကုန်သွယ်ရေးကို ဖြေလျှော့မှုတွေပြုလုပ်ရာမှာ ထိထိရောက်ရောက်ပြုလုပ်ဖို့ အဖွဲ့ဝင်နိုင်ငံတွေကို နှိုးဆော်ထားပါတယ်။

ဩစတြေးလျ၊ ချီလီ၊ အမေရိကန် ပြည်ထောင်စု၊ ဂျပန်နဲ့ နယူးဇီလန်တို့အပါအဝင် နိုင်ငံ ၂၄ နိုင်ငံ၊ အကောက်ခွန်နယ်မြေနှစ်ခုနဲ့ စီးပွားရေးသမဂ္ဂ (ဥရောပသမဂ္ဂ)တစ်ခုတို့က ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူညီမှု စေ့စပ်ညှိနှိုင်းမှုတွေမှ တစ်ဆင့် အဖွဲ့ပေါင်းစုံ ချဉ်းကပ်ဖြေရှင်းတဲ့ပုံစံနဲ့ဆောင်ရွက်သွားဖို့ သဘောတူညီထားပါတယ်။

TISA တွင် ပါဝင်ခြင်းအားဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်နဲ့အညီ အီးယူကိုအဆိုပြုထားတဲ့ စည်းကမ်းချက်တွေနဲ့အညီကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတွေကိုမော်ရေးရှပ်နိုင်ငံက အလားတူစည်းကမ်းသတ်မှတ်ချက်တွေနဲ့ ဈေးကွက်ကိုဝင်ရောက်ဖို့ ကမ်းလှမ်းချက်တွေပေးခဲ့ပါတယ်။

GATS ကိုဖန်တီးနိုင်မှုက ဥရုဂွေးဆွေးနွေးပွဲနဲ့ ထင်ရှားတဲ့ အမှတ်အသား တစ်ခုဖြစ်ပြီး ဒီဆွေးနွေးပွဲကရရှိလာတဲ့ ဆုံးဖြတ်ချက်တွေကို ၁၉၉၅ ခုနှစ် ဇန်နဝါရီကစတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

# သဘာဝဘေးအန္တရာယ်များကြောင့် အေပက်အဖွဲ့က လယ်ယာစိုက်ပျိုးရေး အာမခံလုပ်ငန်း တိုးမြှင့်



ဖိလစ်ပိုင်နဲ့ အခြားအာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Asia-Pacific Economic Cooperation-APEC) အဖွဲ့ဝင်နိုင်ငံ ၂၀ တို့က သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိမှု ပိုမိုတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးအာမခံကို တိုးမြှင့်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ဖီးလ်စတားဝက်ဘ်ဆိုက်သတင်းမှာဖော်ပြပါတယ်။

အာဆီယံဒေသဟာ တိုင်ဖုန်း မုန်တိုင်းတိုက်ခတ်မှု၊ ရေလွှမ်းမိုးမှု၊ မြေငလျင်လှုပ်မှုနဲ့ မီးတောင်ပေါက်ကွဲမှုစတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ အထိအတွေ့မြင့်မားတဲ့ ဒေသတစ်ခုဖြစ်ပေမယ့် အဲဒီဒေသတွင် နိုင်ငံတွေအနေနဲ့ အာမခံထားရှိမ နိမ့်ကျကြောင်း ဖိလစ်ပိုင်နိုင်ငံ ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂီးဘဲထရန်က ပြောပါတယ်။

ဝင်ငွေနိမ့်ကျတဲ့အိမ်ထောင်စုတွေနဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ သဘာဝဘေးအန္တရာယ်ကြီးတွေနဲ့ ကြုံတွေ့တဲ့အခါ အာမခံအကျိုးခံစားခွင့်တွေရရှိနိုင်ဖို့အတွက် အာမခံလုပ်ငန်းဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားဖို့ အေပက်အဖွဲ့ဝင်နိုင်ငံတွေက ထောက်ခံကြောင်း ဘဲထရန်ကပြောပါတယ်။

သဘာဝဘေးအန္တရာယ်က သီးနှံတွေ သို့မဟုတ် ကျွဲနွားတွေ ထိခိုက်ပျက်စီးမှုရှိအောင်ပြုလုပ်တဲ့အခါ ဆုံးရှုံးမှုတွေအတွက် လျော်ကြေးငွေများရရှိစေခြင်းဖြင့် လယ်သမားတွေစားနပ်ရိက္ခာထုတ်လုပ်မှုကို တည်ငြိမ်မှု ရှိစေတဲ့အတွက် လယ်ယာစိုက်ပျိုးရေး အာမခံလုပ်ငန်းက စားနပ်ရိက္ခာလုံခြုံမှုရရှိဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

အာရှ-ပစိဖိတ်ဒေသမှာဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ဆုံးရှုံးမှုတွေက နှစ်စဉ်ဒေါ်လာဘီလီယံ ၂၀၀ ခန့်ရှိပြီး ဒီပမာဏအနက်က အာမခံထားရှိတာက တစ်ဝက် ပင်မရှိတာကို တွေ့ရပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ကယ်ဆယ်ရေး၊ လျှင်မြန်စွာ နာလန်ထူရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကိုအထောက်အကူပေးဖို့အတွက် အများပြည်သူအရင်းအမြစ်တွေသုံးပြီး ပြန်လည်နေရာချထားရေးကိုသာ အကြီးအကျယ်မှီခိုနေရပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပိုင်ဆိုင်ပစ္စည်းတွေကို လုံလောက်စွာအကာ အကွယ်ပေးနိုင်ဖို့အတွက် အာဆီယံဒေသမှာ လိုအပ်ချက်တွေရှိနေကြောင်း ဘဲထရန်ကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ယခုနှစ်ဖိလစ်ပိုင်စီးပွားရေးတိုးတက်မှု ခြောက်ရာခိုင်နှုန်းကျော်မည်

ဖိလစ်ပိုင်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းက အစိုးရခန့်မှန်းထားတဲ့ ခုနစ်ရာခိုင်နှုန်းနဲ့ ရှစ်ရာခိုင်နှုန်းကို မမီတဲ့တိုင်အောင် ယခုနှစ်အတွင်းမှာ ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ပြီး ၂၀၁၄ ခုနှစ်က စံချိန်တင်ထားခဲ့တဲ့ ၆ ဒသမ ၁ရာခိုင်နှုန်းကိုကျော်လွန်မှာဖြစ်ကြောင်း အင်္ဂလန်နဲ့ဝေလနယ်ရှိ စာရင်းကိုင်များအသင်း Institute of Chartered Accounts in English and Wale (ICAEW)ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အခြေခံအဆောက်အအုံဆိုင်ရာ ပြဿနာများက ဆက်လက်တည်ရှိနေဆဲ ဖြစ်ပြီးယခုနှစ်ထဲမှာလျှပ်စစ်ဓာတ်အား ပြတ်တောက်မှုတွေကလည်း ဆက်လက်တည်ရှိနေပြီးစံချိန်တင်မြင့်တက်လာခဲ့တဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ခြိမ်းခြောက်နေဦးမှာဖြစ်ပါတယ်။ ဒီပြဿနာတွေ ဖြေရှင်းနိုင်ဖို့အတွက် ပြည်သူ့ဘဏ္ဍာရေး ထောက်ပံ့မှုကသာ ဖိလစ်ပိုင်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို အားပေးနိုင်မှာဖြစ်ပါတယ်လို့ ICTEW က ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့စီးပွားရေးက ၂၀၁၄ ခုနှစ်မှာ ၆ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့တဲ့အတွက် ၂၀၁၃ ခုနှစ်ကစံချိန်တင်ထားတဲ့ ၇ ဒသမ ၂ ရာခိုင်နှုန်း အောက်လျော့ကျနေဆဲဖြစ်ပါတယ်။ ယခုတိုးတက်နှုန်းက အစိုးရက ရည်မှန်းထားတဲ့ ၆ ဒသမ ၅ ရာခိုင်နှုန်းကို မမီသေးပေမယ့် ယခုကာလအတွင်း အခြားအာရှနိုင်ငံတွေရရှိခဲ့တဲ့ တိုးတက်နှုန်းကိုတော့ ကျော်လွန်နေပါတယ်။ အာကွီနို အစိုးရက ၂၀၁၀ပြည့်နှစ်ကစတင်အကောင် အထည်ဖော်ခဲ့တဲ့ ပုဂ္ဂလိကအစိုးရ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ပီဆို ၁၃၅ ဘီလီယံရှိ အခြေခံအဆောက်အအုံစီမံကိန်းကို ဆောင်ရွက်နေပါတယ်။

တိုင်းပြည်ရဲ့အခြေခံအဆောက်အအုံ ထပ်မံတိုးတက်ရေးနဲ့ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖို့ နောက်ထပ်ပီဆို ၆၂၅ ဘီလီယံ အသင့်ရှိကြောင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးစင်တာက ဒီဇင်ဘာလအတွင်းက ကြေညာထားပါတယ်။

# ထိုင်းရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဆက်သွယ်ရေး စီမံကိန်းများချမှတ်

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ ပိုမိုထုတ်ဖော်ပေးနိုင်ဖို့နဲ့ ခရီးသွားရောက်ရှိမှုတိုးတက်လာဖို့အတွက် ရည်ရွယ်ပြီး ထိုင်းနိုင်ငံက အိမ်နီးချင်းနိုင်ငံတွေနဲ့ ချိတ်ဆက်သွားနိုင်မယ့်ဆက်သွယ်ရေးစီမံကိန်းတွေကို သယ်ယူပို့ဆောင်ရေးဝန်ကြီးက ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာဖော်ပြထားပါတယ်။

အစိုးရကဆက်သွယ်ရေးတွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ နိုင်ငံအတွင်းရှိ ပင်လယ်ဆိပ်ကမ်းတွေမှာသာမက အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်နွယ်နေတဲ့ နယ်စပ်ဒေသတွေနဲ့ ရေကြောင်း သယ်ယူပို့ဆောင်ရေး အဆက်အသွယ်တွေကိုပါ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း ပင်လယ်ရေကြောင်းဌာနအကြီးအကဲ ချူလာဆုပ်မန်နော့က ဘန်ကောက်ရှိ ကွန်ဖရင့်တစ်ခုမှာ အစိုးရရဲ့ အခြေခံဆောက်အအုံစီမံကိန်းတွေနဲ့ပတ်သက်လို့ ပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့တယ်။

ပထဝီ တည်နေရာအနေအထားအရ ထိုင်းနိုင်ငံက အရှေ့တောင်အာရှအတွက် အချက်အချာကျတဲ့ ဆက်သွယ်ရေးဗဟိုဌာနဖြစ်လာနိုင်ပါတယ်။ ထိုင်းအစိုးရက ဥရောပရဲ့ ဗဟိုချက်မမှာရှိနေပြီး ပတ်ဝန်းကျင်ကို ကုန်းလမ်း၊ ရေလမ်းနဲ့ လေကြောင်းလမ်းတွေက ဆက်သွယ်နိုင်တဲ့ ဂျာမနီနိုင်ငံလို အနေအထားမျိုးထူထောင်ဖို့ စီစဉ်လျက်ရှိပါတယ်။

ဆက်သွယ်ရေးကောင်းမွန်တဲ့အတွက် စီးပွားရေးအခွင့်အလမ်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရနိုင်သလို နိုင်ငံခြား ခရီးသွားတွေလည်း ပိုမိုလာရောက်ကြမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးစနစ်တွေ ပိုမိုတိုးတက်ကောင်းမွန်လာမယ်ဆိုရင် အကျိုးကျေးဇူးအသီးအပွင့် တွေပိုမိုခံစားနိုင်လိမ့်မယ်လို့လည်း ပြောပါတယ်။

အာဆီယံနိုင်ငံတွေက လေကြောင်းသယ်ယူပို့ဆောင်ရေးဈေးကွက်တွေကို ဖွင့်ပေးတော့မှာဖြစ်တဲ့အတွက် ထိုင်းနိုင်ငံ အတွင်းကိုလေကြောင်း လိုင်းတွေ ပိုမိုရောက်ရှိလာစေနိုင်တယ်လို့ ချူလာကပြောပါတယ်။ ဒွန်မောင်းလေဆိပ်က လောလောဆယ်မှာ တစ် ရက်ကိုခရီးစဉ် ၇၀၀ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်ရက်ကို ခရီးစဉ် ၈၀၀ကိုစီစဉ်ဆောင်ရွက်နေတဲ့ သုဝဏ္ဏဘုမ္မိ လေဆိပ်နဲ့ နှိုင်းယှဉ်ရင် အနည်းငယ်သာ ကျဆင်းပါတယ်။

# စင်ကာပူနိုင်ငံက အွန်လိုင်းမိုတယ်များမှတစ်ဆင့် အက်စ်အမ်အီးများကို ကူညီဖို့ ကြိုးပမ်း

နည်းပညာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) က ဆောင်ရွက်လျက်ရှိရာမှာ အပြုသဘောလက္ခဏာများတွေ့ရှိနေပြီဖြစ်ပေမယ့် တီထွင်ဆန်းသစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပေးနိုင်အောင်လည်း ကုန်သွယ်ရေးနဲ့စက်မှုလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း ဝန်ကြီး တီအိုဆာလပ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးစီအင်အေသတင်းမှာ ဖော်ပြ ထားပါတယ်။



"အက်စ်အမ်အီးကဏ္ဍကို ထုတ်လုပ်မှုစွမ်းရည်မြင့်တက်ပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိတဲ့ ကဏ္ဍတစ်ခုအဖြစ် ထူထောင်ရေးက စင်ကာပူနိုင်ငံစီးပွားရေးကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေးက အက်စ် အမ်အီး လုပ်ငန်းတွေအတွက် လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး"လို့ မတ်လ ၉ ရက်က ကျင်းပတဲ့ ၂၀၁၅ ခုနှစ်ဖြန့်ဖြူးရေးကော်မတီ ဆွေးနွေးပွဲမှာ သူက ပြောပါတယ်။

"ဒါကြောင့်လည်းပြန်လည်ဖွဲ့စည်းရေး လုပ်ငန်းကိုကြိုးပမ်းဆောင်ရွက်ရာမှာ အစိုးရက အလယ်အလတ်လမ်းစဉ်ကို ချမှတ်ပြီးမမြန်လွန်းမနှေးလွန်းတဲ့ နှုန်းနဲ့သွားနိုင်အောင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အားလုံးကိုခြုံကြည့်ရင် အက်စ်အမ်အီးကဏ္ဍက ပြုပြင်ပြောင်းလဲရေးကို ကြိုးပမ်းရင်းစွမ်းဆောင်ရည် တိုးတက်အောင်ဆောင်ရွက်နေတဲ့ အပြုသဘောလက္ခဏာတွေကို တွေ့ရမှာဖြစ်ပါတယ်"။

ထုတ်ပေးတဲ့ အထောက်အပံ့တွေကို အက်စ်အမ်အီးတွေ ပိုမိုရရှိနိုင်ဖို့အတွက် လာမယ့်နှစ်ထဲမှာ အကောင်အထည်ဖော်တော့မယ့် အွန်လိုင်းမိုတယ်စီမံကိန်းရဲ့ပထမဆင့်ကို ဝန်ကြီးကကြေညာခဲ့ပါတယ်။ မိုတယ်မှာပါဝင်နေတဲ့ အေဂျင်စီ ၁၀ခုထဲမှာ SPRING, IE Singapore, WDA, Design Singapore, MPA, MDA, IDA, STB , BCA နဲ့ NPark တို့ ပါဝင်ပါတယ်။

အစိုးရကချည်းအစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရုံဖြင့် မလုံလောက်နိုင်ကြောင်းနဲ့ ကုမ္ပဏီတွေကလည်း ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်တက်လာအောင် ပြုပြင်ပြောင်းလဲပြီး တီထွင်ဆန်းသစ်မှုရှိအောင် လုပ်ရမယ်လို့ သူက ပြောပါတယ်။

# မလေးရှားစီးပွားရေးဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကစားသုံးမှုကအဓိက မောင်းနှင်အားဖြစ်

ပုဂ္ဂလိက စားသုံးမှုကြောင့်ဖြစ်ပေါ်လာမယ့် ပြည်တွင်းဝယ်လိုအားက ယခုနှစ် မလေးရှားစီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိက မောင်းနှင်အားဖြစ်ကြောင်း မလေးရှားဗဟိုဘဏ် (Bank Negara)ရဲ့ ၂၀၁၄ နှစ်ပတ်လည် အစီရင်ခံစာကို ကိုးကားပြီးစတားအွန်လိုင်း သတင်းမှာ ဖော်ပြထားပါတယ်။

ပြည်ပမှာဖြစ်ပေါ်နေတဲ့ အကျပ်အတည်းတွေနဲ့ မကြာမီပြဌာန်းတော့မယ့် အိမ်ထောင်စုအသုံးစရိတ်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ရှိနေပေမယ့် ယခုနှစ်အတွင်းမှာ မလေးရှားစီးပွားရေးက ပုံမှန်အတိုင်းတိုးတက်လာလိမ့်မယ်လို့ဗဟိုဘဏ်ကခန့်မှန်းထားပါတယ်။

ရည်မှန်းချက်ထားတဲ့ အဖွဲ့တွေကို အစိုးရကပေးမယ့် ကူညီရေး အစီအမံတွေနဲ့ အလုပ်သမားဈေးကွက်အခြေအနေ ကောင်းမွန်မှုကြောင့်ကုန်စည်နဲ့ ဝန်ဆောင်မှုခွန်၊ အိမ်ထောင်စုအသုံးစရိတ်အပေါ် ကျရောက်လာမယ့် အကျိုးသက်ရောက်မှုတွေကို သက်သာခွင့်ရစေနိုင်ပါတယ်။ စွမ်းအင်အတွက် ကုန်ကျစရိတ်နဲ့ အစားအစာဈေးနှုန်းတွေကျဆင်းမှုကြောင့် ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် ငွေကြေးဖောင်းပွမှုနှုန်းကလည်း ကျဆင်းနိုင်ပါတယ်။

ပို့ကုန်ဘက်ကိုဖြည့်ရင် မတည်ငြိမ်မှုတွေရှိနေပေမယ့် တိုးတက်လာမယ်လို့ ခန့်မှန်းထားတဲ့ အမေရိကန်စီးပွားရေးနဲ့ ဒေသတွင်းရှိ စီးပွားရေးတွေ ရေရှည်တိုးတက်မယ့် အလားအလာတွေက နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းကိုမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။စွမ်းအင်ဈေးတွေ ကျဆင်းနေတဲ့အတွက် ရေနံတင်သွင်းတဲ့ နိုင်ငံတွေရဲ့ ဝယ်လိုအား မြှင့်တက်လာစေလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

သတ္တုတူးဖော်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကျဆင်းမှုနဲ့ ကုန်ချောထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ကျဆင်းတဲ့အတွက် ပုဂ္ဂလိက ကဏ္ဍရဲ့ရင်းနှီးမြှုပ်နှံမှုကျဆင်းမယ်လို့ ဗဟိုဘဏ်က ခန့်မှန်းထားပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ကွာလာလမ်ပူ

အငြိမ်းစားလစာ ကောင်းကောင်းမွန်မွန်ရဖို့ အခက်အခဲရှိနေသေးတဲ့အတွက် မလေးရှားရှိုန်ထမ်း ၇၆ ရာခိုင်နှုန်းက လက်ရှိပင်စင်ယူတဲ့သက်တမ်း အသက် ၆၀ထက် ကျော်လွန်ပြီး အသက် ၆၀နဲ့ ၆၅ အကြားအငြိမ်းစားယူဖို့ စဉ်းစားနေကြောင်း မတ်လ ၁၂ ရက်ကထုတ်ပြန်တဲ့ Randstad Workmonitor ရဲ့ ၂၀၁၅ ခုနှစ် ပထမသုံးလပတ် အစီရင်ခံစာကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

### နယူးဒေလီ

အာမခံလုပ်ငန်း ကဏ္ဍမှာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ၂၆ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းသို့တိုးမြှင့်ပေးတဲ့ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီရဲ့ ဥပဒေမူကြမ်းကို အိန္ဒိယ အထက်လွှတ်တော်က မတ်လ ၁၂ ရက်မှာ အတည်ပြုပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

### နယူးယောက်

ကမ္ဘာပေါ်မှာ ရေနံထုတ်လုပ်မှု အလျှံပယ် ကြွယ်ဝလာချိန်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံလက်ကျန် မြင့်မားလာတဲ့အတွက် မတ်လ ၁၂ ရက်နေ့မှာ ရေနံစိမ်းဈေးနှုန်းများကျဆင်းခဲ့ရာ အမေရိကန်ပြည်ထောင်စု အနောက်တက္ကဆပ် (WTI) ရေနံစိမ်းဈေးက အမေရိကန်ဒေါ်လာ ၁ဒသမ ၁၂ ဒေါ်လာကျဆင်းပြီး တစ်စည်ကို ၄၇ ဒသမ ၀၅ ဒေါ်လာနှုန်းထိ ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော် ပြထားပါတယ်။

### စင်ကာပူ

စင်ကာပူနိုင်ငံရဲ့ လက်လီအရောင်းဈေးများမှာ ဒီဇင်ဘာက ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ရာမှ မတ်လမှာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မတ် ၁၃ ရက်မှာ စင်ကာပူစာရင်းအင်းဌာနက ထုတ်ပြန်တဲ့စာရင်းများကို ကိုးကားပြီး rttnews သတင်းမှာ ဖော်ပြထားပါတယ်။

## South East Asia

# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ရှယ်ယာတွေကို ပိုမိုရောင်းချလာတဲ့အတွက် ရှယ်ယာဈေးကွက်များ ကျဆင်း

မတ်လ ၉ ရက်နေ့စတော့ဒိုင်တွေ ပိတ်သိမ်းချိန်မှာ ဗီယက်နမ်မြောက်ပိုင်းနဲ့တောင်ပိုင်းဒေသရှိရှယ်ယာများတန်ဖိုး ကျဆင်းခဲ့ကြောင်း VNA သတင်းမှာ ဖော်ပြပါတယ်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေက ရှယ်ယာကို အရောင်းသက်သက်သာ ဖြစ်စေခဲ့ပါတယ်။ ရောင်းချတဲ့ရှယ်ယာ စုစုပေါင်းမှာ လေးသန်းနီးပါးရှိပြီး တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၁၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း)ရှိပါတယ်။ ယခင်ရက်ကနဲ့နှိုင်းယှဉ်ပါက ဟန္နိုင်းမှာ ၇ဒသမ ၀၂ ရာခိုင်နှုန်းနဲ့ ဟိုချီမင်းစီးတီးမှာ ၁ ဒသမ ၀၂ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာတာကိုတွေ့ရပါတယ်။

ဟိုချီမင်းစီးတီးဈေးကွက်မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေရောင်းချမှု အများဆုံးဖြစ်ပါတယ်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက ရောင်းချတဲ့ ရှယ်ယာများမှာ ၄ ဒသမ ၃ သန်းရှိပြီး ၃၀ ဒသမ ၃၇ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၁၁၅ ဘီလီယံ(ဒေါ်လာ ၅ ဒသမ ၄၈ သန်း)ရှိခဲ့ရာ ၁၀ ဒသမ ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ဟန္နိုင်းဈေးကွက်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့က အဝယ်သက်သက်ဖြစ်ပါတယ်။ ဒါပေမယ့်သူတို့ရဲ့ ဝယ်ယူမှုပမာဏနဲ့ ရောင်းဝယ်မှုတန်ဖိုးက ၃၈ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၅၉ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး ကျဆင်းပြီး ၂၈၂၆၆၀ ရှယ်ယာနဲ့ တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၂ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၁၃၈၀၀၀) အသီးသီး ရှိခဲ့ပါတယ်။

အားလုံးခြုံငုံတွက်ချက်ရင် ဈေးကွက်နှစ်ခုစလုံးမှ ရောင်းဝယ်မှုက ရှယ်ယာ ၁၃၇ သန်းရှိပြီး တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၂ ဒသမ ၃၆ ထရီလီယံ(ဒေါ်လာ ၁၁၂ သန်း)ရှိခဲ့ပါတယ်။

## East Asia

# ရင်းနှီးမြှုပ်နှံမှုကျဆင်းတဲ့အတွက် ဂျပန်နိုင်ငံရဲ့ စတုတ္ထသုံးလပတ်စီးပွားရေးဖွံ့ဖြိုးမှုကို လျှော့ချခန့်မှန်း

ငွေလုံးငွေရင်း အသုံးစရိတ် ကျဆင်းတဲ့အတွက် စတုတ္ထသုံးလပတ်မှာဂျပန်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက မူလခန့်မှန်းထားတာထက် ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် စားသုံးသူသုံးစွဲမှု ပြန်လည်မြင့်တက်လာတာက စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကိုအားပေးနိုင်ပါ့မလားဆိုတဲ့ စိုးရိမ်မှုတွေမြင့်တက်စေခဲ့ပါတယ်။

နှစ်အလိုက် နှိုင်းယှဉ်မည်ဆိုပါက အောက်တိုဘာမှ ဒီဇင်ဘာသုံးလအတွင်း ဂျပန်စီးပွားရေးက ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း မတ်လ ၉ ရက်က ဝန်ကြီးအဖွဲ့ဝင်ရုံးက ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။ ပဏာမတိုးတက်မှုနှုန်းဖြစ်တဲ့ ၂ ဒသမ ၂ ရာခိုင်နှုန်းနဲ့နှိုင်းယှဉ်ရင်တော့ ဂျီဒီပီတိုးတက်မှုနှုန်းက ကျဆင်းနေတာကို တွေ့ရပါတယ်။

စတုတ္ထသုံးလပတ်မှာ စားသုံးသူသုံးစွဲမှုမြင့်တက်လာတဲ့အတွက် ဂျပန်စီးပွားရေးရဲ့ တချို့အစိတ်အပိုင်းတွေ တိုးတက်မှုရှိနေကြောင်း ပြသနေပါတယ်။ ဒါပေမယ့် ငွေလုံးငွေရင်းမတည်အသုံးစရိတ် ကျဆင်းနေတာကို ကြည့်ခြင်းအားဖြင့် ဘဏ္ဍာရေးနဲ့ငွေကြေးတိုးချဲ့မှုနဲ့ ဖွဲ့စည်းတည်ဆောက်ပုံအပြောင်းအလဲတွေက ကုမ္ပဏီကြီးတွေ ဝင်ငွေတိုးတက်ရေး၊ လုပ်ခလစာ တိုးမြှင့်ရေးနဲ့ စီးပွားရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်မဆောင်ရွက်နိုင်သေးတာကို ပြသလျက် ရှိပါတယ်။

အကယ်၍ ရေနံစိမ်းဈေးနှုန်းကျဆင်းမှုက ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်အောင် ဆောင်ရွက်မှုတွေကို အဟန့်အတား ဖြစ်စေမယ်ဆိုရင်တော့ လှည့်လည်ငွေကြေး မြင့်တက်အောင် ထပ်မံဆောင်ရွက်ဖို့ လိုမှာဖြစ်ကြောင်း ဒုတိယအုပ်ချုပ်ရေးမှူး ဟီရိုရှိနာကာဆိုက စီးပွားရေးတိုးတက်နှုန်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်ကိုပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုးရိမ်မှုတွေနဲ့ပတ်သက်ပြီး ပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ စီးပွားရေးက သုံးလပတ်အလိုက် နှိုင်းယှဉ်မယ်ဆိုရင် စတုတ္ထသုံးလမှာ သုည ဒသမ ၄ ရာခိုင်နှုန်းနဲ့ ပဏာမခန့်မှန်းချက်နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၆ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပါတယ်။ စတုတ္ထသုံးလပတ်ဂျီဒီပီဖွံ့ဖြိုးမှုနှုန်း နည်းပါးရသည့်အဓိကအချက်မှာ စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ လက်ကျန်နည်းပါးမှုကြောင့် ဖြစ်ပါတယ်။

## EU

# ဂရိနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမူကြမ်းက အထောက်အကူဖြစ်နိုင်

ချေးငွေတွေကို ပိတ်ဆို့မထားစေရန်အတွက် ယူရိုဇုန်ဝန်ကြီးများထံသို့ ဂရိနိုင်ငံကတင်ပြသောပြုပြင်ပြောင်းလဲ ရေးမူကြမ်းမှာအထောက်အကူပြုနိုင်တဲ့ အလားအလာရှိပါတယ်။ ဒါပေမယ့် ဂရိနိုင်ငံကို ငွေထုတ်ချေးထားတဲ့ မြီရှင်နိုင်ငံတွေရဲ့စိစစ်မှုကိုခံယူဖို့လိုသေးကြောင်း ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများပါဝင်တဲ့ အဖွဲ့ဖြစ်တဲ့ Eurogroup ရဲ့အကြီးအကဲက ပြောပါတယ်။

မြီရှင်တွေနဲ့ဆွေးနွေးပွဲတွေကို ချက်ချင်းပြန်လည်စတင်ဖို့တောင်းဆိုထားတဲ့ ဂရိနိုင်ငံအစိုးရရဲ့ အကြောင်းကြားစာကို မတ် ၆ ရက်ရရှိခဲ့ပြီးနောက် ဂရိနိုင်ငံနဲ့ဆွေးနွေးရာမှ ဦးဆောင်နေတဲ့ ဂျီရိုအန်း ဒီဆဲပလိုအမ်က ယခုလိုပြောခဲ့တာဖြစ်ပါတယ်။ ယခင်အစိုးရက သဘောတူထားပြီးဖြစ်တဲ့ ရည်မှန်းချက်တွေကို ပြည့်မီအောင် ဆောင်ရွက်ရေးအတွက် Eurogroup က ဆောင်ရွက်ဖို့ဆန္ဒရှိနေတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ခုနစ်ချက်ကိုလည်း သူကပြောကြားခဲ့ပါတယ်။

ဒီရည်မှန်းချက်တွေကို ပြည့်မီအောင် ဆောင်ရွက်ပြီးတာနဲ့တစ်ပြိုင်နက် ယူရိုဇုန်နဲ့အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ထံမှ ချေးငွေတွေထပ်မံရရှိမှာဖြစ်ပြီး ဥရောပဗဟိုဘဏ်(ECB) ဈေးကွက်လုပ်ငန်းတွေမှာ ဂရိနိုင်ငံ ဗဟိုဘဏ်တွေက ပါဝင်ခွင့်ရတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ယခုလကုန်မှာ ဂရိအစိုးရထံမှာ ငွေပြတ်တော့မှာဖြစ်တဲ့အတွက် အချိန်က အလွန်နီးကပ်နေပြီဖြစ်ပါတယ်။

ဂရိနိုင်ငံရဲ့ အဓိကမြီရှင်တွေက ယူရိုဇုန်အစိုးရများနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ ဖြစ်ပါတယ်။ မြီရှင်တွေကိုယ်စားပြုထားတာက သုံးပွင့်ဆိုင်(Trioka) အဖွဲ့ဖြစ်ပြီး ဥရောပကော်မရှင် ဥရောပဗဟိုဘဏ်နဲ့ အိုင်အမ်အက်ဖ်တို့ ဖြစ်ပါတယ်။

## US

# အမေရိကန်ပြည်ထောင်စုစီးပွားရေးနာလန်ထူမှုကြောင့် အိန္ဒိယပို့ကုန် အနည်းငယ်သာ မြင့်တက်နိုင်

အိန္ဒိယနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းတွေက ဒီဇင်ဘာနဲ့ ဇန်နဝါရီမှာ ကျဆင်းခဲ့ပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုမှာစီးပွားရေး အလားအလာတွေ မြင့်တက်လာတဲ့အတွက် အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဒီလိုမြင့်တက်မှုနှုန်းနည်းပါးရတာက ကုန်စည်ဈေးနှုန်း ကျဆင်းတာတွေကြောင့်ပို့ကုန်တန်ဖိုးကို လျော့ကျစေတယ်ဆိုတဲ့အချက်နဲ့ အမေရိကန်ပြည်ထောင်စုမှာ အိန္ဒိယကုမ္ပဏီတွေအတွက် ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာတွေနဲ့ ကြုံတွေ့နေတယ်ဆိုတဲ့အချက်တွေကြောင့်ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ သူ့ရဲ့ကုန်သွယ်မှု ဈေးကွက်တွေကိုဖြန့်ကြက်ထားဖို့ ကြိုးပမ်းလျက်ရှိရာ ၂၀၁၄ ဧပြီ၊ ဒီဇင်ဘာကာလအတွင်း အိန္ဒိယရဲ့ ဦးတည်ချက်ပို့ကုန်ဒေသအဖြစ် ဥရောပသမဂ္ဂ (အီးယူ) ဒေသကို ဦးတည်ဆောင်ရွက်ခဲ့ရာ အီးယူကိုတင်ပို့မှုက ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ခြောက်နိုင်ငံတို့သို့ တင်ပို့မှုထက် ပိုမိုလာတာကို တွေ့ရပါတယ်။

ဒါပေမယ့်ပို့ကုန်လုပ်ငန်းအားလုံးကိုခြုံကြည့်ရင် ရေနံထုတ်ကုန်ပစ္စည်းများအပါအဝင် ကုန်စည်ဈေးနှုန်းတွေ ကျဆင်းမှုကြောင့် အထိနာခဲ့တာကို တွေ့ရပါတယ်။

အမေရိကန်နိုင်ငံမှာ ဖေဖော်ဝါရီလအတွင်းက အလုပ်အကိုင်သုံးသိန်းနီးပါး ဖန်တီးနိုင်မှုနဲ့ အလုပ်လက်မဲ့နှုန်းက ၅ ဒသမ ၅ ရာခိုင်နှုန်းနဲ့ စီးပွားပျက်လွန်ကာလနောက်ပိုင်း အနိမ့်ဆုံးနှုန်းသာရှိခဲ့တဲ့အတွက် အမေရိကန်စီးပွားရေးတိုးတက်မယ့် မျှော်လင့်ချက်တွေကို တွေ့မြင်နေရပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံမှာ စီးပွားရေးအပြည့်အဝ နာလန်ထူဖို့ကတော့ ခန့်မှန်းရခက်ခဲနေပါသေးတယ်။

အမေရိကန် ပြည်ထောင်စုက အိန္ဒိယရဲ့ ထိပ်တန်းပို့ကုန်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး လက်ရှိဘဏ္ဍာရေးနှစ် ပထမကိုးလမှာ တင်ပို့မှုကဒေါ်လာ ၃၂ ဒသမ ၄၄ သန်းရှိပြီး ၁၂ ဒသမ ၇၇ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်နိုင်ငံမှာ လက်လီအရောင်းတွေကျဆင်းပြီး လာမယ့်ရက်သတ္တပတ်မှာကျင်းပမယ့် အမေရိကန်ဗဟိုဘဏ်မူဝါဒအစည်းအဝေးအတွက် စောင့်ကြည့်လေ့လာနေကြပေမယ့် အမေရိကန်ဒေါ်လာတန်ဖိုးက ပြန်လည်ဦးမော့လာတာကိုတွေ့ရပါတယ်။ ဒါကြောင့် မတ် ၁၃ ရက်မှာ အာရှဒေသရှိငွေကြေးအများစု တန်ဖိုးကျဆင်းလာတာကို တွေ့ရပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ လက်လီရောင်းချမှုတွေ ဖေဖော်ဝါရီလအတွင်းမှာ မျှော်လင့်မထားလောက်တဲ့ အထိကျဆင်းခဲ့တဲ့အတွက် မတ်လ ၁၃ ရက်မနက်ပိုင်းက ဒေါ်လာဈေးကျပြီး ဒေသတွင်းငွေကြေးတွေ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒီအခြေအနေကြောင့် အမေရိကန်ဗဟိုဘဏ်က ဇွန်လမှာ အတိုးနှုန်းတွေမြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့မျှော်လင့်ချက်တွေကို လျော့ကျစေခဲ့ပါတယ်။ လာမယ့် မတ် ၁၇ ရက်မှာ ကျင်းပမယ့် အမေရိကန်ဗဟိုဘဏ်ရဲ့ နှစ်ရက်ကြာ အစည်းအဝေးကို ဈေးကွက်က စောင့်ကြည့်နေတဲ့အတွက် ထွန်းသစ်စအာရှငွေကြေးတွေက ရင်းနှီးမြှုပ်နှံသူတွေအတွက် မက်မောလောက်စရာ ဖြစ်မလာသေးပါဘူး။

အာရှဘက်ကိုကြည့်ပါက အာရှဒေသရှိ ငွေကြေးအာဏာပိုင်အဖွဲ့တွေက တိုးတက်နှုန်းနှေးကွေးနေတဲ့ စီးပွားရေးနဲ့ငွေတန်ဖိုးကျို့နေတာကို ကုစားဖို့အတွက် ငွေကြေးမူဝါဒတွေကို လျှော့ချနေတာကို တွေ့ရပါတယ်။

ကယ်တင်မှုဈေးငွေပြန်လည်ပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး ဂရိနဲ့ ဥရောပ မြို့ရှင်တို့ ဆွေးနွေးပွဲတွေသောင်မတင် ရေမကျဖြစ်နေတာကိုလည်း ရင်းနှီးမြှုပ်နှံသူတွေက စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေကြပါတယ်။

**တရုတ်ယွမ်**

ငွေကြေးတန်ဖိုး ကျဆင်းတာက စီးပွားရေးကို အထောက်အကူဖြစ်စေတယ်ဆိုတဲ့အယူအဆကို တရုတ်ခေါင်းဆောင်တွေက တိုက်ဖျက်မယ်လို့ ပြောကြားခဲ့ပြီးနောက်ပိုင်း ဟောင်ကောင်မှာရောင်းဝယ်နေတဲ့ တရုတ်ယွမ်ရဲ့ တန်ဖိုးက သီတင်းပတ်အတွင်း မြင့်တက်လာတာကို တွေ့ရပါတယ်။

ယခု ရက်သတ္တပတ်အတွင်းမှာ ယွမ်ငွေတန်ဖိုးက ဟောင်ကောင်မှာ ညနေ ၄ နာရီ ၄၅ မိနစ်က သုည ဒသမ ၁၈ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၇၃၇ ယွမ်နှုန်းထိရောက်ရှိခဲ့ရာ ငါးရက်အတွင်း တိုးတက်မှုက ဖေဖော်ဝါရီ ၆ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယပို့ကုန် လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ရောင်းချမှု များလာတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ မတ် ၁၃ ရက်က ဒေါ်လာရူပီးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆၂ ဒသမ ၄၃ ရူပီးနှုန်းဖြစ်ပြီး သုည ဒသမ ၀၇ ရူပီးနှုန်း မြင့်တက်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်တွင်းစတော့ဈေးကွက်မှာ အိန္ဒိယစတော့ရှယ်ယာတွေ ဈေးနှုန်း မြင့်တက်မှုဟာလည်း ရူပီးတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

နယူးယောက်ဈေးကွက်မှာ ယူရို/ဒေါ်လာဖလှယ်နှုန်းက တစ်ယူရိုကို ၁ ဒသမ ၀၆၃၆ ဒေါ်လာနှုန်း ရှိခဲ့ရာမှ တိုကျိုဈေးကွက်မှ တစ်ယူရိုကို ၁ ဒသမ ၀၆၁၅ ဒေါ်လာနှုန်းထိ ယူရိုတန်ဖိုးကျဆင်းခဲ့ပါတယ်။ ယူရိုတန်ဖိုးက မတ်လ ၁၂ ရက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၅ အောက်ကျဆင်းပြီး ၁၂ နှစ်အတွင်းရှိခဲ့တဲ့ဈေးတွေအနက် အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ ယန်းငွေနဲ့ ဖလှယ်ရာမှာ ယူရိုတန်ဖိုးက တစ်ယူရို ၁၂၉ ဒသမ ၀၀ ယန်းကနေ ၁၂၀ ဒသမ ၉၀ ယန်းကို ကျဆင်းခဲ့ပါတယ်။ ဒေါ်လာ/ယန်းဖလှယ်နှုန်းက ၁၂၁ ဒသမ ၂၉ ယန်းကနေ ၁၂၁ ဒသမ ၄၂ ယန်းထိ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်ငွေကြေးတန်ဖိုးကို ထူးထူးခြားခြားလျှော့ချခံနေရတယ်လို့ ခံစားမိကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားပြီးနောက်ပိုင်း တန်ဖိုးကျနေတဲ့ရင်းဂစ်တန်ဖိုးက ရက်သတ္တ နှစ်ပတ်အတွင်းရှိခဲ့တဲ့ ဖလှယ်နှုန်းများအနက် အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ရေနံဈေးနှုန်းများ ကျဆင်းမှုကြောင့် မလေးရှားရင်းဂစ်တန်ဖိုးက လွန်ခဲ့တဲ့ခြောက်လအတွင်း စွမ်းဆောင်မှုအညံ့ဆုံးဖြစ်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက မတ်လ ၁၂ ရက်မှာ သုည ဒသမ ၇ ရာခိုင်နှုန်းမြင့် တက်ပြီး တစ်ဒေါ်လာကို ၃ ဒသမ ၆၉၈၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယား ဗဟိုဘဏ်က လစဉ်ကျင်းပတဲ့ မူဝါဒအစည်းအဝေးမှာ ဘဏ်ရဲ့ အခြေခံအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချပြီး ၁ ဒသမ ၇၅ ရာခိုင်နှုန်း သတ်မှတ်ကြောင်း ကြေညာခဲ့ပါတယ်။ ဗဟိုဘဏ်ကကြေညာချက်ထွက်လာပြီးနောက်ပိုင်း လနှစ်ဆယ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဈေးများအနက် အနိမ့်ဆုံးရောက်နေရာမှ ဝမ်ငွေကြေးတန်ဖိုးက ပြန်လည်မြင့်တက်ခဲ့ပါတယ်။ ဝမ်ငွေကြေးတန်ဖိုးမတ် ၁၁ ရက်ဈေးပိတ်စဉ်က တစ်ဒေါ်လာ ၁၁၃၆ ဒသမ ၄ ဝမ်နှုန်း ရှိရာမှ ၁၁၂၆ ဒသမ ၄ ဝမ်နှုန်း ရောက်ရှိကာ ဝမ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း တွေ့ရပါတယ်။

**ထိုင်းဘတ်**

ထိုင်းဘတ်ငွေတန်ဖိုးက သီတင်းပတ်အတွင်း ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ယခင်နှစ်သြဂုတ်လနောက်ပိုင်းငွေကြေးဖလှယ်နှုန်းအနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ ဘတ်ငွေတန်ဖိုးက မတ် ၁၂ ရက်နောက်ပိုင်း အနိမ့်ဆုံးသို့ရောက်ရှိပြီး တစ်ဒေါ်လာကို ၃၂ ဒသမ ၉၂ ဘတ်နှုန်းရှိခဲ့ပါတယ်။ အဲဒီနှုန်းဟာ ဇန်နဝါရီ ၇ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်


# ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချ

သုံးနှစ်အတွင်း ထိုင်းစီးပွားရေးက အနှေးကွေးဆုံးနှုန်းနဲ့တိုးတက်ခဲ့ပြီးနောက် တစ်ကမ္ဘာလုံးမှာ ငွေကြေးမူဝါဒလျှော့ချမှု တွေ တစ်သီကြီးဆောင်ရွက်နေတဲ့ လမ်းစဉ်ကိုလိုက်ကာ ထိုင်းဗဟိုဘဏ်ကလည်း ယခုနှစ်မှာပထမဆုံးအကြိမ်အဖြစ် ဗဟိုဘဏ်အတိုးနှုန်းကိုလျှော့ချပေးခဲ့ပါ တယ်။

ထိုင်းဗဟိုဘဏ်က ဘွန်းစာချုပ်တစ်ရပ် ဝယ်ယူသောအတိုးနှုန်းကို ငွေကြေးမူဝါဒကော်မတီအဖွဲ့ဝင်တွေက ထောက်ခံမဲ လေးမဲ၊ ကန့်ကွက်မဲ သုံးမဲနဲ့ ၁ ဒသမ ၇၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ကြောင်း မတ် ၁၁ ရက်နေ့ကပြောပါတယ်။

ရေနံဈေးနှုန်းတွေကျဆင်းသဖြင့် ငွေကြေးဖောင်းပွမှုနှုန်းပါကျဆင်းခဲ့တဲ့အတွက် ယခုနှစ်အတွင်း ငွေကြေးလှုံ့ဆော်တွန်းအားပေးမူဝါဒကိုကျင့်သုံးတဲ့ ဗဟိုဘဏ် အရေအတွက်ကနောက်ထပ်ဘဏ် ၂၀ တိုးတက်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ပို့ကုန်က ဒုတိယနှစ်အဖြစ် ဆက်လက်ကျဆင်းပါတယ်။ တရုတ်နိုင်ငံမှာ စီးပွားရေးတိုးတက်နှုန်း နှေးကွေးတဲ့အတွက် ထိုင်းနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းကျဆင်းမယ့် အလားအလာရှိတယ်လို့ ထိုင်းငွေကြေးအာဏာပိုင်အဖွဲ့က ပြောပါတယ်။

ငွေကြေးဖောင်းပွနှုန်းကျဆင်းခြင်းနဲ့အတူ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု တိုးတက်မှုနှုန်းကျဆင်းနေတာက ထိုင်းဗဟိုဘဏ်အတွက် ရွေးချယ်စရာကင်းမဲ့စေခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းဝယ်လိုအား ထင်သလောက်တိုးတက်လာဦးမှာ မဟုတ်တဲ့အတွက် အတိုးနှုန်းလျှော့ချပေးရုံနဲ့ စီးပွားရေးကို ထိထိရောက်ရောက် တိုးတက်လာစေမှာမဟုတ်ပါဘူးလို့ စင်ကာပူရှိ DBS Group Holdings Ltd. မှလေ့လာဆန်းစစ်ရေးမှူး ဂန်ဒီခါယာဒီက ပြောပါတယ်။



# OCBC ဘဏ်ရဲ့ ငွေလက်ကျန်ကို လက်ဗွေဖြင့် စစ်ဆေးနိုင်ပြီ

မိုဘိုင်းဖုန်းတွေ အသုံးပြုနေတဲ့ OCBC ဘဏ်ရဲ့ ဖောက်သည်တွေက လက်ချောင်းကလေးနဲ့ စမတ်ဖုန်းကို တို့လိုက်ရုံနဲ့ စမတ်ဖုန်းတွေပေါ်မှာ သူတို့ရဲ့ဘဏ်လက်ကျန်ကို စစ်ဆေးနိုင်တော့မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ဘဏ်ငွေစာရင်း၊ ဘဏ်ကတ်နဲ့ ရင်းနှီးမြှုပ်နှံမှု အသေးစိတ်အချက်အလက်တွေကို စစ်ဆေးနိုင်တော့မှာဖြစ်ကြောင်း စီအန်အေသတင်းမှာ ဖော်ပြထားပါတယ်။

ယခုကျင့်သုံးတဲ့စနစ်ကို One Touch လို့ခေါ်ဆိုပြီး မတ်လ ၁၀ ရက်နေ့က စတင်ကျင့်သုံးခဲ့ပါတယ်။ ဒီလို ဘိုင်အိုမက်ထရစ်စနစ်ကို အသုံးပြုပြီး ဝန်ဆောင်မှုပေးတာက စင်ကာပူမှာ ပထမဆုံးအကြိမ်ဖြစ်ပါ တယ်။

“လက်ဗွေရာကနေတစ်ဆင့် စစ်ဆေးပြီး အွန်လိုင်းပေါ်ကဘဏ်ငွေစာရင်းကတ်နဲ့ ရင်းနှီးမြှုပ်နှံမှုရှင်းတမ်းကို ကြည့်နိုင်ဖို့ ဝန်ဆောင်မှုပေးတာတခြားဘယ်မှာမှမရှိသေးပါဘူး”လို့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ယခုဆောင်ရွက်ပေးနေတဲ့ ဝန်ဆောင်မှုအသစ်ကို အသုံးပြုရင် ဘဏ်ငွေစာရင်းလက်ကျန်ရဲ့ ရရန်ပိုင်ခွင့်နဲ့ ပေးရန်တာဝန်နှစ်ခုစလုံးကို အမြန်ဆုံးစစ်ဆေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးမှုမျိုးကို မိုဘိုင်းနဲ့ ဘဏ်အသွင်းအထုတ်လုပ်တဲ့လုပ်ငန်းရဲ့ ၆၀ လောက်ထိ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း OCBC ဘဏ်က ပြောပါတယ်။

ယခုဝန်ဆောင်မှုကို Apple ရဲ့ Touch ID နည်းပညာကို အသုံးပြုဆောင်ရွက်ပေးနေတာဖြစ်ပြီး Apple ရဲ့ လက်ဗွေအာရုံခံကိရိယာနဲ့ တွဲထားတဲ့ iOs 8 ကိရိယာနဲ့သုံးလို့ရပါတယ်။ အသုံးပြုနိုင်တဲ့ မိုဘိုင်းကိရိယာတွေထဲ မှာ iphone 5S, iphone 6 နဲ့ iphone Plus တို့ဖြစ်ပါတယ်။

စတင်ဆောင်ရွက်နိုင်ဖို့အတွက် PIN နံပါတ်နဲ့ Access Code နံပါတ်နဲ့ တစ်ကြိမ်ဖွင့်ပေးကြောင်း OCBC က ပြောပါတယ်။ နောက်ပိုင်းမှာတော့ ငွေစာရင်းအသေးစိတ်တွေကိုကြည့်ချင်ရင် လက်ဗွေကိုအသုံးပြုသွားလို့ရပါပြီ။

International Entertainment
Vol: 15, No.11 Monday March 16 2015



# "ဇနီးသည်က ပံ့ပိုးမှုတွေ ပေးခဲ့လို့ အောင်မြင်မှုရရှိခဲ့တာပါ" ဂျေမီဒိုနန်း

Fifth Shades of Grey ဇာတ်ကားနဲ့ အောင်မြင်မှုသရဖူကို ဆောင်းထားခဲ့တဲ့ ဂျေမီဒိုနန်းက သူအခုလိုအောင်မြင်မှုရရှိလာတာဟာ ဇနီးသည်ရဲ့ပံ့ပိုးကူညီမှုတွေကြောင့် ဖြစ်တယ်လို့ Contact music မှာ ဖော်ပြထားပါတယ်။

အဲဒီဇာတ်ကားကို ဖေဖော်ဝါရီ ၁၄ရက်က တစ်ကမ္ဘာလုံးမှာ ရုံတင်ပြသခဲ့ရာမှာ တစ်ရက်ထဲမှာပဲစံချိန်တင်လောက်တဲ့ဝင်ငွေတွေရခဲ့တာမို့ အားလုံး အံ့သြဘနန်း ဖြစ်ခဲ့ရပါတယ်။

လိင်အသားပေး ဇာတ်ကားတစ်ကားဖြစ်လို့ အားလုံးရဲ့ ဝေဖန်မှုတွေကိုခံနေရလို့ ဇနီးဖြစ်သူ အေမီလီဝါနာကတောင် သူ့ကိုပြစ်တင်ဝေဖန်ခဲ့တယ်ဆိုပြီး သတင်းစကားတွေ ထွက်ပေါ်ခဲ့ပါသေးတယ်။

ဒါပေမယ့်လည်းအဲဒီသတင်းစကားတွေဟာ ကောလာဟလတွေပါလို့ ဂျေမီက ပြန်လည်ပြောကြားခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာအောင်မြင်မှုတွေရရှိခဲ့တဲ့အတွက် ဂျေမီက ဇနီးသည်ကို ကျေးဇူးတင်တယ်လို့ ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရတဲ့ ဂျေမီနဲ့ ဒါကိုတာဂျွန်ဆင်တို့ရဲ့ ချစ်ခန်းကြိုက်ခန်းတွေကိုရိုက်ကူးဖို့ ပြင်ဆင်ရာမှာ သဏ္ဌာန်လုပ်သရုပ်တူဖို့အတွက် ဇနီးသည်ရဲ့အကူအညီကို ယူခဲ့ရတယ်လို့ ဂျေမီကပြောကြားခဲ့ပါတယ်။ "သူ(ဝါနာ)က ကျွန်တော့်ကိုပေးတဲ့ ဇာတ်ညွှန်းကိုဖတ်တယ်။ ပြီးတော့ အဲဒီဇာတ်ညွှန်းမှာပါတဲ့ သရုပ်ဖော်မှုတွေကို ဘယ်လိုသရုပ်ဆောင်ရမယ်ဆိုတာကို ပြောပြတယ်။ Fifty Shades ဆိုတာဘာလဲဆိုတာကို အပြည့်အဝ ပုံဖော်ပေးတာပေါ့ဗျာ"လို့ ဒေးလီးမေးလ်သတင်းစာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# အယ်လ်ဘမ်သစ်က သူ့အတွက် အရေးအကြီးဆုံး မဟုတ်ဘူးလို့ဆိုလိုက်တဲ့ ဘရစ်တနီစပီးယား

အမေရိကန်အဆိုတော်၊ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဘရစ်တနီစပီးအယားက သူ့ရဲ့နောက်ဆုံးထွက်မယ့် အယ်လ်ဘမ်သစ်ထက်သူ့မိသားစုအရေးကသာ အရေးအကြီးဆုံးဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။




ဘရစ်တနီက "ကျွန်မအတွက် ဒီအယ်လ်ဘမ်သစ်က အရေးမကြီးပါဘူး။ ကျွန်မဘဝမှာသားတွေကသာ အရေးကြီးပါတယ်။ သားနှစ်ယောက်ရဲ့ဘဝက ကျွန်မရဲ့ဘဝပါပဲ။ ကျွန်မရဲ့အယ်လ်ဘမ်သစ်ထွက်ရှိမှုဟာ တော်တော်လေးကို နောက်ကျနေတယ်လို့ဝေဖန်နေကြတယ်။ ဒါက မှန်ပါတယ်။ ကျွန်မဒီအယ်လ်ဘမ်ကို ဦးစားမပေးနိုင်ဘူး။ ကျွန်မရဲ့ကလေးတွေ ကျောင်းသွားဖို့၊ အားကစားလုပ်ဖို့၊ တခြားတခြားသော အရာတွေလုပ်ဖို့ ဒါတွေက အရေးကြီးပါတယ်"လို့ Billboard မဂ္ဂဇင်းကို ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် သူက သူ့ရဲ့ကလေးတွေဟာ ကားမောင်းတာကို အရူးအမူး စွဲလမ်းကြတယ်လို့ ဆိုပါတယ်။

ဘရစ်တနီဟာ သူ့ရဲ့နောက်ဆုံးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ လုပ်ဆောင်နေတာဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကတည်းကဖြစ်တဲ့အတွက် ဝေဖန်မှုများစွာနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။

ဘရစ်တနီဟာ သူ့ရဲ့နောက်ဆုံးအယ်လ်ဘမ်ဖြစ်တဲ့ Britney Jeans သီချင်းအယ်လ်ဘမ်ကို ၂၀၁၃ခုနှစ်က ဖြန့်ချိပြီးကတည်းက ထပ်မံထုတ်ဝေခြင်းမပြုနိုင်ခဲ့တာ အခု ၂၀၁၅ ရောက်တဲ့အထိပါပဲ။ အသက် ကိုးနှစ်အရွယ်ရောက်နေပြီဖြစ်တဲ့ ဆီးန်နဲ့ အသက်ရှစ်နှစ်အရွယ်သာရှိသေးတဲ့ ဂျေဒန်တို့ရဲ့ဘဝဟာ သူ့ဘဝပါလို့ ဘရစ်တနီက ပြောကြားလိုက်တာ ဖြစ်ပါတယ်။

# Dior ကို ကြော်ငြာပေးဖို့ လက်မှတ်ရေးထိုးလိုက်တဲ့ ရီဟားနား



ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရဲ့ အထင်ကရ ကုန်ပစ္စည်းအမျိုးအမည်တစ်ခုဖြစ်တဲ့ Dior ဟာ သူ့ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေကို ကြော်ငြာပေးဖို့ ဘာဘေဒီးယန်း အဆိုတော်မလေး ရီဟားနားနဲ့ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပါတယ်။

ရီဟားနားနဲ့ ပြင်သစ်ကုမ္ပဏီ Dior တို့ရဲ့ စာချုပ်သက်တမ်းဟာ မတ်လ ၁၃ ရက်နေ့က စတင်ခဲ့တာဖြစ်ပါတယ်။ ဒီစာချုပ်ကြောင့် ရီဟားနားဟာ Dior ရဲ့ လျှို့ဝှက်လှတဲ့ဖက်ရှင်ပြပွဲမှာ တစ်မူထူးခြားစွာပါဝင်လာရတော့မယ့် အဆိုတော်တစ်ဦးဖြစ်လာခဲ့ပါတယ်။

Dior ရဲ့ကြော်ငြာစီးရီးကို စတီဗင်ကယ်လင်းက ရိုက်ကူးပေးမှာဖြစ်ပြီး ဗာဆိုင်းနန်းတော် ပတ်ဝန်းကျင်မှာ ရိုက်ကူးမှာဖြစ်တယ်လို့ ဆိုပါတယ်။

"စီးရီးအလိုက်ရိုက်ကူးမယ့် ကြော်ငြာနဲ့ ပုံနှိပ်ဖော်ပြမယ့် ကြော်ငြာလုပ်ငန်းတွေရဲ့နာမည်ကို Serect Garden လို့ အမည်ပေးထားပါတယ်။ အဲဒီအစီအစဉ်ကို လာမယ့် နွေရာသီမှာ စတင်မှာဖြစ်ပါတယ်"လို့ Vogue ပြင်သစ်မဂ္ဂဇင်းနဲ့ Dior တို့ အင်တာဗျူးရာမှာ ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

ရီဟားနားဟာ အဆိုတော်တစ်ဦးဖြစ်ပေမယ့်လည်း ဖက်ရှင်ကြော်ငြာလောကမှာ နာမည်ရထားတဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ကျော်ကြားပြီးသား ကုန်အမှတ်တံဆိပ်တွေရဲ့ ဖက်ရှင်မယ်တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

သူ့ကြောင့်လည်း တချို့သောကုန်အမှတ်တံဆိပ်တွေဟာ နာမည်ကျော်ကြား လူသိများခဲ့ရတယ်လို့ အဲဒီမဂ္ဂဇင်းမှာဖော်ပြထားတယ်လို့ ဆိုပါတယ်။

Dior ဟာ အခုလောလောဆယ်မှာ ဂျနီဖာလောရင့်စ်၊ မာရီယွန်ကော်တီလာ့ဒ်၊ နာတာလီပို့တ်မင်းတို့နဲ့ သူ့ရဲ့ကုန်ပစ္စည်းအမှတ်တံဆိပ်ကို ကြော်ငြာနေဆဲဖြစ်ပါတယ်။ ယခင်က အီဗာဂရင်း၊ မီလာကူနစ်စ်နဲ့ ချားလ်သီရွန်တို့ဟာ Dior နဲ့ လက်တွဲခဲ့ဖူးတဲ့ သရုပ်ဆောင်တွေဖြစ်ကြတယ်လို့ ဆိုပါတယ်။

# မီသာဖက်တမင်းသုံးစွဲမှုနဲ့ တရားစွဲဆိုဖမ်းဆီးခံရပြန်တဲ့ ကင်ဆောင်မင်

ကိုရီးယား သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကင်ဆောင်မင်ဟာ မီသာဖက်တမင်းလို့ခေါ်တဲ့ စိတ်ကြွရူးသွပ်ဆေးပြားတွေကို ထပ်မံမှီဝဲခဲ့တဲ့အတွက် တရားစွဲဆိုခံရတော့မှာဖြစ်ပါတယ်။

ကင်ဆောင်မင်ဟာ တောင်ကိုရီးယားနိုင်ငံမှာ တားမြစ်ထားတဲ့ဆေးတစ်မျိုးဖြစ်တဲ့ မီသာဖက်တမင်း (Philophon) ကို သုံးစွဲခဲ့တဲ့အတွက် ဖမ်းဆီးဖို့ ဝရမ်းထုတ်ပြန်ထားတယ်လို့ kpop ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ဆောင်နမ်ဆူယောင် ရဲတပ်ဖွဲ့စခန်းမှာ ကင်ဆောင်မင်နဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေပြီလို့လည်း ဆိုပါတယ်။ ရဲတပ်ဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီးပြီဆိုရင် ကင်ဆောင်မင်ကို တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ တရားစွဲဆိုသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

အသက် (၄၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကင်ဆောင်မင်ဟာ မူးယစ်ဆေးဝါးမှုနဲ့ ၂၀၀၈ ခုနှစ်က ဖမ်းဆီးခံရသေးတယ်လို့လည်း ဆိုပါတယ်။

သူဟာ ၂၀၀၈ခုနှစ် ဧပြီလအတွင်းက ဖိလစ်ပိုင်နိုင်ငံကနေ မီသာဖက်တမင်းတွေ တင်သွင်းလာမှုနဲ့ပတ်သက်ပြီး သံသယရှိမှုနဲ့ ဖမ်းဆီးထိန်းသိမ်းခံရသေးတယ်လို့ ဆိုပါတယ်။



အဲဒီတုန်းက ကင်ဆောင်မင်ဟာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှာ ပါဝင်ပတ်သက်နေတာ ထင်ရှားတဲ့အတွက် ထောင်ဒဏ် နှစ်နှစ်ခြောက်လ ချမှတ်ခံခဲ့ရပါတယ်။

ကင်ဆောင်မင်ဟာ ၂၀၁၂ခုနှစ်အတွင်းမှာ Can We Get Married နဲ့ Can Take it Anymore စတဲ့ဇာတ်လမ်းတွေနဲ့ လူသိများလာတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ပြီး သူ့ရဲ့ ခံ့ညားလှတဲ့ရုပ်သွင်ကြောင့် ဆယ်ကျော်သက်ရွယ်တွေသာမက ပျိုပျိုရွယ်ရွယ်တွေရဲစိတ်ဝင်စားမှုကိုပါ ရရှိခဲ့တဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

သူနောက်ဆုံး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ Three Musketeers ဇာတ်လမ်းဟာ အောင်မြင်မှုတွေ များစွာရရှိခဲ့တဲ့ ဇာတ်လမ်းကောင်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။

# Myint Myat Maung Services CO.,Ltd.

## Car Sales & Service Center

**Auction Data Form (Cancelation) ပြ၍ ရောင်းပေးခြင်း၊ ဈေးနှုန်းကပ်၍ ရောင်းပေးနေခြင်းများကြောင့် ကီလိုမှန်၊ ဈေးနှုန်းမှန် အာမခံဖြင့် ရောင်းချပေးနေပါသည်။**



Toyota Corolla Fielder
2001(X G ED)
1500CC(Petrol)
PS,PW,AB,ABS
57 သိန်း + SLIP(TAXI)



Toyota Corolla Fielder
2008(X G-ED)
1500CC(Petrol)
PS,PW,AB,ABS,TV
173 သိန်း (အမည်ပေါက်)



Toyota Corolla Axio
2009(X)
1500CC(Petrol)
PS,PW,AB,ABS,TV
167 သိန်း (အမည်ပေါက်)



Toyota Landcruiser
1998(VX LTD G ED)
4700CC(Petrol)
PS,PW,AB,ABS,
AW,SR,TV
375 သိန်း (အမည်ပေါက်)



Toyota Caldina Van
2000(U)
1500CC(Petrol)
PS,AB,ABS
68 သိန်း + SLIP(TAXI)



Honda Airwave
2009(M)
1500CC(Petrol)
PS,PW,AB,ABS
165 သိန်း(အမည်ပေါက်)



Toyota Corolla fielder
2009(X_G-ED)
1500CC(Petrol)
PS,PW,AB,ABS,TV
170 သိန်း (အမည်ပေါက်)



Toyota Kluger
2000, (S-PKG)
2400CC(Petrol)
PS,PW,AB,ABS,AW,TV
199 သိန်း(အမည်ပေါက်)



Toyota Corolla Van
2001(DX)
2200CC(Diesel)
PS,AB,ABS
72 သိန်း + SLIP(TAXI)



Toyota Probox
2008(GL)
1500CC(Petrol)
PS,PW,AB,ABS,TV
100 သိန်း(အမည်ပေါက်)



Toyota Succeed
2009(UL)
1500CC(Petrol)
PS,PW,AB,ABS
113 သိန်း(အမည်ပေါက်)



Toyota Hilux Surf
1998 (SSR-X LTD)
3000 CC (Diesel)
PS, PW, SR, AW,
AB, ABS, IC
230 သိန်း (အမည်ပေါက်)

အမှတ်(၈/၁၂)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

☎ 09 5012633, 09 4222 05552, 09 43196377




## စိုက်ပျိုးရေးသမားများအားထားရာ .........

# မာလာမြိုင်

## စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုနေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

COMMERCE INTERNATIONAL

## လုပ်သားတိုးမြှင့်ခန့်ထားဖို့ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး တိုက်တွန်း

ငွေကြေးတန်ဖိုးကျံ့နေတာကို စိုးရိမ်မှုတွေမြင့်တက်နေချိန်မှာ တိုင်းပြည်စီးပွားရေး ပြန်လည်ရှင်သန်အောင် အစိုးရက ဆောင်ရွက်နေတာကို အထောက်အကူဖြစ်စေဖို့အတွက် ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်သားခန့်ထားမှုတွေ တိုးမြှင့်ဆောင်ရွက်လာအောင် တိုက်တွန်းဆောင်ရွက်သွားဖို့ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတွေကို တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးက မတ်လ ၁၃ ရက်မှာ တိုက်တွန်းပြော ကြားခဲ့ပါတယ်။ တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များရဲ့ ဦးစီးခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့ နေ့လယ်စာစားပွဲမှာ ဝန်ကြီးချိုင်ကျွန်းဝှန်က ယခုကဲ့သို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အနာဂတ်မရေရာမှုတွေနဲ့ ပြည်တွင်းစီးပွားရေး ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ရေရှည်ပြဿနာတွေကြောင့် အဓိကစီးပွားရေးညွှန်းကိန်းတွေ ကျဆင်းနေဆဲဖြစ်ကြောင်း သူက ပြောပါတယ်။ လုပ်ခလစာတွေ တိုးတက်မှုမရှိဘဲ တန့်နေခြင်း၊ မိသားစုကြွေးမြီ မြင့်တက်မှုနဲ့ အသက်အရွယ်ကြီးရင့်သူဦးရေ မြင့်တက်မှုတို့က ပြည်တွင်းစားသုံးမှုကို ကျဆင်းစေပြီး ကုမ္ပဏီတွေက ဝယ်လိုအားကျဆင်းတာနဲ့ စွန့်ဦးတီထွင်သူတွေကိုအားပေးမှုမရှိတဲ့အတွက် ကုမ္ပဏီ တွေကရင်းနှီးမြှုပ်နှံဖို့ လက်တွန့်နေကြောင်း ချိုင်က ပြောပါတယ်။ တိုင်းပြည် စီးပွားရေးနာလန်ထူမှုကို အဓိကဖိအားပေးနေတဲ့ ပြည်တွင်းစားသုံးမှုကျဆင်းတာကိုဖြေရှင်းဖို့ အဓိကသော့ချက်က လုပ်ခလစာတိုးမြှင့်ပေးဖို့ဖြစ်ကြောင်း ချိုင်ကပြောပါတယ်။

ကုမ္ပဏီတွေက ရှယ်ယာပိုင်ရှင်တွေနဲ့ အလုပ်သမားတွေကို သူတို့ရဲ့ အမြတ်အစွန်းတွေ ပိုမိုခွဲဝေပေးဖို့ အစိုးရက ဖိအားပေးလျက်ရှိပါတယ်။ ဒါမှသာ အပြန်အလှန်အားဖြင့် သူတို့ငွေကြေးတွေကို ပိုမိုသုံးစွဲလာနိုင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို အထောက်အကူပြုနိုင်ဖို့အတွက် စီမံကိန်းအမျိုးမျိုးကို ထောက်ပံ့ပေးမယ့် ဝမ်ထရီလီယံ ၃၀(ဒေါ်လာ ၂၆ဒသမ ၇ ဘီလီယံ) ရှိ ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အစိုးရက ဆောင်ရွက်ထားပါတယ်။

အလုပ်သမားတွေတိုးမြှင့်ခန့်ထားဖို့နဲ့ လုပ်ခလစာကိုတိုးပေးဖို့ကိစ္စ ညှိနှိုင်းတွက်ချက်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ကြောင်းနဲ့ စီးပွားရေးလုပ်ငန်းတွေက တစ်ပြိုင်နက်တည်းမှာ နှစ်ခုစလုံးကိုလုပ်ဖို့မဖြစ်နိုင်ကြောင်း ကိုရီးယားကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ပတ်ဟောင်မန်းကပြောပါတယ်။ လုပ်ခတွေနဲ့ လုပ်ငန်းခွန်တွေ တိုးမြှင့်ပေးတာနဲ့စာရင် အစိုးရစီမံကိန်းတွေက စီးပွားရေးနာလန်ထူမှုကို ပိုမိုစွမ်းဆောင်နိုင်လိမ့်မယ်လို့ သူကပြောပါတယ်။

## စင်ကာပူနိုင်ငံရဲ့ SkillsFuture သင်တန်းများတွင် အိုင်တီနဲ့ အချက်အပြုတ်သင်တန်းများပါဝင်



စင်ကာပူနိုင်ငံက ဆောင်ရွက်ပေးလျက်ရှိတဲ့ SkillsFuture အစီအစဉ်တွင် သင်တန်းအမျိုးမျိုးပါဝင်ပြီး ၎င်းသင်တန်းများတွင် အာကာသရေးရာပညာ၊ သတင်းအချက်အလက်နည်းပညာ(အိုင်တီ)၊ ကလေးသူငယ်များရဲ့ ပညာရေး၊ ဘာသာစကားနဲ့ အချက်အပြုတ်ပညာများပါ ပါဝင်ကြောင်း TODAY ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

တစ်ချိန်တည်းမှာ ယခုမူဘောင်အရဆောင်ရွက်နေတဲ့ လေ့ကျင့်ရေးသင်တန်းတွေက အရည်အသွေးမြင့်မားပြီးလုပ်ငန်းခွင်နဲ့ ဟပ်စပ်မိအောင် ဆောင်ရွက်ထားပါတယ်။ အစိုးရက လုပ်သား ကျွမ်းကျင်ရေးအတွက် ဆောင်ရွက်ရာမှာ SkillsFuture Credit ဆိုတဲ့ ချေးငွေအစီအစဉ်နဲ့လည်း အထောက်အပံ့ ပေးထားပါတယ်။

“ကျွန်တော်တို့ရည်ရွယ်ချက်က စင်ကာပူနိုင်ငံသားတွေက သူ့မှာလက်ရှိတည်ရှိနေဆဲကျွမ်းကျင်မှုတွေကို ပိုမိုထက်မြက်လာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်အပြင် ယခုလက်ရှိ နယ်ပယ်ရဲ့ ပြင်ပရှိနယ်ပယ်အသီးသီးက လုပ်ငန်းတွေကို ရွေးချယ်နိုင်ခွင့်ရှိအောင် ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်” လို့ လူအင်အားဝန်ကြီးဌာနဝန်ကြီး တန်ချွမ်ဂျင်းက ပြောပါတယ်။

ပေးမယ့်သင်တန်းတွေနဲ့ ပတ်သက်တဲ့ သတင်းအပြည့်အစုံကို မကြာမီ ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။ သင်တန်းသားတွေရဲ့ အရည်အသွေးပြည့်ဝစေဖို့အတွက် ပညာရေးဝန်ကြီးဌာန၊ စင်ကာပူလုပ်သားအင်အား ဖွံ့ဖြိုးရေးအေဂျင်စီနဲ့ တခြား ပြည်သူ့အေဂျင်စီတွေကလည်း ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ လုပ်သား အင်အား ဖွံ့ဖြိုးရေးအေဂျင်စီတို့က လက်ရှိလေ့ကျင့်ရေးမူဘောင်တွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆောင် ရွက်ပေးနေတဲ့ သင်တန်းတွေက လုပ်ငန်းနဲ့ လိုက်လျောညီထွေရှိစေဖို့အတွက် အဆင့်မြင့်ပညာသင်ကြားရေးဌာနက လုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ သင်ရိုးညွှန်းတမ်းတွေပြုစုလျက်ရှိပါတယ်။ လုပ်သားအင်အားဖွံ့ဖြိုးရေးအေဂျင်စီရဲ့ လုပ်သားကျွမ်းကျင်မှုအရည်အသွေး ပြည့်ဝရေးမူဘောင်ကိုလည်း တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 16th March 2015

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | | 2.3.2015 | | | | 13.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | | 23.2.2015 | | | | | |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 10.3.2015 | 11.3.2015 | 9.3.2015 | | 27.3.2015 | 22.3.2015 | 31.3.2015 |
| | S/O CUT | | | | | | | | 6.3.2015 | 7.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.3.2015 | 28.3.2015 | 26.3.2015 | | 7.4.2015 | 10.4.2015 | |
| | S/O CUT | | | | | | | | 23.3.2015 | 24.3.2015 | 22.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2015 | 8.4.2015 | | 11.4.2015 | | | | 23.4.2015 | 30.4.2015 |
| | S/O CUT | | | | | | 6.4.2015 | 4.4.2015 | | 7.4.2015 | | | | | |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | | 27.4.2015 | 25.4.2015 | | 6.5.2015 | 10.5.2015 | |
| | S/O CUT | | | | | | | | | 23.4.2015 | 21.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | 9.5.2015 | | 11.5.2015 | | | 19.5.2015 | 23.5.2015 | 30.5.2015 |
| | S/O CUT | | | | | | | 5.5.2015 | | 7.5.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။